# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် ၂၀၁၈ ခုနှစ်၊ မေ ၁၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၁၉၂)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ စကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ စကားဝိုင်း (PEACE TALK) ကို မေ ၁၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၁၀နာရီ မိနစ် ၂၀ မှ စတင်ပြီး Myanmar President Office နှင့် Myanmar State Counsellor Office Facebook Page များတွင် လည်းကောင်း၊ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MNTV၊ Channel 9၊ Skynet Up to Date၊ တိုင်းရင်းသား၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MOI Webportal Myanmar Facebook၊ MRTV Facebook နှင့် Myanmar Digital News Facebook Page တို့တွင် လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ပြည်သူများ သွားလာရေးအဆင်ပြေစေရန် မြောင်းမြမြို့ (၇)လမ်း ဆိပ်ကမ်းဇောတံတားမှ တစ်ဖက်ကမ်းရှိ ကွယ်လွယ် ပြည်တော်သာဆိပ်ကမ်းသို့ အခမဲ့ ပို့ဆောင်ပြေးဆွဲနေသည့် "တောသူမယ်" နှစ်ထပ်ရေယာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

# မြောင်းမြမြို့တွင် ခရီးသွားပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန် "တောသူမယ်" နှစ်ထပ်ရေယာဉ် အခမဲ့စတင်ပြေးဆွဲ

**မြောင်းမြ မေ ၉**

မြောင်းမြမြို့ ကြိုးတံတားပြတ်ကျခဲ့ပြီးနောက် ပြည်သူများ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ယနေ့နံနက်ပိုင်းမှစတင်၍ "တောသူမယ်" နှစ်ထပ်ရေယာဉ်အား အခမဲ့ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း အဆိုပါမြို့နယ်ရှိ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ သိရသည်။

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာဦးညီညီစန်းက "ကျွန်တော်တို့ "တောသူမယ်" နှစ်ထပ်ရေယာဉ်ကို ဒီနေ့မနက်ပိုင်းကနေ စတင်ပြီး ပြေးဆွဲပေးနေပါတယ်၊ မြောင်းမြမြို့ (၇)လမ်းသဘော်ဆိပ်နဲ့ ကွယ်လွယ်ဘက်က ပြည်တော်သာကူးတို့ဆိပ်ကို လူနဲ့ ဆိုင်ကယ်တွေတင်ပြီး ပြေးဆွဲပေးနေပါတယ်၊ ဒါကလည်း ဧရာဝတီတိုင်းဒေသကြီး အစိုးရရဲ့ ကြီးကြပ်မှုနဲ့ အခမဲ့ ပြေးဆွဲပေးတာပါ"ဟု ပြောကြားသည်။

"တောသူမယ်" နှစ်ထပ်ရေယာဉ်သည် ခရီးသည် ၂၀၀ နှင့် ကုန်တန်ချိန် ၅၀ တင်ဆောင်နိုင်ပြီး


*စာမျက်နှာ ၄ ကော်လံ ၁*


## နိုင်ငံတော်အစိုးရပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် ပညာရေးဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။


ရာဇဝတ်အထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာ စာမျက်နှာ-၄

မြင်းရိုင်းကိုစီး လိုရာခရီး ရောက်ကြစေချင် စာမျက်နှာ-၆

ရန်ကုန်တိုင်းဒေသကြီး ... (ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သင်္ကြန်ပွဲတော် ကျင်းပရန် ပြင်ဆင်ထားပြီးဖြစ် စာမျက်နှာ-၉


## မှတ်သားဖွယ်ရာ မိုးရေချိန်

| | |
|---|---|
| ပလက်ဝမြို့ | ၁ ဒသမ ၃၈ လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၁ ဒသမ ၃၀ လက်မ |
| ကိုကိုးကျွန်းမြို့ | ၁ ဒသမ ၂၂ လက်မ |
| ကန့်ဘလူမြို့ | ၀ ဒသမ ၆၆ လက်မ |
| တီးတိန်မြို့ | ၀ ဒသမ ၅၅ လက်မ |
| ကျောက်မဲမြို့ | ၀ ဒသမ ၄၇ လက်မ |




# ပညာရေးစနစ်နှင့် နိုင်ငံ့အနာဂတ်

နိုင်ငံတစ်ခု၏ အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးမှာ ပညာရေးဟု ဆိုကြလေ့ရှိ၏။ အထူးသဖြင့် ယနေ့ကာလလို ပညာ အရေးပါသော လူ့အဖွဲ့အစည်းတွင် ဖြစ်၏။ ယနေ့ခေတ်က ပညာမပါလျှင် နောက်ကျကျန်ခဲ့မည့်ခေတ်...။

အသိပညာ၊ အတတ်ပညာက လူ့ဘဝနေနည်း ထိုင်နည်းမှစ၍ ဘဝနိဂုံးအဆုံးသတ်ထိလိုအပ်နေပြီ။ လူ့ယဉ်ကျေးမှု တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အသိပညာ ၊ အတတ်ပညာ၊ နည်းပညာများက အံ့မခန်း တိုးတက်ပြောင်းလဲလာသည်။ ထိုတိုးတက်ပြောင်းလဲမှုများနှင့် အမီမလိုက်နိုင်သည့်နိုင်ငံများက နောက်ကျကျန်နေခဲ့ရပြီ။

နိုင်ငံငယ်များအဖို့ ထိုပညာရပ်များကို သိမီနားလည်ဖို့ကိုပင် အပြေးအလွှားလိုက်နေကြရတာဖြစ်ပေ၏။ သည်လိုထဲမှာမှ မြန်မာနိုင်ငံက ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်ကာ နှစ်ပေါင်းများစွာ အထီးကျန်နေခဲ့သည့်ဒဏ်၊ ဟိုးအဝေးကြီးမှာ ပြတ်ကျန်ခဲ့သောစီးပွားရေး တိုးတက်မှုဒဏ်တို့ကြောင့် ပညာရေးမှာလည်း လွန်စွာနောက်တန်းကျခဲ့ရသည်။

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အပြင်းအထန်ကြိုးပမ်းကာ အပြေးအလွှားလိုက်မည်ဆိုလျှင်ပင် အတော်လိုက်ရမည့်အခြေအနေဖြစ်သည်။

ပညာက ရှေ့ဆောင်သည့် လူ့လောကဖြစ်သည့်အတွက် ပညာနည်းပါးသည့်အခါ စာရိတ္တ၊ ကိုယ်ကျင့်တရား၊ စောင့်စည်းရမည့် လောကကျင့်ဝတ်တို့ပါ လျော့ပါးလာတတ်လေရာ ပညာရေးကို မြှင့်တင်ခြင်းဖြင့်သာ နိုင်ငံ၏ ရုပ်ပိုင်းတိုးတက်မှု၊ နိုင်ငံသူ နိုင်ငံသားတို့၏ စိတ်နေသဘောထားရင့်ကျက်မှုတို့ကို ရနိုင်ပါမည်။

မြှင့်တင်ပေးရမည့် မြန်မာ့ပညာရေးစနစ်မှာ အမြစ်ကစကာ ရေလောင်းပေါင်းသင်ရတော့မည်။ အထူးသဖြင့် ပညာရေးစနစ်ကို အမှန်တကယ်မြှင့်တင်ရန်မှာ မူလတန်းပညာရေးက စရမည်ဖြစ်ပါ၏။

ယခု မြန်မာ့ပညာရေးစနစ်ကို မြှင့်တင်ရန် ပညာရေးဝန်ကြီးဌာနက အဓိကတာဝန်ယူနေရပြီး ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် စီမံနေသည်တို့ကို တွေ့ရ၏။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "မူလတန်းပညာရေးဟာ ပညာရေးစနစ်တစ်ခုလုံးရဲ့အရေးကြီးဆုံး အခြေခံအုတ်မြစ်" ဟု ဆိုပြီး ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်းမှာ မည်သည့်ခွဲခြားမှုမှ မရှိရေး၊ အားလုံးပညာသင်နိုင်ရေး၊ ကျောင်းထွက်သူမရှိရေး မူဝါဒများဖြင့် ပြုစုပျိုးထောင်သင်ကြားသင်ယူနေပြီ" ဟု ဖွင့်ဟပါသည်။

သင်ရိုးညွှန်းတမ်းအသစ်၊ ပြဋ္ဌာန်းစာအုပ်အသစ်၊ ဆရာလမ်းညွှန်အသစ်များဖြင့် စတင်နေပြီဖြစ်ကြောင်းလည်း အစီရင်ခံသည်ကို တွေ့ရ၏။ အခမဲ့ပညာမသင်မနေရ မူလတန်းပညာ၊ အမြင်အာရုံ၊ အကြားအာရုံချွတ်ယွင်းသူ ကျောင်းသား ကျောင်းသူများကိုလည်း ကူညီနိုင်မည့် အထောက်အပံ့များ ပြင်ဆင်ထားရှိနေသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ စီမံချက်တစ်ခုဖြစ်သော မြန်မာနိုင်ငံအတွက်လည်း လွန်စွာမှအရေးကြီးလှသော တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူပို့ချနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေကြောင်း သိရပါသည်။

တိုင်းရင်းသားဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ပြုစုထားသည့် တိုင်းရင်းသားဘာသာစာအုပ်အမျိုး ၅၀ ခန့်ကို အခြေခံပညာဦးစီးဌာနက အခမဲ့ပုံနှိပ်ဖြန့်ဝေနေပြီဟုလည်း သိရပါသည်။ အခြေခံကျောင်းများမှာ တိုင်းရင်းသားဘာသာစကားကို မူလတန်းအောင်အဆင့်အတွင်း သင်ကြားရေးအထောက်အကူပြုနိုင်ရန် အနိမ့်ဆုံး Grade 10 အထိ တက်ရောက်ခဲ့ပြီးသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူ ငါးထောင်ကျော်ကို သင်ကြားရေးအကူများအဖြစ် ခန့်အပ်ထားပေးခဲ့ပြီးဟုလည်း ပြည်ထောင်စုဝန်ကြီးက ပြောသည်ကို ဖတ်ရပါသည်။

ဤအချက်တို့က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့နှင့် ဆက်စပ်နေသည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။

ယင်းတို့နှင့်အတူ သင်ကြားပေးမည့် ဆရာ ဆရာမများ၏ အရည်အသွေး မြှင့်တင်နိုင်ရေး အထူးသဖြင့် မူလတန်းသင် ဆရာ ဆရာမများ၏ အတွေ့အကြုံရင့်ကျက်မှု အရည်အချင်းမြင့်မားမှုတို့ကို ဦးစားပေးဆောင်ရွက်နေသည်ဟူသော စသည့်အကြောင်းအချက်များက မြန်မာ့ပညာရေးစနစ်ကို ပြန်လည်ဦးမော့မှန်ကန်လာစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ရပါကြောင်း။ ။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**


# ယခုနှစ်မဟာသင်္ကြန် ယမန်နှစ်ကကဲ့သို့ လမ်းများ လွှဲပြောင်းပိတ်ထားမည်မဟုတ်



**ရန်ကုန် ဧပြီ ၁၀**

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရေပက်ခံထွက်ကြမည့် မော်တော်ယာဉ်များ မဖြစ်မနေ သွားလာကြမည့် ခရီးသွားယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယမန်နှစ်ကကဲ့သို့ လမ်းများလွှဲပြောင်းခြင်း၊ ပိတ်ထားခြင်းများ ပြုလုပ်ရန် အစီအစဉ်မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သို့သော် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့ ရေကစားမဏ္ဍပ်ရှေ့တစ်ခုတွင်သာ လမ်းလွှဲပေးမှုတစ်ခုသာရှိမည်ဖြစ်ပြီး ဆူးလေဘုရားအရှေ့ဘက်မုခ်မှ မဟာဗန္ဓုလလမ်းဘက်သို့သာ လွှဲပြောင်းမှုရှိမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က ပြည်လမ်း၊ အင်းလျားလမ်း၊ ကန်တော်ကြီးပတ်လမ်းများတွင် ရေကစားမဏ္ဍပ်များ ရှိခဲ့သည့်အတွက် ယာဉ်ကြောကျပ်တည်းမှု၊ ပိတ်ဆို့မှုများ မရှိနိုင်စေရေးအတွက် လမ်းလွှဲများ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။

ယခုနှစ်တွင် မင်းဓမ္မလမ်း၊ ၀၀၉ ယန္တာလမ်း၊ ပါရမီလမ်းများ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်ပြုထားသည့်အတွက် အခြားနေရာတို့တွင်ပါ ယာဉ်ကြောကျပ်တည်းမှု အလွန်မဖြစ်နိုင်သည့်အတွက် လမ်းပိတ်ခြင်း၊ လမ်းလွှဲခြင်းများ မပြုလုပ်ဟု သိရသည်။

မြို့နယ်များအတွင်းရှိ ရေကစားမဏ္ဍပ်များအနေဖြင့် ရေပက်ခံလာကြသော မော်တော်ယာဉ်များကို လမ်းရှင်းရာတွင် မိမိတို့အစီအစဉ်ဖြင့် ရှင်းလင်းကြရမည်ဖြစ်ပြီး မဏ္ဍပ်ဝန်းကျင်၌ စက်ချွတ်ယွင်း၍ ရပ်တန့်သွားသော မော်တော်ယာဉ်များကိုသာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် လာရောက်အကူအညီပေး ဆွဲထုတ်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ရက်များအတွင်း မော်တော်ယာဉ်များသွားလာမှု အဆင်ပြေစေရေး၊ ယာဉ်အန္တရာယ်များ မဖြစ်ပွားစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားအပြည့်သုံးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## မြိတ်မြို့၌ သင်္ကြန်ရေကစားမဏ္ဍပ်များ ယမန်နှစ်ကထက် ထက်ဝက်ကျော်လျော့နည်း

**မြိတ် ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များကို ဆောက်လုပ်ခွင့် လာရောက်လျှောက်ထားသူများမှာ ယခင်နှစ်ကထက် ထက်ဝက်ကျော်နီးပါးခန့်လျော့နည်းသွားကြောင်း မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက ပြောသည်။

မြိတ်မြို့နယ်တွင် ယခင်နှစ် သင်္ကြန်က ရေကစားမဏ္ဍပ် ၂၀ ကျော်ရှိခဲ့ပြီး ယခုနှစ်တွင် ရေကစားမဏ္ဍပ် ကိုးခုသာရှိကြောင်း သိရသည်။ မြိတ်မြို့တွင် လွန်ခဲ့သည့် ငါးနှစ်ဝန်းကျင်ခန့်က မဟာသင်္ကြန်ပွဲတော်ကာလတွင် ကမ်းနားလမ်းနှင့် လမ်းမကြီးများတစ်လျှောက်တို့တွင် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များ အများအပြားရှိခဲ့ရာမှ ယခုနှစ်တွင် တဖြည်းဖြည်းလျော့နည်းလာကြောင်း မြိတ်မြို့ရှိ ဒေသခံများထံမှ သိရသည်။

"တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်းလျော့နည်းလာတာက ငွေရေးကြေးရေးအခက်အခဲနဲ့ သစ်တွေဝယ်ယူဖို့ ရှားပါးလာတာကြောင့် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်ထားသူတွေ နည်းပါးရတာဖြစ်ပါတယ်" ဟု အခါတော်မီရေကစားမဏ္ဍပ်တာဝန်ခံ ဦးအင်စိုးက ပြောသည်။

**မြင့်ဦး(မြိတ်)**

## ပန်းပိတောက်တွေ ဝေပြီလေ

* ပိတောက်ဖူးလေးတွေက
နွေလေရူးနဲ့ ကလူကျီစယ်၊
ဟိုနွဲ့သည်ယိမ်းနဲ့
ယိမ်းတိုက်နေတဲ့ ယိမ်းသမ
အလှယဉ်ကျေးမယ်။

* နွေအကူးပဲလေ
လေရူးက ဟိုပွေ့ဒီပွေ့ပေါ့
လေနုက အစပျိုးလို့
မိုးနံ့လေးများ ပါမလားရယ်
နွဲ့စို့ကွယ် ပိတောက်ပွဲ၊

* မိုးပြေးလေတွေ တစ်ပြိုက်နှစ်ပြိုက်
ညဦးက ရွာလိုက်သလား
ပင်ဖျား ပွင့်ဝေဖြာလို့
ရွာထဲမြို့ထဲ
ရပ်ကွက်ထဲပါမကျန်
ပိတောက်ရွှေရည်လျှံပေါ့
ပန်တော်မူ ကြူကြူမွှေးရအောင်
အေးမြမြကဲ။ ။

■ **အောင်လံမြေ-နေညိုညို**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၉-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၅/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၁ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၄ . ၄ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၄ |
| တရုတ် | တစ်ယွမ် | ၂၁၀ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၄ . ၂ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးဘယ်လောက် ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်




**နေပြည်တော် ဧပြီ ၉**

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ IDEA နှင့် IFES တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အသစ်ပြန်လည်ရွေးချယ် ခန့်အပ်ခဲ့ကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် ယခင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဟောင်းအချို့ပါဝင်သော်လည်း အများစုမှာ အသစ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ကြသည့်အခါ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာတို့ကို သိရှိစေရန် ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ရွေးကောက်ပွဲများ ဆောင်ရွက်ရာတွင် လွတ်လပ်မျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ရှိရန် လိုအပ်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်ကိုယ် ယုံကြည်မှုရှိရန် လိုအပ်ကြောင်း၊ ယုံကြည်မှုရှိရန် အတွက် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ကျေကျေညက်ညက် သိရှိထားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်များကို စေ့စေ့စပ်စပ် သိရှိထားရန်လိုကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများဖြစ်သည့် မဲစာရင်းပြုစုခြင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မီဒီယာနှင့် မဲဆန္ဒရှင်ပြည်သူလူထုတို့နှင့် ထိတွေ့ဆက်ဆံ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထိုသို့ ဆက်ဆံဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာ အဆင်ပြေချောမွေ့မည် ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ပထမအကြိမ်မဲပေးကြမည့် လူငယ်များအား မဲစာရင်းတွင် ပါဝင်ရေးနှင့် မဲပေးခြင်းလုပ်ငန်းစဉ်များ ပညာပေးခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်း ဆောင်ရွက်ရာတွင် တိုင်းရင်းသားဒေသများ၌ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားများဖြင့် ပညာပေးနိုင်ရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျား၊ မ တန်းတူညီမျှရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အလေးထား ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားကြိုးစားပြီး စေတနာထား ဆောင်ရွက်ပါက အောင်မြင်မှာဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့်သင်တန်းသည် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန် အထောက်အကူပြုမှာဖြစ်သည့်အတွက် ထိထိရောက်ရောက် လေ့လာဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell နှင့် IFES မှ ဌာနေကိုယ်စားလှယ် Mr. Paul Guerin တို့က သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ပို့ချမည့် အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသားများအား အုပ်စုသုံးစုခွဲ ဆွေးနွေးပို့ချပြီး သင်တန်းကာလမှာနှစ်ရက်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် မီးလောင်သေဆုံးခဲ့သည့် အလုပ်သမား ၂၀ နှင့် ဒဏ်ရာရရှိခဲ့သူ သုံးဦးအတွက် ကရုဏာကြေးပေးအပ်



**နေပြည်တော် ဧပြီ ၉**

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ Stars Pioneer Co.,Ltd၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံရှိ Tomy (Thailand) Company လုပ်ငန်းခွင်သို့ သွားရောက်စဉ် မတ် ၃၀ ရက်က မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်းတွင် မော်တော်ယာဉ် မီးလောင်ကျွမ်းခဲ့သဖြင့် မော်တော်ယာဉ်ပါ အလုပ်သမား ၂၀ မီးလောင်သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကရုဏာကြေးပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် ၅၁၊ နေပြည်တော်၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သေဆုံးသူအလုပ်သမားများ၏ မိသားစုဝင်များ၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆောင်ရွက်သွားမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားများ ယာဉ်မတော်တဆမှုဖြင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုများအတွက် အလုပ်သမားများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းပါကြောင်း၊ အလုပ်သမားများသည် မြန်မာ-ထိုင်းနှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် MoU စနစ်ဖြင့် တရားဝင် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများ ဖြစ်ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားချိန်ကပင် ထိုင်းနိုင်ငံရှိ အလုပ်သမား သံအရာရှိများက ဖြစ်စဉ်ဖြစ်ပွားသည့်နေရာသို့ သွားရောက်ကာ သေဆုံးသူ အလုပ်သမားများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအတွက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စအဝဝကို ထိုင်းနိုင်ငံရှိ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၄ရက်တွင် ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများသည် ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ မြဝတီမြို့မှ သံဃာတော်များကို ပင့်ဖိတ်၍ ပရိတ်တရားနာခြင်း၊ အမိန့်ပြန်တမ်း ဖတ်ကြားခြင်း၊ သေဆုံးသူများ၏ DNA စစ်ဆေးနိုင်ရေးတို့ကို ထိုင်းနိုင်ငံရှိသက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အလုပ်သမားများကို စေလွှတ်ခဲ့သည့် Stars Pioneer Co.,Ltd က သေဆုံးသူ အလုပ်သမားတစ်ဦးစီအတွက် ငွေကျပ် ၁၀ သိန်းစီနှင့် Migrant Workers Rights Network၊ အနိုင်းမဲ့နာရေး ကူညီမှုအသင်းနှင့် မဟာကရုဏာ စာကြည့်တိုက်တို့မှ တစ်ဦးလျှင် ငွေကျပ် ၆၉၀၀၀ စီပေးအပ်ခဲ့ကြောင်း၊ သေဆုံးသူ အလုပ်သမားများအတွက် လျော်ကြေးငွေရရှိရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တွင် ယခုကဲ့သို့ ဝမ်းနည်းဖွယ်အဖြစ်ဆိုးမျိုး ရှောင်ရှားနိုင်ရေး အလုပ်သမားများ ခေါ်ယူရာတွင် လုံခြုံမှုရှိသော မော်တော်ယာဉ်များ အသုံးပြုရန် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ညှိနှိုင်းအကြောင်းကြားထားကြောင်း ပြောကြားသည်။

**ပေးအပ်**

သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၈၁၅၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၆၃၀၀၀၀၀ နှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ငွေကျပ် သိန်း ၈၂၅၀၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ရာဇဝတ် အထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဧပြီ ၉**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံနှင့် ပတ်သက်သည့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဧပြီ ၉**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မြှင့်တင်ပေးနိုင်ရန်လိုအပ်**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က မြန်မာနိုင်ငံ၏ ပုံရိပ်ကို ရုပ်ရှင်အတတ်ပညာဖြင့် မြှင့်တင်ပေးနိုင်ရန်နှင့် မြန်မာ့ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ရုပ်ရှင်လောကသားများအတွက် Outdoor ရိုက်ကူးရေးနှင့် Indoor ရိုက်ကူးရေး ဆောင်ရွက်နိုင်သည့်နေရာအား နေပြည်တော်တွင် ဆောင်ရွက်စေလိုကြောင်း။

ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေးကို အခြေခံကာ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပါဝင်ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတက်ရောက် လာကြသူများကလည်း မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်းနှင့် ထပ်မံတွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးများကို ရန်ကုန်တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုနှင့် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရုပ်ရှင်စတူဒီယိုအပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားနည်းနေသည့်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ နေပြည်တော်တွင် ရုပ်ရှင်စတူဒီယို တည်ဆောက်ရာတွင် လိုအပ်ချက်ရှိနေသည့် အခန်းကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေဖြင့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံများနှင့် စပ်လျဉ်း၍ Forever Group Co.,Ltd မှ CEO ဦးဝင်းမော်နှင့် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်းတို့က ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ပညာ အတတ်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် ရှင်းကျန်းဝေဂါလူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုင်ရာ လေ့လာရေးခရီး သွားရောက်လျက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရွှေလီခရိုင် လုံတောင်းဒေသ အသားထုတ်လုပ်မှုစက်ရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြည့်ရှုပြီး ရွှေလီမြို့ ကျင်းချိန်တီဟိုင်ဟိုတယ်တွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တရုတ်ဘက်ခြမ်း အထွေထွေစီမံကိန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းစီမံကိန်းများ၊ တရုတ်-လာအို (မော်ဟန်-မော်တိန်း) နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်မှုတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

နှစ်နိုင်ငံတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွန့်လွင်၊ ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံစက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တယ်ဟုန်ပြည်နယ်ခွဲပါတီ အတွင်းရေးမှူး မစ္စတာဝမ်ကျင့်ချန်၊ တယ်ဟုန်ပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စဝမ်ယွီ၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



### ❑ ရှေ့ဖုံးမှ

နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိ လူနှင့် ဆိုင်ကယ်များကို တင်ဆောင်၍ ပြေးဆွဲသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဧပြီ ၅ ရက်မှစတင်ကာ မြောင်းမြမြို့ဘက်ကမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီးရှိ ဆိပ်ကမ်းမှ ကွယ်လွယ်ဘက်ရှိ သဲပုံဆိပ်ကမ်းသို့ ရေနယား ၂ ဇက်ရေယာဉ်ဖြင့် မော်တော်ယာဉ်ငယ်များကို တင်ဆောင်၍ အခမဲ့ပြေးဆွဲပေးခဲ့ပြီး ယခုအခါ ဇက်ရေယာဉ် ၁၀၇ ဖြင့်လည်း ထပ်မံတိုးချဲ့ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။



"တောသူမယ်" နှစ်ထပ်ရေယာဉ် ပြေးဆွဲပေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

မြောင်းမြမြို့နယ် ရှမ်းရေကျော်ကျေးရွာမှ ဒေါ်အေးသန်းက "တံတားကျိုးသွားတဲ့အတွက် သွားလာမှု တော်တော်ခက်ခဲသွားတယ်၊ အရင်တုန်းက တစ်ဆင့်တည်းနဲ့ ရောက်တဲ့ခရီးကို အခုဆိုရင် ရေတစ်တန် ကုန်းတစ်တန် စီးနေရတယ်၊ ဟိုဘက်ကမ်းကူးဖို့အတွက်ကိုလည်း အချိန်တွေ အများကြီးပေးရတယ်၊ အခမဲ့ ပြေးဆွဲပေးနေတဲ့ ရေယာဉ်တွေရှိလို့တော်သေးတယ်၊ အခုလိုဆောင်ရွက်ပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒီတံတားကြီးမြန်မြန် ပြန်ကောင်းသွားဖို့ မျှော်လင့်ပါတယ်" ဟု သူ၏ အခက်အခဲကို ပြောသည်။

မြောင်းမြမြို့နယ်တွင် ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စက်တပ်ရေယာဉ်ငယ်များဖြင့် အခမဲ့ ကူညီပြေးဆွဲပေးလျက် ရှိသည်။

မြောင်းမြမြို့နယ် ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "ဒီကနေ့ဆိုရင် ရေကြောင်းဦးစီးဌာနက "တောသူမယ်" နှစ်ထပ်ရေယာဉ်နဲ့ အခမဲ့ ထပ်တိုးပြေးဆွဲပေးနေပါပြီ၊ ကျွန်တော်တို့ ပို့ဆောင်ပေးနေတဲ့ ရေယာဉ် အသေးလေးတွေ သုံးခေါက်စာလောက်ကို "တောသူမယ်" ရေယာဉ်တစ်ခေါက်တည်းနဲ့ သယ်ဆောင်ပေးနိုင်ပါတယ်၊ ဒါ့ကြောင့် "တောသူမယ်" ရေယာဉ် ပြေးဆွဲမှု အဆင်ပြေပြီး အသားကျသွားရင်တော့ ကျွန်တော်တို့အနေနဲ့ ရေယာဉ်အသေးလေးတွေနဲ့ ပြေးဆွဲပေးနေမှုကို ရပ်ဆိုင်းသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယခုအခါ မြောင်းမြမြို့မှ တစ်ဖက်ကမ်းသို့ နေ့စဉ် အသွားအပြန် ခရီးသည် ၁၅၀၀၀ ခန့်နှင့် မော်တော်ယာဉ် ၃၀၀ ခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်း-ရဲခေါင်၊ ဇော်ကြီး**

# ရေးမြို့နယ် မြောက်ပိုင်းသို့ မီးစတင်ဖြန့်ဖြူးပေးလျက်ရှိ

**ရေး ဧပြီ ၉**

မွန်ပြည်နယ် ရေးမြို့နယ် မြောက်ပိုင်းဒေသရှိ ကျေးရွာ ၂၀ ခန့်တွင် BEDOK ကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၈ သန်းရင်းနှီးမြှုပ်နှံကာ မီးစတင်ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ဧပြီ ၉ ရက်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်ကရင်ရွာနှင့် သပြေရွာသစ်ကို မီးစတင်ဖြန့်ဖြူးပေးရန် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ငဝန်တံတား(လေးမျက်နှာ) တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် လေးမျက်နှာ- ခတ္တာ- ပန်းတောကြီးလမ်းပေါ်ရှိ ငဝန်တံတား(လေးမျက်နှာ) တည်ဆောက်နေမှု စစ်ဆေး

နေပြည်တော် ဧပြီ ၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန် - ပုသိမ်လမ်း (ရန်ကုန် - ညောင်တုန်း)အပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ဗိုလ်မြတ်ထွန်းတံတား ၊ တံတားတိုင်အမှတ် (၁၆) တွင် ပြန်လည်ပြုပြင်ထားသော Bearing ၏ ကြံ့ခိုင်မှုနှင့် ပတ်သက်၍ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးရန် မှာကြားသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ပင်ဆည် - စကြော့ - ခနုဖြူ - ဇလွန်လမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုအခါ ကြိမ်ပင်ဆည် - စကြော့ - ခနုဖြူ - ဇလွန်လမ်းအပိုင်းသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ဒေသခံပြည်သူများ၊ ခရီးသွားဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပြီး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ လွယ်ကူအဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်သလို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများလည်း အဆင်ပြေချောမွေ့သွားပြီ ဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟင်္သာတခရိုင် လေးမျက်နှာ - ခတ္တာ - ပန်းတောကြီးလမ်းပေါ်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၆) မှ တည်ဆောက်နေသော ငဝန်တံတား (လေးမျက်နှာ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့ (၁၆) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က ငဝန်တံတား (လေးမျက်နှာ) လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ တံတားအထူးအဖွဲ့ (၁၁)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါက်တာမြတ်ရွှေစင်ထွန်းက ဟင်္သာတ - အသုတ် - ကျောင်းကုန်း - ကျုံပျော်လမ်းပေါ်ရှိ ရှားခဲတံတား၊ လေးမျက်နှာ - ခတ္တာ-ပန်းတောကြီးလမ်းပေါ်ရှိ ပန်းတောကြီးတံတား၊ ဆီဆုန်ကုန်းတံတားနှင့် ပန်းတိမ်ကျော်တံတားများ တည်ဆောက်နေမှုနှင့် ပတ်သက်၍လည်းကောင်း ၊ လမ်းအထူးအဖွဲ့ (၂၀) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းကျော်အောင်က လေးမျက်နှာ - ခတ္တာ - ပန်းတောကြီးလမ်းအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်း ပြင်/ထိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း ၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

**စနစ်တကျဆောင်ရွက်**

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီးသည် ရေလမ်းခရီးကိုသာ အားကိုးသွားလာခဲ့ရပါကြောင်း၊ ယခုကဲ့သို့လမ်းကွန်ရက်များ၊ တံတားများ တည်ဆောက်ပေးသည့်အတွက် သွားလာရေး လွယ်ကူအဆင်ပြေပြီး ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာပြီ ဖြစ်ပါကြောင်း၊ ယခုတည်ဆောက်နေသည့်တံတားများ ၊ လမ်းများကို အင်္ဂါရပ်ပြည့်စုံပြီး စနစ်တကျဆောင်ရွက်ရန်လိုပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားရှင်းလင်းဆောင်ရှုရပ်မှ ချဉ်းကပ်တံတားနှစ်ဖက် ဆောင်ရွက်ပြီးစီးမှု ၊ ရေလယ်တိုင် RP1 မှ RP5 အထိငါးခန်းရှိသည့်အနက် လေးခန်း ဆောင်ရွက်ပြီးစီး၍ RP4 နှင့် RP5 ကြား ကျန်ရှိသည့် တစ်ခန်းအား ဆက်လက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တည်ဆောက်ထား**

ငဝန်တံတား(လေးမျက်နှာ)သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာ - ခတ္တာ - ပန်းတောကြီးလမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်းတံတားအရှည် ၆၀၀ မီတာ၊ (၁၉၆၈ ဒသမ ၆) ပေရှိသည်။ တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ်ကို (၁ ဒသမ ၂) mØ Bored Pile၊ ကိုယ်ထည် R.C Concrete ၊ အပေါ်ထည်ကို ပင်မတံတား Steel Box Girder နှင့် R.C Slab တို့ဖြင့် တည်ဆောက်ထားသည်။

ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီပါရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀၊ အကျယ် ၁၇၃ ပေရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန်မှာ ၇၅ တန် ဖြစ်သည်။

**ပုသိမ်ကြိုးတံတား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပုသိမ် - မုံရွာ လမ်းပေါ်ရှိ ငဝန်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများ မှ ကြံ့ခိုင်မှုစစ်ဆေးပေးရန်နှင့် လက်ရှိတံတားအခြေအနေကို လည်းကောင်း၊ ပုသိမ်ကြိုးတံတား၏ ကြိုးဆိုင်းများ၊ ကြိုးထိန်းခုံတို့၏ ကြံ့ခိုင်မှုကို တာဝန်ရှိသူများက စစ်ဆေးပြီး လိုအပ်ချက်များ ပြုပြင်သွားရန် မှာကြားပြီး လက်ရှိကြိုးဆိုင်းများ အခြေအနေကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်ကြီး ၁၆ ခု ဆောက်လုပ်၍ သင်္ကြန်ရေသဘင်ဆင်နွှဲမည်

**မန္တလေး ဧပြီ ၉**

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် မန္တလေးမြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကြီးအပါအဝင် ကျုံးပတ်လည်၌ ရေကစားမဏ္ဍပ် ၁၆ ခုဆောက်လုပ်၍ ပါဝင်ဆင်နွှဲသွားမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်ကြီးများအနက် လေလံစနစ်ဖြင့် နေရာချထားပေးထားသည့် အရှည်ပေ ၁၀၀ နှင့် ၂၅ ပေအကျယ်အဝန်းရှိ မဏ္ဍပ်ကြီး ၁၀ ခုကိုလည်းကောင်း၊ ဌာနဆိုင်ရာမဏ္ဍပ်ကြီး သုံးခုကိုလည်းကောင်း ကျုံးအရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် အသီးသီး ဆောက်လုပ်ခွင့်ပြုထားပြီး ကျုံးတောင်ဘက်အခြမ်း လမ်းလျှောက်သင်္ကြန်ကျင်းပမည့်နေရာတွင် မန္တလေးမြို့တော် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၊ နန်းမြို့သူရေကစားမဏ္ဍပ်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ရေကစားမဏ္ဍပ်ကြီးများ ဆောက်လုပ်၍ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

"ဒီနှစ်သင်္ကြန်ပွဲတော်မှာ ကျုံးပတ်လည်ပုဂ္ဂလိက ရေကစားမဏ္ဍပ်ကြီးတွေကို လေလံစနစ်နဲ့ ချထားပေးတဲ့အတွက် လေလံကြေးငွေကျပ် ၁၃၀၀၀ နီးပါးရရှိခဲ့ပါတယ်၊ လမ်းလျှောက်သင်္ကြန်ကျင်းပမယ့် ကျုံးတောင်ဘက်အခြမ်းမှာ ပေ ၃၀၊ ပေ ၂၀နဲ့ ၁၀ ပေအသီးသီးရှိတဲ့ မဏ္ဍပ်ငယ်တွေကို နေရာချထားပေးမှုမှာ လက်ရှိအခြေအနေထိ သိန်းငါးရာကျော် ရရှိပြီးဖြစ်ပါတယ်"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇော်အောင်က ပြောသည်။

ယခုနှစ် ပုဂ္ဂလိကရေကစားမဏ္ဍပ်များအား လေလံစနစ်ဖြင့် နေရာချထားပေးမှုအပေါ် ကျုံးအရှေ့ဘက်အခြမ်းတွင် လေလံအောင်မြင်သည့် The Rave ရေကစားမဏ္ဍပ်ပိုင်ရှင် ကိုစိုးလပြည့်အောင်က "အရင်တုန်းက နေရာယူမယ်ဆိုရင် မဲနှိုက်ပြီးတော့ ငါးသိန်းထဲနဲ့ ရပါတယ်၊ ပြီးတော့ ကုမ္ပဏီတွေနဲ့အတူ လက်တွဲခွင့်ရတယ်၊ မနှစ်ကစပြီး လေလံစနစ်နဲ့ နေရာချထားပေးတာဆိုတော့ သိန်းပေါင်းရာနဲ့ချီပြီး အစိုးရကို သွင်းရပါတယ်၊ ဒါ့အပြင် ကုမ္ပဏီတွေကလည်း လမ်းလျှောက်သင်္ကြန်နဲ့ တောသင်္ကြန်တွေမှာသူတို့ရဲ့ထုတ်ကုန်တွေကို ကြော်ငြာတဲ့အတွက် မဏ္ဍပ်တွေ ပြုလုပ်တဲ့အခါမှာ စပွန်ဆာတွေလည်း မရှိတဲ့အပြင် သွင်းရတဲ့ ငွေကြေးတွေလည်း များတာကြောင့် မဏ္ဍပ်လေးဖြစ်ဖို့ကို ရုန်းကန်လာရပါတယ်၊ မန္တလေးသင်္ကြန်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေ ပါဝင်တဲ့ လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်တွေ လုပ်သလို လူငယ်တွေပျော်ဖို့ သင်္ကြန်အတွက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ပေးစေလိုပါတယ်"ဟု ပြောသည်။



လက်ရှိအချိန်တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲရန်အတွက် မန္တလေးကျုံးပတ်လည်နှင့် မြို့တွင်း အနှံ့အပြားတွင် မဏ္ဍပ်ကြီးများ၊ မဏ္ဍပ်ငယ်များ ကြိုတင်ပြင်ဆင်ဆောက်လုပ်နေကြပြီဖြစ်ပြီး မန္တလေးကျုံးအရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ဆောက်လုပ်နေကြသည့် ပုဂ္ဂလိကရေကစားမဏ္ဍပ်ကြီးများမှ ၎င်းတို့၏ ရေကစားမဏ္ဍပ်သို့လာရောက်၍ပျော်ရွှင်စွာ ရေကစားနိုင်ရန် ဖိတ်ခေါ်မှုများဖြင့် ကျုံးပတ်လည်တွင် စည်ကားလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❒ *ကျောဖုံးမှ*

Play Zone အတွက် နေရာများ တည်ဆောက်ခြင်း၊ရေပန်းများ တပ်ဆင်ခြင်း၊ မြစ်ကမ်းခြေလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လုံခြုံရေးကင်မရာများ တပ်ဆင်ခြင်း၊ ချင်းတွင်းသင်္ကြန် ပင်မအဝင် လမ်းပြင်ဆင်ခြင်းစသည့် ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ချင်းတွင်းသင်္ကြန်ကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ လာရောက်ကာ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုမင်း (အင်းတော်)**

✻ *ကျောဖုံးမှ*

ကျင်းပတဲ့နေရာမှာ alcohol free zone နဲ့ car free zone အဖြစ် သတ်မှတ်ထားတာဖြစ်လို့ အရက်ဘီယာ ရောင်းချခွင့်၊ ကားအသုံးပြုခွင့်တို့ရှိမှာ မဟုတ်ပါဘူး၊ ရေကစားကြသူတွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့အညီ ရေပက်ကစားကြမှာဖြစ်ပါတယ်၊ ဒါက ရန်ကုန်မှာပထမဆုံးကျင်းပတာ ဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ရန်ကုန် လမ်းလျှောက်သင်္ကြန်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက မဟာဗန္ဓုလပန်းခြံဘေး၊ ကန်တော်ကြီး မြေပဒေသာကျွန်းနှင့်ဦးဥတ္တမပန်းခြံ (ယခင် ကန်တော်မင်ပန်းခြံ)တို့၌ ကျင်းပသွားရန်ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန် ကျင်းပမည့် နေရာများတွင် စတုဒိသာများ ကျွေးမွေးသွားမည် ဖြစ်ကြောင်း၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ အလှူရှင်များ ကစတုဒိသာများ ပြုလုပ်ကျွေးမွေးကြမည်ဖြစ်ကြောင်း၊ သခင်မြပန်းခြံတွင်လည်း သင်္ကြန်အထိမ်းအမှတ် စတုဒိသာကျွေးမွေးမည်ဖြစ်ကြောင်း၊ ယခုနှစ် ရန်ကုန်သင်္ကြန်သည် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပခြင်းဖြင့် မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရကို ပိုမိုလေးနက်စေမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်သင်္ကြန်တွင် ရန်ကုန်မြို့ပေါ်၌ ဗဟိုမဏ္ဍပ်တစ်ခုတည်းကိုသာ အဓိကထားပြီး ရေကစားခွင့်ပြုခဲ့ရာမှ ယခုနှစ် ရန်ကုန်သင်္ကြန်သည် ဖျော်ဖြေရေးမဏ္ဍပ် ၃၅ ခုနှင့် ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်အခု ၆၀ ဆောက်လုပ်ခွင့်ပြုထားသဖြင့် စည်စည်ကားကားဖြစ်လာမည့် အနေအထားဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ -မြင့်မောင်စိုး**

# မြင်းရိုင်းကိုစီး လိုရာခရီး ရောက်ကြစေချင်

နေဘုန်းလတ်

### Facebook အစ Facemash က

Facebook ဆိုတာကို မြန်မာလို တိုက်ရိုက်ဘာသာပြန်ရရင်တော့ မျက်နှာစာအုပ်ပေါ့။ ကိုယ်တို့အားလုံးရဲ့အချိန်တွေ၊ ငွေတွေ၊ စိတ်အာရုံတွေကို သိမ်းကျုံးယူငင်ထားတဲ့ မျက်နှာစာအုပ်ကြီးရဲ့ ပဲ့ကိုင်ရှင် မက်ဇူကာဘတ်ရဲ့ နောက်ကြောင်းရာဇဝင်ကိုလေ့လာကြည့်တဲ့အခါ အခုလိုတွေ့ရပါတယ်။ သူ့ကို မေလ ၁၄ ရက်နေ့ ၁၉၈၄ ခုနှစ်မှာ မွေးဖွားခဲ့တယ်။ ဟားဗက်စ်တက္ကသိုလ်မှာ ကွန်ပျူတာသိပ္ပံဘာသာရပ်ကို လေ့လာသင်ယူခဲ့တယ်။ ဖေ့စ်ဘွတ်ကိုတော့ သူ့အသက် ၂၀၊ ၂၀၀၄ ခုနှစ်မှာ စတင်စမ်းသပ်သုံးစွဲခဲ့တယ်လို့ သိရတယ်။ Facebook ကို မက်ဇူကာဘတ် စတင်ဖန်တီးသုံးစွဲခဲ့တဲ့ အကြောင်းတွေကို ဖတ်ရတော့ စိတ်ထဲကို တန်းခနဲရောက်လာတာက ကိုယ်တို့တွေ တက္ကသိုလ်တွေမှာ နှစ်ကုန်ခါနီးတိုင်းထုတ်ဝေဖြစ်ကြတဲ့ Year Book ဆိုတဲ့ စာအုပ်ကလေးပါပဲ။ အဲဒီ့ စာအုပ်ထဲမှာ ကျောင်းသူ ကျောင်းသားတွေ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဆက်သွယ်နိုင်ကြအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဓာတ်ပုံလေးတစ်ပုံနဲ့ အမည်၊ နေရပ်၊ ဖုန်းနံပါတ်စတဲ့အချက်အလက်လေးတွေပါတာကို အားလုံးမှတ်မိကြမယ်ထင်ပါတယ်။ တကယ်တမ်းကျတော့ Facebook မဖြစ်ခင် မက်ဇူကာဘတ် စတင်ရေးဆွဲခဲ့တဲ့ ပရိုဂရမ်လေးက Year Book ဆိုတာထက် ပိုပြီး စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဇူကာဘတ်စတင်ခဲ့တဲ့ ပရိုဂရမ်လေးရဲ့နာမည်က "Facemash" ပါ။ သုံးစွဲသူတွေက ကိုယ့်ဓာတ်ပုံကိုယ်တင်ပြီး အခြားသူတွေက ဓာတ်ပုံတွေကို ယှဉ်ကြည့်ပြီးတဲ့အခါ ဘယ်သူက ပိုမိုက်သလဲ (who is hotter)ဆိုတာကို မဲပေးလို့ရတဲ့ ပရိုဂရမ်မျိုးပါ။ ဓာတ်ပုံတွေကို ရိုးရိုးကြီးပြထားတာမျိုးမဟုတ်ဘဲ ယှဉ်ပြိုင်မှုအသွင်ဆောင်ခဲ့တာကြောင့် လူစိတ်ဝင်စားမှုတော်တော်လေး ရခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ သူတက်တဲ့ ကျောင်းခန်းလေးထဲက လူအနည်းငယ်လောက်သုံးဖို့ စတင်ခဲ့ရာကနေ တဖြည်းဖြည်း ကျယ်ပြန့်လာပြီး အခုဆိုရင် ကမ္ဘာတစ်ဝန်းလုံးမှာ ဖေ့စ်ဘွတ်သုံးစွဲသူဦးရေဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ၂ ဒသမ ၂ ဘီလီယံ (၂၂၀၀ သန်း) ဝန်းကျင်ရှိနေပြီဖြစ်ပြီး တစ်စက္ကန့်ကို Profile အသစ် ငါးခုဆီလောက် တိုးနေတယ်လို့လည်း သိရပါတယ်။

### ချင့်ယုံ (Don't believe whatever you see)

ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ဖေ့စ်ဘွတ်သုံးစွဲသူဦးရေ ဟာ ၁၅ သန်းခန့်ရှိနေပြီဖြစ်ပြီး ဆက်လက်လည်း တိုးတက်လျက်ရှိနေတာကို တွေ့ရပါတယ်။ အဲဒီ့လို ဖေ့စ်ဘွတ်သုံးစွဲသူလူဦးရေများပြားလာတာနဲ့အမျှ နည်းပညာရဲ့သဘောသဘာဝတွေကို သေသေချာချာ နားလည်သဘောပေါက်ခြင်း မရှိသေးတဲ့ သုံးစွဲသူတွေဟာ လူမှုကွန်ရက်ကပေးတဲ့ ကောင်းကျိုးတွေကို စံစားရခြင်းထက် ဆိုးကျိုးတွေကို ခံစားရတာတွေပိုများလာတာကိုတွေ့ရပါတယ်။ အထူးသဖြင့် အတုအယောင်တွေကို အစစ်အမှန်ထင် ယုံမှတ်တုံ့ပြန်ကြတဲ့ကိစ္စပါ။ လေ့လာဆန်းစစ်ချက်တွေအရ အထက်မှာပြောခဲ့တဲ့ ၂ ဒသမ ၂ ဘီလီယံကျော်တဲ့ သုံးစွဲသူတွေထဲမှာ Profile အတုနဲ့သုံးစွဲသူ ၈၃ သန်းခန့်ရှိတယ်လို့သိရပါတယ်။ တစ်နေ့တစ်နေ့ကို ဓာတ်ပုံပေါင်းသန်း ၃၀၀ လောက်တင်နေကြတယ်လို့လည်း ဆိုပြန်ပါတယ်။ အဲဒီ့ တစ်နေ့တစ်နေ့တက်နေတဲ့ ဓာတ်ပုံသန်း ၃၀၀ ကျော်ထဲမှာ အစစ်ဘယ်နှပုံ၊ အတုဘယ်နှပုံဆိုတာကိုတော့ စစ်တမ်းကောက်ထားတာ မတွေ့မိပါဘူး။ ဒါပေမယ့် နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့ခေတ်မှာ ဖေ့စ်ဘွတ်ဆိုတဲ့ လူမှုကွန်ရက်စာမျက်နှာကိုသုံးပြီး Profile အတုတွေ၊ သတင်းအတုတွေ၊ ဓာတ်ပုံအတုတွေကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ အလုံးအရင်းဖြန့်ချိလာတာတွေများပြားလာနေတာကတော့ အသေအချာပါပဲ။ ဖွံ့ဖြိုးတိုးတက်လာတဲ့နည်းပညာတွေက အတုတွေကို အစစ်နဲ့ခွဲခြားရခက်လာအောင် ဖန်တီးပေးပါတယ်။ အဲဒီလို အတုအစစ်ခွဲခြားရခက်စွာ ရောထွေးလာခြင်းနဲ့ ကျွန်တော်တို့ရဲ့အယုံလွယ်တဲ့စိတ်၊ နည်းပညာဆိုင်ရာသိမှု အားနည်းခြင်းတို့ပေါင်းစပ်မိသွားတဲ့အခါ မလိုလားအပ်တဲ့ ဆိုးကျိုးတွေပေါ်ပေါက်လာပါတော့တယ်။ ဒါကြောင့် ဖေ့စ်ဘွတ်သုံးစွဲသူတွေအနေနဲ့ အထူးသတိထားကြဖို့က ဖေ့စ်ဘွတ်ပေါ်မှာ မြင်သမျှ၊ တွေ့သမျှ အရာရာကို ချင့်ချိန်စဉ်းစားကြပြီးမှ ယုံကြဖို့ပါ။ ကိုယ့်ရဲ့ဆင်ခြင်တုံတရားကို အသုံးပြုရမှာဖြစ်သလို ပုံအတုလား၊ အစစ်လားဆိုတာကို ခွဲခြားနိုင်တဲ့ Google Reverse Search, Tineye.com စတဲ့ နည်းပညာတွေကိုလည်း အသုံးပြု ဆန်းစစ်လို့ရပါတယ်။ သတင်းတစ်ခုဟာ မှန်ကန်သော သတင်းရင်းမြစ်ကလာတာလား၊ သတင်းရင်းမြစ်ခိုင်မာမှု ရှိမရှိကို ဘယ်လိုဆန်းစစ်မလဲ၊ သတင်းတစ်ခုကို ထပ်မဖြန့်ခင်မှာ တကယ် မှန်မမှန်ဘယ်လို Confirm လုပ်မလဲစတဲ့ တစ်ချိန်တစ်ခါတုန်းက သတင်းသမားတွေသာ သိဖို့လိုအပ်တဲ့ သတင်းအတု အစစ်ခွဲခြားနည်းအခြေခံတွေကိုပါ ဖေ့စ်ဘွတ်သုံးစွဲသူတွေ သိသင့်လာပြီလို့တောင် ယူဆမိပါတယ်။

### ကြည့်ရှဲ (Think before you share)

Facebooker တော်တော်များများဟာ ပုံတစ်ပုံဖြစ်ဖြစ်၊ စာတစ်ပုဒ်ဖြစ်ဖြစ် မြင်လိုက်တဲ့အခါ ဟုတ်သလား၊ မှန်သလားဆိုတာကို ဆန်းစစ်ဖို့ဆိုတာထက် အဲဒီ့ပုံ အဲဒီ့စာကိုတွေ့မြင်ဖတ်ရှုလိုက်ပြီးတဲ့နောက်မှာ ဖြစ်လာတဲ့ ခံစားချက်တစ်ခု အပေါ်ကိုလိုက်ပြီး ချက်ချင်းတုံ့ပြန်လေ့ရှိကြပါတယ်။ ဘာမှမခံစားရဘူးဆိုရင် ကျော်လိုက်မယ်၊ တစ်ခုခုခံစားလိုက်ရတယ်ဆိုရင် Like(ကြိုက်တယ်), Love(ချစ်တယ်), Ha Ha (ဟဟပဲရမယ်), Wow(အံ့သြတယ်), Sad (ဝမ်းနည်းတယ်), Angry(စိတ်ဆိုးတယ်) စသည်ဖြင့် ခံစားချက်လေးတွေကို ကလစ်တစ်ချက်နဲ့တုံ့ပြန်မယ်၊ ဒေါသအလွန်ထွက်တယ်ဆိုရင် အဲဒီ့ဒေါသကို အရင်းတည်ပြီး Comment ဝင်ရေးမယ်၊ ကြိုက်မိပြီဆိုရင် Share ဆိုတာလေးကိုနှိပ်ပြီး ထပ်ဆင့်ဖြန့်ဝေလိုက်မယ်။ အဲဒီ့လို အဲဒီ့လိုနဲ့ ကိုယ်တို့တွေ တစ်နေ့တစ်နေ့ ကလစ်တွေ ဘယ်နှချက်နှိပ်ခဲ့ကြသလဲ၊ ဖုန်းမျက်နှာပြင်ကို ဘယ်နှကြိမ်တို့ ထိခဲ့ကြသလဲ။ ဖေ့စ်ဘွတ်ရဲ့မေလ ၂၀၁၃ ခုနှစ် ဆန်းစစ်ချက်အရ ဖေ့စ်ဘွတ်သုံးစွဲသူတွေဟာ တစ်နေ့ကို စတေးတပ် ၄ ဒသမ ၇၅ ဘီလီယံ Share ထပ်ဆင့်ဖြန့်ဝေနေကြတယ်လို့ ဆိုပါတယ်။ ဖေ့စ်ဘွတ်ပေါ်က Share ဆိုတဲ့ ခလုတ်လေးဟာ အပြင်မှာ စာအုပ်တစ်အုပ်ကို မျှဝေဖတ်ကြတာ ထက် ပိုမိုထိရောက် မြန်ဆန်တယ်ဆိုတာကို ကိုယ်တို့သိကြပါရဲ့လား။ တစ်စုံတစ်ခုကို ကြိုက်လို့ကိုယ်ကထပ်ဆင့်ဖြန့်ချိလိုက်ပြီ ဆိုရင် အဲဒီ့ကလစ်တစ်ချက်ရဲ့နောက်မှာ အဲဒီ့တစ်စုံတစ်ခုဟာ လူထောင်ပေါင်းများစွာ ဆီပျံ့နှံ့သွားပါပြီ။ ထပ်ထပ်မြင်လိုက်ရတဲ့သူတွေက ထပ်ထပ်ဖြန့်ကြပြီဆိုရင် ပျံ့နှံ့မှုဟာ ထောင်ပေါင်းများစွာကနေ သောင်းပေါင်းများစွာ သိန်းပေါင်းများစွာအထိကို မိနစ်ပိုင်းအတွင်းမှာ ဖြစ်သွားနိုင်တဲ့ အလားအလာရှိနေပါတယ်။ ဒါကြောင့် ကိုယ်နှိပ်လိုက်တဲ့ Share ခလုတ်တစ်ချက်ဟာ မူလအကြောင်းအရာမှားရင်လည်း မှားသလောက်၊ မှန်ရင်လည်း မှန်သလောက်၊ ကောင်းရင်လည်း ကောင်းသလောက်၊ ဆိုးရင်လည်း ဆိုးသလောက်သက်ရောက်မှုများစွာ ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ထားဖို့လိုပါမယ်။ ဒါကြောင့် Share ဆိုတဲ့ ခလုတ်တစ်ခုတည်းမှာမဟုတ်ပါဘူး ... ဘယ်လိုတုံ့ပြန်မှုမျိုးကိုမှ မလုပ်ခင်၊ ကလစ်တစ်ချက်မနှိပ်ခင်၊ ဖုန်းမျက်နှာပြင်လေးကို မတို့ထိခင်တိုင်းမှာ အချိန်လေးခဏ ဖြစ်ဖြစ် ပေးပြီး ဖြစ်လာနိုင်တဲ့ အကျိုးဆက်ကို တွေးခေါ်မြင်ကြည့်ကြစေချင်တာပါ။

### ချိန်ပြော (Use your brain before you post)

အပြင်မှာဆိုရင်တော့ စကားပြောတယ်ပေါ့။ ဖေ့စ်ဘွတ်ပေါ်မှာ ကျတော့Status တင်တယ်၊ Post တင်တယ်၊ Comment ရေးတယ်ပေါ့။ ဖေ့စ်ဘွတ်ကြီးက What's on your mind? ဆိုပြီး မေးထားလေတော့ တော်တော်များများက စိတ်ထဲရှိရာတွေကို ဒီအတိုင်းပဲ ချရေးလိုက်ကြတာပါပဲ။ ဒါပေမယ့် ကိုယ်တို့အားလုံးမေ့နေတာက စိတ်ထဲရှိရာကိုချရေးပြီး Post ဆိုတဲ့ ခလုတ်ကလေးကို မနှိပ်ခင်မှာ ဘေးနားမှာရှိတဲ့ Who should see this? ဘယ်သူတွေ ဒါကိုမြင်သင့်သလဲ ဆိုတဲ့ နေရာလေးကို တစ်ချက်ကြည့်ဖို့ပါ။ အဲဒီ့နေရာမှာ Public- ဖေ့စ်ဘွတ်အသုံးပြုသူအားလုံးကိုပေးသိမှာလား၊ Friends- ကိုယ့်မိတ်ဆွေအဖြစ် လက်ခံထားတဲ့သူတွေချည်းပဲလား၊ Only me- ကိုယ်တစ်ယောက်တည်းသိဖို့လားစသည်ဖြင့် ရွေးချယ်လို့ရပါတယ်။ ဒါပေမယ့် တော်တော်များများကတော့ အဲဒီ့နေရာကို သေချာမကြည့်ဘဲ အရာရာကို Public လုပ်လိုက်ကြတာပါပဲ။ တကယ်တမ်းကျတော့ စိတ်ထဲရှိသမျှအရာရာကို အားလုံးမြင်အောင် Public လုပ်သင့်ရဲ့လား ကိုယ်တို့စဉ်းစားကြရပါမယ်။ ကိုယ့်မှာဆိုရင် အကျင့်တစ်ခုရှိပါတယ်။ တစ်ခါတလေ စိတ်အရမ်းညစ်နေတဲ့အချိန်၊ ဒေါသထွက်နေတဲ့အချိန်တွေမှာ တစ်ခုခုရေးချင်ပြီဆိုရင် ပထမဆုံးအနေနဲ့ Only me ပဲ တင်ထားလေ့ရှိပါတယ်။ နောက်တစ်နေ့ စိတ်နည်းနည်းပြန်ကောင်းလာမှ ပြန်ကြည့်ပြီး လိုအပ်မှ Public သို့မဟုတ် Friends only နဲ့ပြန်တင်ပါတယ်။ ကိုယ့်မှာ ဘယ်သူမှ မမြင်ရတဲ့ Only me နဲ့တင်ထားသော ပို့စ်များစွာရှိပါတယ်။ လွတ်လပ်ပွင့်လင်းလာတဲ့ ခေတ်မှာ Private(ကိုယ်ပိုင်) နဲ့ Public(အများပိုင်) ရောထွေးလာခြင်းဟာ မလိုလားအပ်တဲ့ ပြဿနာတွေကို ဖြစ်စေနိုင်တယ်ဆိုတာကို သတိပြုမိကြဖို့ပါ။ ဒါကြောင့် တစ်စုံတစ်ခုကို တင်တော့မယ်ဆိုရင် မတင်ခင်မှာ ဘယ်သူတွေကို ပေးသိမှာလဲဆိုတဲ့ကိစ္စကို ချိန်ဆကြသင့်ပါတယ်။ Friends Only တင်တဲ့အခါမှာလည်း ယုံကြည်စိတ်ချရဖို့ အစကတည်းက ကိုယ့်ကို Friend လာ add သမျှကို နာမည်လေးလှတိုင်း၊ ပုံလေးလှတိုင်း လက်မခံဘဲ ကိုယ်တကယ် မိတ်ဆွေအဖြစ်ပေါင်းသင်းလို့ရနိုင်တဲ့ သူမျိုးတွေကို လက်ခံထားဖို့၊ မိတ်ဖွဲ့ထားဖို့လိုပါလိမ့်မယ်။ ဒီနေရာမှာ အကြံပြုလိုတာက တစ်ယောက်ယောက်က ကိုယ့်ကို Friend Request လုပ်ပြီဆိုရင် ချက်ချင်းလက်မခံသေးပါနဲ့။ ပထမဆုံးအနေနဲ့ သူဘယ်လိုလူလဲဆိုတာ သိရအောင် သူ့ရဲ့ Wall ကိုခဏလောက် ဖြစ်ဖြစ်သွားလေ့လာသင့်ပါတယ်။ Account တစ်ခုခုကို တိုက်ခိုက်ချင်ပြီဆိုရင် အကောင့်အသစ်တွေဖွင့်ပြီး ဝိုင်းအပ်ကြလေ့ရှိပါတယ်။ **အဲဒီ့လိုပဲ ဘာမှမရေးဘဲ မကောင်းတာ လုပ်ဖို့အတွက်သက်သက်ဖွင့်ထားတဲ့အကောင့်တွေလည်း ရှိပါတယ်။ ဒါကြောင့် အကောင့်ဖွင့်ထားတာမကြာသေးတဲ့ သူတွေ၊ ဘာပို့စ်မှ မတင်တဲ့သူတွေ လာအပ်ပြီဆိုရင် သတိထားပြီးမှ လက်ခံသင့်ပါတယ်။ ဒုတိယအနေနဲ့တော့ သူနဲ့ကိုယ်နဲ့ ကြားမှာ နှစ်ယောက်လုံးနဲ့သိတဲ့မိတ်ဆွေ(Mutual Friend) ဘယ်နှယောက်ရှိသလဲဆိုတာကိုကြည့်ပြီးဖြစ်နိုင်ရင် ကိုယ့်ကိုလာ add တဲ့သူဟာ အစစ်အမှန်ဟုတ်မဟုတ်ကို Mutual friend တစ်ယောက်ယောက်ကနေတစ်ဆင့် မေးကြည့်တာမျိုးလည်း လုပ်သင့်ပါတယ်။** ကိုယ့်ရဲ့ Friend list ကို အမှန်တကယ် စစ်မှန်သောမိတ်ဆွေစာရင်းဖြစ်ဖို့ အခါအခွင့်သင့်တိုင်း စစ်ဆေးပြီး အန် (Un) သင့်တဲ့သူကို အန်၊ ဘလော့သင့်တဲ့သူကို ဘလော့တာမျိုးတွေလည်း အခါအားလျော်စွာလုပ်သင့်ပါတယ်။

**နည်းပညာဟာ မြင်းရိုင်းတစ်ကောင်နဲ့တူပါတယ်။ သူ့ရဲ့သဘောသဘာဝကိုနားလည်ပြီး ထိန်းကျောင်းစီးနင်းနိုင်မယ်ဆိုရင် ကိုယ့်ရဲ့လိုရာခရီးကို မြန်မြန်ဆန်ဆန်နဲ့ရောက်နိုင်ဖို့ အားအင်တွေပေးပါလိမ့်မယ်။ သူ့အထာကိုမနပ်ဘဲ အလျင်စလိုနဲ့တက်စီးမယ်ဆိုရင်တော့ မြင်းရိုင်းပေါ်က ပြုတ်ကျရုံမက မြင်းရိုင်းကန်တာခံရပြီး ဆိုးကျိုးတွေဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံက Facebooker တွေ နည်းပညာတည်းဟူသော မြင်းရိုင်းရဲ့ သဘောသဘာဝကို နားလည်ပြီး လိုရာခရီးအတွက် အကောင်းဆုံး ထိန်းကျောင်းမောင်းနှင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။**

**Credit; https://www.facebook.com/blogger.nayphonelatt**

❐ **"ဖွံ့ဖြိုးတိုးတက်လာတဲ့နည်းပညာတွေက အတုတွေကို အစစ်နဲ့ခွဲခြားရခက်လာအောင် ဖန်တီးပေးပါတယ်။ အဲဒီလို အတုအစစ်ခွဲခြားရခက်စွာ ရောထွေးလာခြင်းနဲ့ ကျွန်တော်တို့ရဲ့အယုံလွယ်တဲ့ စိတ်၊ နည်းပညာဆိုင်ရာသိမှု အားနည်းခြင်းတို့ ပေါင်းစပ်မိသွားတဲ့အခါ မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ပေါ်ပေါက်လာပါတော့တယ်။ ဒါကြောင့် ဖေ့စ်ဘွတ်သုံးစွဲသူတွေအနေနဲ့ အထူးသတိထားကြဖို့က ဖေ့စ်ဘွတ်ပေါ်မှာ မြင်သမျှ၊ တွေ့သမျှအရာရာကို ချင့်ချိန်စဉ်းစားကြပြီးမှ ယုံကြဖို့ပါ။**

❐ **Share ခလုတ်တစ်ချက်ဟာ မူလအကြောင်းအရာမှားရင်လည်း မှားသလောက်၊ မှန်ရင်လည်း မှန်သလောက်၊ ကောင်းရင်လည်း ကောင်းသလောက်၊ ဆိုးရင်လည်း ဆိုးသလောက် သက်ရောက်မှုများစွာ ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ထားဖို့လိုပါမယ်။ ဒါကြောင့် Share ဆိုတဲ့ ခလုတ်တစ်ခု တည်းမှာ မဟုတ်ပါဘူး ... ဘယ်လိုတုံ့ပြန်မှုမျိုးကိုမှ မလုပ်ခင်၊ ကလစ်တစ်ချက်မနှိပ်ခင်၊ ဖုန်းမျက်နှာပြင်လေးကို မတို့ထိခင်တိုင်းမှာ အချိန်လေးခဏဖြစ်ဖြစ် ပေးပြီး ဖြစ်လာနိုင်တဲ့ အကျိုးဆက်ကို တွေးခေါ်မြင်ကြည့်ကြစေချင်"**

**"ကိုယ်တို့အားလုံးမေ့နေတာက စိတ်ထဲရှိရာကို ချရေးပြီး Post ဆိုတဲ့ ခလုတ်ကလေးကို မနှိပ်ခင်မှာ ဘေးနားမှာရှိတဲ့ Who should see this? ဘယ်သူတွေ ဒါကိုမြင်သင့်သလဲဆိုတဲ့ နေရာလေးကို တစ်ချက်ကြည့်ဖို့ပါ။ အဲဒီ့နေရာမှာ Public- ဖေ့စ်ဘွတ်အသုံးပြုသူ အားလုံးကိုပေးသိမှာလား၊ Friends- ကိုယ့်မိတ်ဆွေအဖြစ် လက်ခံထားတဲ့သူတွေ ချည်းပဲလား၊ Only me- ကိုယ်တစ်ယောက်တည်း သိဖို့လားစသည်ဖြင့် ရွေးချယ်လို့ရပါတယ်။ ဒါပေမယ့် တော်တော်များများကတော့ အဲဒီ့နေရာကို သေချာမကြည့်ဘဲ အရာရာကို Public လုပ်လိုက်ကြတာပါပဲ"**

# မြောင်းမြမြို့အတွင်း ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုလွယ်ကူစေရန် အစိုးရနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်

မြောင်းမြ ဧပြီ ၉

**ဧပြီလ ၁ ရက် နံနက်အစောပိုင်းတွင် မြောင်းမြကြိုးတံတား ပြတ်ကျခဲ့သည်။ ထိုသို့ ပြတ်ကျခဲ့ပြီးနောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံ မြို့မိ မြို့ဖများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် အလှူရှင်များသည် ကုန်စည်စီးဆင်းမှုနှင့် ပြည်သူများ ခရီးသွားလာမှု ချောမွေ့လွယ်ကူစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများကို တွေ့ဆုံမေးမြန်းထားသည်။**



ဦးအောင်ကျော်ဇေယျ



ဦးထွန်းထွန်းဦး



ဦးညီညီစန်း



မန်းထွန်းကြိုင်

**ဦးအောင်ကျော်ဇေယျ**
**(မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ ကြိုးတံတားပြတ်ကျတဲ့ညမှာပဲ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးကို လုပ်ပါတယ်။ တံတားပျက်သွားတဲ့အတွက်ကြောင့် ဇက်တွေနဲ့ နှစ်ပိုင်းခွဲပြီး ကားတွေသက်သက်၊ လူတွေသက်သက် ပို့ဆောင်ပေးပါတယ်။ ယနေ့အချိန်အထိ လူတွေရော ကားတွေပါ အခမဲ့ ပို့ဆောင်ပေးပါတယ်။ လာရောက် လုပ်အားပေးတဲ့သူတွေအတွက်လည်း စေတနာရှင်တွေက လာရောက် ကျွေးမွေးပါတယ်။ ကျွန်တော်တို့နဲ့အတူ ဌာနဆိုင်ရာတွေဖြစ်တဲ့ ပို့ဆောင်ရေး၊ မီးသတ်၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့တို့ကလည်း ပူးပေါင်းဆောင်ရွက်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်ပါတယ်။ လူမှုကူညီရေး အသင်းအဖွဲ့တွေအပြင် NLD ပါတီကလည်း လာရောက်ကူညီပါတယ်။ တံတား အခုလို မဖြစ်ခင်ကတည်းက တံတားအသစ်တစ်စင်း ဆောက်နေပါတယ်။ ဒါပေမယ့် အခုလို ပြိုသွားတော့ ထိခိုက်မှုတွေကတော့ ခံရပါတယ်။ လက်ရှိမှာ မြောင်းမြမြို့ကနေလူတွေ၊ ကားတွေ နေ့စဉ်သွားလာနေရပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းပြီး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

**ဦးထွန်းထွန်းဦး(ဥက္ကဋ္ဌ)**
**မြောင်းမြမြို့နယ် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ**

ဒီကြိုးတံတားကြီး ပြတ်ကျသွားတယ်ဆိုတာကို သိလိုက်ရတဲ့ အချိန်မှာပဲ ကျန်တဲ့ရေယာဉ်တွေ အန္တရာယ်မဖြစ်စေရေးအတွက် တားဆီးပြီး အသိပေးမှုတွေ လုပ်ခဲ့ပါတယ်။ ကြိုးတံတားပြတ်ကျတဲ့နေ့ မနက် ၁၀ နာရီလောက်ကနေ စတင်ပြီး ခရီးသည်တွေကို ရေယာဉ်အသေးလေးတွေနဲ့ အခမဲ့ပို့ဆောင်ပေးနေတာပါ။ ခရီးသွားပြည်သူတွေ အဆင်ပြေဖို့ သက်ဆိုင်ရာနဲ့အတူ ပုဂ္ဂလိက စေတနာရှင်တွေက ဇက်သုံးစင်းနဲ့ အခမဲ့ပို့ဆောင်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ရုံးရှိတဲ့ သဲပုံဆိပ်ကမ်းကတော့ ခရီးသွားပြည်သူ အများဆုံးပါပဲ။ မော်တော်ယာဉ်တွေကိုတော့ ပြည်တွင်းရေကြောင်းက အခမဲ့ပို့ဆောင်ပေးပါတယ်။ စဖြစ်တဲ့နေ့ကဆိုရင် ဆိပ်ကမ်းတစ်ခုတည်းကနေ ခရီးသည် ၆၀၀၀ လောက် ပို့ပေးရတယ်။ ဆိပ်ကမ်းနှစ်ခု ပေါင်းလိုက်ရင်တော့ နေ့စဉ် တစ်ရက်ကို ခရီးသည် ၁၅၀၀၀ နဲ့ ၂၀၀၀၀ လောက် ပို့ဆောင်ပေးရပါတယ်။ အဲဒီထဲမှာတော့ မြောင်းမြမြို့နဲ့ လပွတ္တာမြို့က ခရီးသည်တင်ယာဉ်လိုင်းတွေက ခရီးသည်တွေ အများဆုံးပါဝင်ပါတယ်။ အခုလိုဖြစ်ရပ်မျိုးကို မျှော်လင့်မထားသလို ဖြစ်လည်းမဖြစ်ချင်ပါဘူး။ ဒါ့ကြောင့် တတ်နိုင်တဲ့အပိုင်းကနေ အားလုံးပေါင်းစည်းမှုနဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ရေယာဉ်တွေနဲ့ ကူးတဲ့အခါ သတိထားဖို့လိုပါတယ်။ ရေယာဉ်ပိုင်းဆိုင်ရာ တာဝန်ရှိသူတွေက ဘေးန္တရာယ်ကင်းရှင်းဖို့ အသိပေးပြောကြားမှုတွေ လုပ်တဲ့အခါမျိုးမှာ လိုက်နာဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာနဲ့အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ အလှူရှင်တွေ၊ စေတနာ့ဝန်ထမ်းတွေအားလုံး ပူးပေါင်းပြီး ကူညီမှုတွေပြုလုပ်ပေးနေတာကြောင့် ခရီးသွားပြည်သူတွေအတွက် အဆင်ပြေမှာပါ။

**ဦးညီညီစန်း (မြို့နယ်မန်နေဂျာ)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

ဧပြီလ ၁ ရက်နေ့ ကြိုးတံတား ပြတ်ကျပြီးတဲ့နောက် ကျွန်တော်တို့ ရေကြောင်းပို့ဆောင်ရေးအနေနဲ့ ဇက်ရေယာဉ် ရေနယား ၂ နဲ့ ဧပြီလ ၅ ရက်နေ့ ညနေပိုင်းကစပြီးတော့ မြောင်းမြမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ဆိပ်ကမ်းနဲ့တစ်ဖက်ကွယ်လွယ်ဘက်ကမ်း သဲပုံဆိပ်ကို မော်တော်ယာဉ်ငယ်များ တင်ဆောင်ပြီး စတင်စမ်းသပ်ပြေးဆွဲပါတယ်။ ညနေ ၆ နာရီခွဲအထိ သုံးခေါက် ပြေးဆွဲပေးနိုင်ခဲ့တယ်။ ဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်း ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှာပဲ ပုသိမ်က ဦးဝင်းအောင်ကလည်း ပုဂ္ဂလိကပိုင် နေခြည်လင်း ဇက်ရေယာဉ်နဲ့ ဧပြီလ ၆ ရက်နေ့အထိ အခမဲ့ပြေးဆွဲပေးပါတယ်။ အဲ့ဒီနောက်ပိုင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး လမ်းညွှန်ချက်နဲ့ ဇက် ၁၀၇ ရေယာဉ်၊ တောသူမယ်ရေယာဉ်တို့ကို ထပ်မံဖြည့်တင်းပေးထားတယ်။ ဇက် ၁၀၇ ရေယာဉ်က ကားတင်ရေယာဉ်ဖြစ်ပြီး၊ တောသူမယ်ရေယာဉ်က နှစ်ထပ် လူစီးရေယာဉ်ပါ။ ကားတင်တဲ့ ဇက်ရေယာဉ်တွေကတော့ မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ အခမဲ့ပြေးဆွဲပေးမယ်။ ရေနယား ၂ ၊ ဇက်ရေယာဉ် ၁၀၇ ၊ လမ်းတံတားဦးစီးဌာနကလည်း SEA Emperor ဇက်ရေယာဉ်ကြီးနဲ့ အခမဲ့ကူညီပြေးဆွဲပေးနေတယ်။ ဒီနေ့အချိန်ထိပါပဲ။

**မန်းထွန်းကြိုင်(မြောင်းမြမြို့နယ်**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့က ကြိုးတံတား ပြတ်ကျတဲ့အချိန် မရောက်သေးဘူး။ ဧပြီလ ၂ ရက်နေ့မှ ရောက်တာ။ အဖွဲ့အစည်းတွေ အများကြီးက ဆောင်ရွက်ပေးကြတယ်။ အထူးသဖြင့် ပြည်သူတွေ သွားလာမှုအတွက်ပေ့ါ။ ကျွန်တော်ကတော့ လိုအပ်သလို ဦးစားပေးဆောင်ရွက်ပေးဖို့ တောင်းဆိုပါတယ်။ မြောင်းမြမြို့ရဲ့ ကုန်စည်စီးဆင်းမှု အခြေအနေတွေဟာ အဲ့ဒီတော့မှ ပိတ်ဆို့တာတွေ သိရတာပေ့ါ။ တိုင်းဒေသကြီး ဝန်ကြီးတွေလည်း ဆင်းလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တံတားအခြေအနေကိုသိလို့ တံတားအသစ်တစ်စင်း ဆောက်ပေးဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူက လွှတ်တော်မှာ တင်တောင်းတယ်။ ဘတ်ဂျက်ချပေးပြီး လုပ်နေတယ်။ ပြည်သူရဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တံတားကို အကောင်းဆုံးနဲ့ အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ဖို့ တောင်းဆိုမှာပါ။ ဒီဘက်မှာဆို လပွတ္တာ၊ မြောင်းမြကုန်စည်စီးဆင်းမှုက အဓိကပါ။



ဦးစိုးစိုး



ကိုလင်းလင်း



ကိုသူရအောင်

**ဦးစိုးစိုး**
**(မြောင်းမြမြို့ခံလုပ်ငန်းရှင်)**

ကြိုးတံတားကြီး ပြတ်ကျသွားတဲ့အချိန်ကစတင်ပြီး သွားရေး၊ လာရေး တော်တော်ခက်ခဲသွားတာကို တွေ့ရတယ်။ ဒါ့ကြောင့် ကျွန်တော်နဲ့ သူငယ်ချင်းတွေပေါင်းပြီး ငွေကျပ် ၁၅ သိန်း မတည်ခဲ့တယ်။ အဲဒီငွေနဲ့ ဇက်ငှားပြီး ခရီးသွားပြည်သူတွေ အဆင်ပြေအောင် ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို အခမဲ့ပို့ဆောင်ပေးပါတယ်။ အဓိကအနေနဲ့ကတော့ ဆိုင်ကယ်နဲ့ လူတွေကို ပို့ဆောင်ပေးတာပါ။ လူနဲ့ ဆိုင်ကယ်တွေကို တင်လို့ရတဲ့ ဂေါ်လို့ခေါ်တဲ့ ရေယာဉ်နဲ့ ကူးပေးနေတာပါ။ ဧပြီလ ၃ ရက်နေ့မှာတော့ မိတ်ဆွေတစ်ယောက်ရဲ့ ကူညီမှုနဲ့ ဇက်အကြီးတစ်ခု ထပ်မံတိုးချဲ့ပြီး ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ အခုလို လုပ်ဆောင်ပေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ တံတားပျက်ကျပြီး မြို့ပေါ်ကျန်နေတဲ့သူတွေကို တစ်ဖက်ကမ်းကို ပြန်သွားနိုင်ဖို့နဲ့ ဒေသခံတွေ သွားလာမှုအဆင်ပြေအောင် လုပ်ဆောင်တာပါ။ သက်ဆိုင်ရာအနေနဲ့ သွားလာမှုလွယ်ကူစေဖို့ အဖွဲ့တွေ ဖွဲ့သွားမယ်လို့ သိရတယ်။ အဲဒီအဖွဲ့တွေဖွဲ့ပြီး အဆင်ပြေသွားတဲ့အထိ ကျွန်တော်တို့အနေနဲ့ အခုလို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တာ်တို့ လုပ်ဆောင်နေတဲ့ အပိုင်းမှာလည်း သက်ဆိုင်ရာနဲ့အတူ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေ သွားလာမှုလွယ်ကူစေဖို့အတွက် လုပ်အားပေးနေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံစေတနာရှင်လူငယ်တွေကို အလှူရှင်တွေက ရေနဲ့ အစားအသောက်တွေ နေ့စဉ်လှူဒါန်းပေးနေကြပါတယ်။ လတ်တလော အဆင်ပြေရေးအတွက် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ဝင်ရောက်ကူညီပေးနေခြင်းပဲ ဖြစ်ပါတယ်။

**ကိုလင်းလင်း(ခရီးသွားပြည်သူ)**
**မြောင်းမြမြို့၊ မြရတနာရပ်ကွက်**

လက်ရှိ သွားရေးလာရေးကိစ္စကိုတော့ အုပ်ချုပ်ရေးပိုင်းနဲ့ စေတနာရှင်တွေက စီစဉ်ပေးထားတာတွေရှိတော့ အဆင်ပြေပါတယ်။ ပရဟိတအဖွဲ့တွေကလည်း အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြပါတယ်။ ဝမ်းသာစရာလည်း ကောင်းတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကြိုးတံတားကြီးရှိတုန်းကတော့ ခရီးသွားရတာ လွယ်ကူချောမွေ့ပါတယ်။ ကုန်စည်စီးဆင်းမှုလည်း အခက်အခဲမရှိပါဘူး။ အခုကတော့ အချိန်တွေ အများကြီးကြန့်ကြာသွားပါတယ်။ ဒီအခက်အခဲအပေါ်မှာ မူတည်ပြီး ကျွန်တော်တို့အနေနဲ့ နားလည်ပါတယ်။ အစိုးရအဖွဲ့တွေနဲ့ ပရဟိတအဖွဲ့တွေကလည်း ဟိုဘက်ကမ်းကို အခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် အဆင်ပြေပါတယ်။ ကားတွေ၊ ဆိုင်ကယ်တွေကိုတော့ အစိုးရပိုင်ရေယာဉ်တွေက အခမဲ့ပို့ဆောင်ပေးနေပါတယ်။ တံတားကြီးပျက်ကျတဲ့အတွက်ကြောင့် ကုန်စည်စီးဆင်းမှုတွေ အခက်အခဲဖြစ်ပေမယ့် ကုန်သည်တွေအနေနဲ့ သူတို့ရဲ့ကုန်ပစ္စည်းတွေကို ရေယာဉ်တွေနဲ့တစ်ဆင့် သယ်ဆောင်ကြရလို့ ကုန်ဈေးနှုန်း သိသိသာသာ တက်သွားတာမျိုးတော့ မရှိပါဘူး။ အခု ဆောင်ရွက်နေတဲ့ ကြိုးတံတားကြီး ကြံ့ခိုင်မှုပြည့်ဝစွာနဲ့ အမြန်ဆုံးအကောင်အထည် ပေါ်လာဖို့ မျှော်လင့်ပါတယ်။

**ကိုသူရအောင်(စေတနာ့ဝန်ထမ်း)**
**မြောင်းမြမြို့ကရုဏာရှင်လူငယ်များ ပရဟိတအဖွဲ့**

အထုပ်အပိုးတွေ၊ ဆိုင်ကယ်တွေနဲ့ လာတဲ့သူတွေကို ဇက်ပေါ်ကိုကူညီပြီး တင်ဆောင်ပေးပါတယ်။ တံတားစတင်ပျက်ကျတဲ့နေ့ကတည်းက သူငယ်ချင်းတွေနဲ့အတူ ကူညီဆောင်ရွက်ပေးကြတာပါ။ အထူးသဖြင့်ကတော့ ဆိုင်ကယ်တွေကို ဇက်ပေါ်ကိုတင်တဲ့ အခါမှာ တစ်ဦးတစ်ယောက်တည်းနဲ့ လုပ်ဖို့ အခက်အခဲရှိပါတယ်။ ဒါကြောင့် ခရီးသွားပြည်သူတွေ အဆင်ပြေအောင် အခုလို လုပ်ဆောင်ပေးရတာပါ။ ပြည်သူတွေ အခက်အခဲကြုံတွေ့နေတဲ့ အခါမှာ အခုလို ပါဝင်ကူညီခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ စေတနာရှင်တွေကလည်း ကျွန်တော်တို့အတွက် အစားအသောက်တွေ လှူဒါန်းကြပါတယ်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်၊ ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## မီးဘေးသင့်အိမ်ထောင်စုခုနစ်စုအား ထောက်ပံ့ငွေပေးအပ်

**လုံးခင်း ဧပြီ ၉**

ကချင်ပြည်နယ် လုံးခင်းကျေးရွာအုပ်စု မလောင်ရွာ ရာအိမ်မှူးရုံးတွင် ဧပြီ ၉ ရက် မွန်းတည့် ၁၂ နာရီက မီးဘေးသင့် အိမ်ထောင်စု ခုနစ်စုအား မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ဧပြီ ၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က မလောင်ရွာတွင် ရွှေရခိုင်ဆံသဆိုင်မှ အိမ်ငှားဖြစ်သူ မင်းဌေးသည် ဖယောင်းတိုင်မီးထွန်းထားပြီး အိပ်ပျော်သွားရာမှ အနီးရှိ ထရံသို့ မီးကူးစက်လောင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် စုစုပေါင်း နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးဘေးသင့် အိမ်ထောင်စုခုနစ်စုမှ မိသားစုဝင် ၂၃ ဦးတို့ မီးဘေးသင့်ခဲ့သဖြင့် မလောင်ကျေးရွာ ဘုန်းကြီးကျောင်းသို့ ယာယီပြောင်းရွှေ့နေရာချထားကြောင်း သိရသည်။



အဆိုပါ မီးဘေးသင့်အိမ်ထောင်စုခုနစ်စုအား လုံးခင်းကျေးရွာအုပ်စု ကုဋေကျေးရွာ မလောင်ရာအိမ်မှူးရုံးတွင် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးက အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

## စဥ့်ကူးမြို့၌ ပြင်းအားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**စဥ့်ကူ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်တွင် ယနေ့ ၁၂ နာရီ ၁၀ မိနစ်ခန့်က ပြင်းအားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း သိရသည်။

အဆိုပါမြေငလျင်သည် စဥ့်ကူးမြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်ကွာကို ဗဟိုပြု၍ ပြင်းအားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ ပြင်းအားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားပြီး ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# မဟာမုနိရုပ်ရှင်တော် (၆၈)ကြိမ်မြောက် ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းမှ ယခင်နှစ်များထက် ရွှေ ၁၆ ပိဿာကျော် စံချိန်တင်ပိုမိုရရှိ

**မန္တလေး မေ ၉**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်တွင် ဖေဖော်ဝါရီ ၂ ရက်မှ စတင်၍ (၆၈)ကြိမ်မြောက် ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် ရွှေမိုက်ထုတ်လုပ်ငန်း နောက်ဆုံးအဆင့် မီးလင်းရွှေစင်ထုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်များထက် ရွှေ ၁၆ ပိဿာကျော်အထိ စံချိန်တင်ပိုမိုရရှိခဲ့သည်။

"မဟာမုနိဘုရားကြီး၏ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းရဲ့နောက်ဆုံးအဆင့်ဖြစ်တဲ့ ရွှေသန့်စင်ခြင်း လုပ်ငန်းကို ဒီနေ့ အားလုံးပြီးစီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါပြီ၊ ထွက်ရှိလာတဲ့ သန့်စင်ပြီး ရွှေအလေးချိန် စုစုပေါင်းကတော့ ၁၆ ပိဿာ ၅၈ ကျပ် ၁၀ ပဲ ၃ ရွေးတိတိ ဖြစ်ပါတယ်၊ ဒီအလေးချိန်ကို ဒစ်ဂျစ်တယ်ချိန်ခွင်နဲ့ အတိအကျ ချိန်တွယ် မှတ်တမ်းတင်ထားပါတယ်၊ အခုနှစ် ထွက်ရှိလာတဲ့ ရွှေအလေးချိန်ပမာဏဟာ အလွန်တရာမှ ကြည်နူးဝမ်းမြောက်ဖွယ် ဖြစ်ပါတယ်၊ ခေတ်အဆက်ဆက် စံချိန်တွေကို ကျော်လွန်အောင် ထွက်ရှိခဲ့တဲ့ စံချိန်သစ်တစ်ရပ်လည်း ဖြစ်ပါတယ်၊ ရွှေပိဿာချိန်များစွာ ထွက်ရှိလာသော အကြောင်းရင်းကိုလည်း ရှင်းလင်းပြတ်သားစွာ သိရှိနိုင်ကြဖို့ တင်ပြပါမယ်၊ မဟာမုနိဘုရားကြီးမှာ ယခုနှစ်တွင် ရွှေနဲ့ပတ်သက်တဲ့ လုပ်ငန်းအသစ်နှစ်ခု တိုးလာတာကြောင့် ခုလို ရွှေပိဿာချိန်တွေလည်း တိုးလာရခြင်းဖြစ်ပါတယ်၊ ပုံမှန်အားဖြင့် ရွှေမိုက်ထုတ်ရာမှာ ရွှေလောင်းစက္ကူ(ရွှေကပ်ပြီး၍ အမိုက်ပုံးသို့ စွန့်ပစ်လိုက်သော စက္ကူများ) အိတ်အနည်းအများပေါ် မူတည်ပြီး ၆ ပိဿာကျော်ကနေ ၇ ပိဿာကျော်လောက်အထိ ပုံမှန်ထွက်ပါတယ်၊ ရွှေအလေးချိန်တိုးလာရတဲ့အကြောင်းရင်းဖြစ်တဲ့ အခြားရွှေ လုပ်ငန်းစဉ်နှစ်ရပ်ကတော့ (၁)ကျောင်းတော်ကြီး ရွှေအသစ်ချရန် ရွှေအဟောင်းများ ပွတ်ထားသောရွှေများ၊ (၂)ထုပိကာမှ ပျက်စီးယိုယွင်းနေသော ရွှေပြားများ အသစ်လဲလှယ်ခြင်းတို့ပဲဖြစ်ပါတယ်၊ အဲဒီလုပ်ငန်းသစ် နှစ်ခု တိုးလာတာကြောင့် ရွှေမိုက်ထုတ်ရာမှာ ရွှေပိဿာတွေတိုးလာခြင်းဖြစ်ပါတယ်၊ သန့်စင်ပြီး ရွှေတွေကို ဂေါပကအဖွဲ့နဲ့အတူ ဩဝါဒါစရိယ ဆရာတော်ကြီးတွေဆီမှာ အပ်နှံပြီး ချိတ်ပိတ်ကာ ဘုရားဘဏ္ဍာတော်တိုက်တွင် သိမ်းဆည်းပါမယ်"ဟု မိုက်သူကြီး ဦးအောင်မိုးက ရှင်းလင်းပြောကြားသည်။

ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းကို မဟာမုနိရုပ်ရှင်တော် ဂန္ဓကုဋိတိုက်တော်တွင်းရရှိတဲ့ ရွှေလောင်စက္ကူ၊ သစ္စေးတံ၊ ဖိဝ္ဂမ်းလိပ်၊ လက်သုတ်ပဝါ၊ အထက်ပလ္လင်မြေမှုန့်၊ အောက်ပလ္လင်မြေမှုန့် တို့ကို တစ်နှစ်စာ စုဆောင်းသိမ်းဆည်းထားပြီး ရွှေမိုက်ထုတ်ခြင်းဖြစ်ကြောင်း ရွှေမိုက်ထုတ်ယူရာတွင် မိုက်သူကြီး အပါအဝင်လူအင်အား ၂၀ ခန့်ဖြင့် ရွှေပါသော အရာဝတ္ထုတို့ကို သန့်စင်သော ရွှေဖြစ်အောင် အဆင့်ဆင့်ပြုလုပ်ရပြီး လုပ်ငန်းအားလုံးပြီးစီးသည်အထိ အချိန် နှစ်လကျော် ကြာမြင့်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန္တလေး ဈေးချိုတော် သင်္ကြန်အကြိုနေ့မှစ၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ပိတ်မည်

**မန္တလေး မေ ၉**

မန္တလေးဈေးချိုတော်ရေိယာအတွင်းရှိ ဈေးများကို သင်္ကြန်အကြိုနေ့ မေ ၁၃ ရက် မှ မြန်မာနှစ်ဆန်းတစ်ရက် မေ ၁၇ ရက်အထိ ပိတ်မည်ဖြစ်ကာ နှစ်ဆန်း ၂ရက် မေ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ဈေးချိုတော်ကို အစိုးရနှစ်သစ်ကူးရုံးပိတ်ရက်အတိုင်း ပိတ်မှာပါ၊ ဈေးပွဲတော်တွေ ဘာတွေတော့ မလုပ်တော့ပါဘူး၊ ယာဉ်ကြောကျပ်တာ ပိတ်တာတွေဖြစ်မှာ စိုးတာရော၊ နောက်ပြီး ဈေးချိုတော်ဆိုတာက အရင်ကတည်းက အထက်မြန်မာပြည် အောက်မြန်မာပြည်က ဈေးသည် ဈေးဝယ်တွေ ကုန်စည်ဖလှယ်ရာ အဓိကဈေးပါ၊ အခါကာလဆိုတော့ ဆိုင်တိုင်းနီးပါး အရောင်းအဝယ် ကောင်းကြပါတယ်၊ ကျွန်တော့်ဆိုင်ဆိုလည်း အခုမြင်ရတဲ့အတိုင်းပဲ နယ်ဝယ်လက်တွေ လက်ကားပေးနေရတာနဲ့တင် လက်လီမရောင်းနိုင်ဘူး၊ ဆိုင်ဝန်ထမ်းတွေဆိုလည်း ဒီဘက်ရက် ပိုပင်ပန်းကြတယ်၊ နှစ်တိုင်း သင်္ကြန်အပိုဆုကြေးပေးပါတယ်" ဟု အဆင့်မြင့်ဈေးချိုတော်ရှိ အထည်ဆိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဈေးချိုတော်၌ သင်္ကြန်တွင်းနှင့် နှစ်ဆန်းတစ်ရက်နေ့ ဝတ်ဆင်ရန်၊ မိဘဆရာသမား လူကြီးများကို ကန်တော့ရန်၊ လက်ဆောင်ပေးရန်၊ အလှူအတန်းပြုလုပ်ရန်နှင့် တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူကြသူများနှင့် အရောင်းအဝယ် ကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။

**အောင်စံမောင်**

# ဖျာပုံမြို့နယ်တွင် သင်္ကြန်ကာလ မှုခင်းကျဆင်းရေး ရဲတပ်ဖွဲ့မှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဖျာပုံ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မူးယစ်တပ်ဖွဲ့တို့ ပူးပေါင်းကာ ပြည်သူလူထုအတွင်း မှုခင်းဖြစ်ပွားမှု ကျဆင်းစေရေး အသိပေးဆွေးနွေးခြင်းများကို မေ ၉ ရက် နံနက်ပိုင်းတွင် လူစည်ကားရာနေရာများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အထူးသဖြင့် သင်္ကြန်ကာလမှာ မှုခင်းဖြစ်ပွားမှု လျော့ကျနေစေရေး၊ အတွက် ပြည်သူလူထုကြား မှုခင်းကြိုတင်ကာကွယ်နိုင်တဲ့ အသိပညာတွေ ပြန့်ပွားစေရေးအတွက် ရည်ရွယ်ပြုလုပ်နေရခြင်း ဖြစ်ပါတယ်"ဟု မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦးက ပြောသည်။



ဖျာပုံမြို့နယ်အတွင်း၌ မှုခင်းကျဆင်းရေး အသိပညာလုပ်ငန်းများကို မေ ၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦး ဦးဆောင်၍ တာဝန်ရှိသူများက လူစည်ကားရာ ဖျာပုံမြို့မဈေး ၊ ၁၀ နာရီဈေး၊ ကားဂိတ် စသည့် လူစည်ကားရာနေရာများ၌ မုဒိမ်းမှု၊ လူသတ်မှု ၊ ခိုးမှုများ ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ၊ ပြစ်မှုပြစ်ဒဏ်များပါဝင်သော မှုခင်း အသိပညာပေး စာစောင်များ ပြည်သူလုထုလက်ဝယ်အရောက် ဝေငှခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းတို့ဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဖျာပုံမြို့တွင် သင်္ကြန်ကာလအတွင်း၌ မှုခင်းများကျဆင်းစေရေးအတွက် ပြည်သူလူထုအလွှာစုံအား အသိပညာပေးဟောပြောဆွေးနွေးခြင်းကို လာမည့် မေ ၁၁ ရက် ညနေ ၄ နာရီတွင် ဆရာဇော်ဂျီစာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို တက်ရောက် နားထောင်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **သူဇာနွယ် (ဖျာပုံ)**

# လျှင်ဒဏ်ကြောင့် ယိုယွင်းပျက်စီးခဲ့ရသော ပုဂံဘုရားစေတီ ၃၈၉ ဆူအနက် ၃၀၂ ဆူ ပြုပြင်ပြီးစီး

**ညောင်ဦး မေ ၉**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သောလျှင်ဒဏ်ကြောင့် ပုဂံဘုရားပေါင်း ၃၈၂၂ ဆူ ရှိသည့်အနက် ၃၈၉ ဆူ ယိုယွင်းပျက်စီးခဲ့ရပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်းမှ စေတနာရှင်များ၏လှူဒါန်းမှုဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားစေတီ ၃၀၂ ဆူ ပြုပြင်ပြီးဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ မှ သိရသည်။

**၈၀ ရာခိုင်နှုန်းလောက် ပြီးစီး**

"လျှင်ဒဏ်ကြောင့် ပြုပြင်ထိန်းသိမ်းဖို့လိုတဲ့ ဘုရားစေတီတွေထဲကမှ အုပ်စုသုံးစုခွဲရင် ပျက်စီးမှု အများဆုံး ၃၆ ဆူ၊ ဒုတိယထိခိုက်မှုအများဆုံးဘုရား၅၃ ဆူ၊ အနည်းငယ်ထိခိုက်မှုရှိခဲ့တဲ့ ဘုရားအရေအတွက်က အဆူ ၃၀၀ ဖြစ်ပါတယ်၊ ပျက်စီးမှုတွေကို ဆက်တိုက်ပြုပြင်ထိန်းသိမ်းခဲ့တဲ့အတွက် ပြုပြင်ပြီးစီးမှုအနေနဲ့ ဘုရား ၃၀၂ ဆူ ရှိပါပြီ၊ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းလောက် ပြင်ပြီးပြီလို့ ပြောလို့ရပါတယ်၊ ကျန်တာကိုတော့ ဆောင်ရွက်ဆဲပါ" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောသည်။

**စစ်ဆေးခြင်းများအဆင့်လိုက် လုပ်ဆောင်**

ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဖွဲ့စည်းပေးသည့် စီမံခန့်ခွဲမှုကော်မတီက လှူဒါန်းလာသည့် ငွေကြေးများကို ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကာ ဘုရားများပြုပြင်မည်ဆိုပါက မည်သည့်ဘုရားကိုပြင်မည်၊ မည်သို့ဆောင်ရွက်မည်ဆိုသည်ကို မှတ်တမ်းဓာတ်ပုံ၊ ပျက်စီးမှုအတိုင်းအတာ၊ တွက်ချက်မှုများဖြင့် ကော်မတီထံ တင်ပြရကြောင်း၊ ပူးပေါင်းညှိနှိုင်းရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးကော်မတီနှင့် တွက်ချက်မှုစစ်ဆေးရေးအဖွဲ့များလည်းရှိပြီး တင်ပြလာသည့် Estimates များကို စစ်ဆေးကြောင်း၊ အစည်းအဝေးထိုင် စစ်ဆေးခွင့်ပြုကာ လုပ်ငန်းများ ဆောင်ရွက်စေပြီး လုပ်ငန်းအစီရင်ခံစာတင်ခြင်း၊ အရည်အသွေး စစ်ဆေးမှတ်တမ်းတင်ခြင်း၊ မြို့နယ်စာရင်းစစ်ဦးစီးဌာနက စစ်ဆေးခြင်းများ စနစ်တကျ အဆင့်လိုက် လုပ်ဆောင်ကြရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**ဇေယျတု(မကွေး)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သင်္ကြန်ပိုး | အုန်းသွင်အောင် | ၃၀၀၀ | မျိုးဆက်သစ် |
| ၂ | အဖေကြီးနှင့် ခရီးသွားခြင်း | ဒေါက်တာတင်အောင် | ၂၀၀၀ | မိုးသိင်္ဂီစာပေ |
| ၃ | ညနေခင်း၏ ကြိုးများ | ကလောင်စုံ | ၁၅၀၀ | နှစ်ကာလများ |
| ၄ | လူတိုင်းနေ့စဉ် အသုံးပြုနိုင်တဲ့ ကရုဏာနှင့်မုဒိတာ | ဒေါက်တာ အရှင်ဓမ္မသာမိ | ၃၀၀ | စာပေလောက |
| ၅ | ရွက်ခြောက်ကြွေ အိပ်မက်ကဗျာစုစည်းမှု | ကလောင်စုံ | ၁၅၀၀ | Pico Media |
| ၆ | အောင်မြင်ချင်သူတွေ ဖတ်ဖို့ အတွေးသီအိုရီ(၁၀၀) | အကြီးကိုကို(ကသာ) | ၂၅၀၀ | Global Piece Group |
| ၇ | အမေးရှိအဖြေညှိ ကျန်းမာရေးအသိ | ပေါက်ပေါက် | ၁၅၀၀ | ရန်အောင် |
| ၈ | ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံး လုပ်နည်းများ | ဦးအုန်းသန်း(ဥပဒေ) | ၄၀၀၀ | Global Piece Group |
| ၉ | အိမ်မွေးကြောင်များကို ပြုစုစောင့်ရှောက်ခြင်း | ပေါက်ပေါက် | ၃၀၀၀ | Wisdom house |
| ၁၀ | မြူခိုးဝေဝေ ကန်ရေဖွေးဖွေး | ဒီနိုဗို | ၂၅၀၀ | ငါတို့စာပေ |
| ၁၁ | တောမီးတစ်ကွက် ရေးခဲ့ကြိုက်တဲ့ (၁၀) ပုဒ် | မောင်ဆွေခင် | ၂၅၀၀ | Global Piece Group |
| ၁၂ | မြောက်ဖျားဒေသစစ်သားဘဝ အမှတ်တရပုံရိပ်များ | နေငြိမ်း | ၃၀၀၀ | မျိုးဆက်သစ် |
| ၁၃ | လွတ်လပ်ရေးရွှေရတု ပြည်တွင်းစစ်နှစ် (၅၀) | အောင်စောဦး | ၁၄၀၀၀ | ခေတ်ပြတိုက် |
| ၁၄ | မိမိကိုယ်ကိုယ် ဆုံးမခြင်း | အရှင်ပညိန္ဒ | ၁၀၀၀ | ယဉ်မျိုး |
| ၁၅ | ကဗျာများ | ခိုင်သစ် | ၂၅၀၀ | နှစ်ကာလများ |
| ၁၆ | အက္ခရာ | ဦးဘုန်း(ဓာတု) | ၂၀၀၀ | လင်းလွန်းခင် |
| ၁၇ | အောင်မြင်သူ တစ်ယောက်ဖြစ်ဖို့ | ဖအောင်(ခမ်းတီလုံ) | ၂၂၀၀ | ကလောင်သစ် |
| ၁၈ | ရောဂါပြန် သက်တော်ရှည်ဆေး | ဦးကျော်ဇေယျ | ၁၂၀၀ | မယ်နှင့်မောင် |
| ၁၉ | မြန်မာအသံထွက်ကို အင်္ဂလိပ်အက္ခရာဖြင့်ရေးနည်း | MR Sunny | ၂၀၀၀ | မယ်နှင့်မောင် |
| ၂၀ | နေခမြစ်ဖျား အဒမ်ဝမ်တစ်ခွင် | ရွှေဝင်း | ၃၅၀၀ | နေရီရီ |
| ၂၁ | မြန်မာ့ရေးရာ အမှတ်(၇)၊ မေ ၂၀၁၈ | ကလောင်စုံ | ၃၀၀၀ | ခူဝံ |
| ၂၂ | သေနင်္ဂ 27th March, 2018 Vol-8 | ကလောင်စုံ | ၅၀၀၀ | သေနင်္ဂမဂ္ဂဇင်းတိုက် |
| ၂၃ | The Seven- Decade Journey of MOFA 1947-2018 | Ministry of Foreign Affairs | ၇၅၀၀ | Myanmar Heritage Myanmar |
| ၂၄ | မွန်စာဖွဲ့စည်းပုံနှင့် ပျူစာဖွဲ့စည်းပုံ နှိုင်းယှဉ် လေ့လာချက်နှင့် မြစ်သားကျောက်စာ | နိုင်ဘီထောမွန်ဇြ | ၁၅၀၀ | လှကျင်စာပေ |
| ၂၅ | မင်းမြှောင်မိစ္ဆာကြီးနှင့် အလိုတူအလိုပါလိုလို ရောယောင်လိုလို အူကြောင် | ရွှေဖိုးခေါင် | ၂၀၀၀ | B Media Wash |
| ၂၆ | သမိုင်းထဲက မဟာအာဇာနည် သူရဲကောင်းဗိုလ်ချုပ်အောင်ဆန်း | မောင်မြင့်ထွန်း | ၁၂၀၀ | အောင်သပြေစာပေ |
| ၂၇ | လမ်းမှန်သို့ပြသော ဖက်ဒရယ်ကြယ်ပွင့် | မီလှိုင်မဏိ | ၅၀၀၀ | လှကျင်စာပေ |

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် အင်းစိန်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေမှု အခြေအနေအား စစ်ဆေး

**နေပြည်တော် မေ ၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာ သုံးစွဲနိုင်ရေး၊ ဗို့အားကျဆင်းမှုမရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်းရှိ မြောက်ပိုင်းခရိုင်ရုံးခွဲရုံသို့ ကြည့်ရှုစစ်ဆေးသည်၊

လက်ရှိတွင် အဆိုပါ ၆၆/ ၆.၆ ကေဗွီ ၂၀ အမ်ဗွီအေ မြောက်ပိုင်းခရိုင်ရုံးခွဲရုံမှ အင်းစိန်မြို့နယ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးထားရှိပြီး ဓာတ်အားပို့လွှတ်သုံးစွဲနေမှုအခြေအနေ၊ ထပ်မံတိုးတက်သုံးစွဲလာမည့် အခြေအနေများအား စစ်ဆေးခြင်းတို့အပြင် အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် ရွာလယ်လမ်းနှင့် ရွာမအနောက်ရပ်ကွက် ချမ်းမြေ့လမ်းတို့တွင် ဓာတ်အားသုံးစွဲနေသည့် ပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းနေမှု အခြေအနေတို့အား စစ်ဆေးကြည့်ရှုခဲ့သည်၊



ထို့အပြင် အင်းစိန်မြို့နယ်၏ လက်ရှိဗို့အားအခြေအနေနှင့် ရပ်ကွက်နေပြည်သူများ ဓာတ်အားသုံးစွဲမှု အခြေအနေများကို စစ်ဆေး၍ ဗို့အားအတက်အကျဖြစ်ပွားမှုအား ထိန်းညှိဆောင်ရွက်ပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်၊ **သတင်းစဉ်**

**ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် အင်းစိန်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် မေ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်၊

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်၊

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်၊ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်၊

**မိုး/ဇလ**

# သင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဆောင်ရွက်မည့် လုံခြုံရေးနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ဦးဆောင်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ မေ ၉ ရက်က မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဆောင်ရွက်မည့် လုံခြုံရေးနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်ထွေးက မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ရမည့် စီမံချက်အား ဆွေးနွေးပြီး တက်ရောက်လာကြသူများက ၎င်းတို့ဒေသအလိုက် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်ထွေး၊ တိုင်းအကူ ရဲတပ်ဖွဲ့ ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ တပ်ဖွဲ့များမှရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် လုံခြုံရေးအပြည့်အဝဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သင်္ကြန်ပွဲတော်ကျင်းပရန် ပြင်ဆင်ထားပြီးဖြစ်

**ရန်ကုန် မေ ၉**


မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် အတာသင်္ကြန်ပွဲတော်မတိုင်မီ မေ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် သင်္ကြန်ပွဲတော်၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ Yangon Zoo Thingyan ပွဲတော်ကို ကျင်းပသွားမည်ဖြစ်ပြီး ကန်တော်ကြီးတံတားပေါ်၌ အများပြည်သူ လမ်းလျှောက်သင်္ကြန်ဆင်နွှဲနိုင်ရန်အတွက်လည်း ထီးအလှတပ်ဆင်လျက်ရှိကြောင်း သိရသည်၊

"သင်္ကြန်မှာ အပူဒဏ်များတော့ ရေဆော့ပြီးလို့ နေ့ခင်းပိုင်း အနားယူဖို့ အရိပ်အာဝါသကောင်းကောင်းနဲ့ အပန်းဖြေအဆောင်တွေ ထားရှိပေးထားပါတယ်၊ ရန်ကုန် ဇူးသင်္ကြန်ကို သုံးရက်ကျင်းပမှာပါ၊ ရိုးရာ အုန်းလက်မဏ္ဍပ်တွေမှာ မည်သူမဆို ပါဝင်ဆော့ကစားလို့ရမယ်၊ ပြီးတော့ စတုဒိသာမဏ္ဍပ်တွေမှာ ဝင်ရောက်စားသောက်နိုင်သလို ကိုယ်တိုင်လည်း မုန့်လုံးရေပေါ်လုံးနိုင်တယ်၊ ရုပ်သေးအရုပ်မျိုးစုံ ချိတ်ဆွဲထားတဲ့နေရာမှာလည်း အမှတ်တရဓာတ်ပုံရိုက်လို့ရအောင်ဆောင်ရွက်ပေးထားပါတယ်"ဟု Admin manager ဦးမျိုးကျော်က ပြောသည်။

ယမန်နှစ် သင်္ကြန်ပွဲတော်ကာလတွင် နေ့လည်ပိုင်း အပူဒဏ်ရှောင်၍ အနားယူလိုသော ပြည်သူများ ပြည်သူ့ရင်ပြင်၊ ကန်တော်ကြီးနှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့တွင် အနားယူအပန်းဖြေခဲ့ကြပြီး အရိပ်အာဝါသကောင်းမွန်၍ တိရစ္ဆာန်မျိုးစုံကြည့်ရှုနိုင်သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တစ်ရက်လျှင် လူဦးရေသုံးသောင်းခန့် လာရောက်အပန်းဖြေလေ့ရှိကြောင်း သိရသည်။

နွေအပူရှိန်ပြင်းထန်သော သင်္ကြန်ကာလ၌ ပြည်သူများ ကျန်းမာရေးသတိအထူးသတိပြုရန်လိုအပ်ပြီး နေ့လည်ပိုင်းတွင် သစ်ရိပ်၊ ဝါးရိပ်ပေါများသောနေရာတို့တွင် အနားယူအပန်းဖြေရန်လိုအပ်ကာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ရာ ကန်တော်ကြီးအတွင်းရှိ ဦးထောင်ဘိုအဝိုင်း ဝင်ပေါက်အနီးမှ ငါးပြတိုက်ထိ ပေတစ်ထောင်ကျော် တံတားခင်းကျင်းမှု ပြီးစီးနေသော ထိုတံတားပေါ်တွင် ကုမ္ပဏီတစ်ခုမှ အများပြည်သူအပန်းဖြေနိုင်ရန်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ဆင်နွှဲနိုင်ရန် တံတားပေ ၅၀၀ အရှည်တွင် ထီးအလက် ၅၀၀ ဖြင့် အလှဆင် တပ်ဆင်လျက်ရှိကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ-သန်းစိုး**



## ဒလမြို့နယ် မဟာသင်္ကြန်ပွဲ ယခင်နှစ်များနှင့်မတူ စည်ကားစွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထား

**ရန်ကုန် မေ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အတာသင်္ကြန်ပွဲကို ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများအသီးသီး ဖွဲ့စည်းတာဝန်ခွဲဝေသတ်မှတ်လျက် ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များကို မေ ၁၀ ရက်အပြီး စီစဉ်ဆောက်လုပ်နေသည်ကို တွေ့ရသည်။

အတာသင်္ကြန်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဒေါက်တာဝင်းမြင့်+ဒေါ်ခိုင်ခိုင်ဦး မိသားစု (မေတ္တာမွန်ကုမ္ပဏီလီမိတက်)မှ ငွေကျပ်သိန်း ၁၀၀၊ New City Light Construction Co.,Ltd မိသားစုက ငွေကျပ်သိန်း ၅၀ ၊ ဟဲပီးကော်ဖီမစ် မိသားစုက ငွေကျပ် ၂၅ သိန်း မတည်လှူဒါန်းပြီး ရပ်နီးရပ်ဝေး အလှူရှင်များ ပူးပေါင်းလှူဒါန်းခြင်းဖြင့် Spider Music Bank တေးဂီတအဖွဲ့နှင့် ပင်တိုင်တေးသံရှင်များကို ဖိတ်ကြားထားသည်။ ဒလမြို့နယ် မမများယိမ်းအဖွဲ့နှင့်အတူ ရပ်ကွက်၊ ကျေးရွာ၊ ပညာရေးကျောင်းများမှ ယိမ်းအဖွဲ့ ၁၇ ဖွဲ့ကလည်း မြန်မာ့ရိုးရာယိမ်းအကများဖြင့် ပါဝင်ကပြဖျော်ဖြေပေးမည်ဖြစ်ပြီး လုံခြုံရေးကိစ္စရပ်များကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းကာ အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီဝင် ဦးကျော်မြင့်ဦးက ပြောသည်။

**အံ့ကြီးမောင်(ဒလ)**



**ဖြည့်စွက်ဖတ်ရှုပေးပါရန်**

မေ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိသော "သီပေါဒေသရှိ ချောင်းဆုံအပန်းဖြေစခန်း ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်လျက်ရှိ" သတင်း၌ "မော်တော်စီးခမှာ လူတစ်ဦးလျှင် အသွားအပြန် ငွေကျပ် ၂၅၀၀၀ ကုန်ကျမည်"ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။ **စာတည်းအဖွဲ့**

မြန်မာ-ထိုင်းဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်းအစီအစဉ်စာအုပ် မိတ်ဆက်ပွဲအခမ်းအနား

၂၀၁၈ ခုနှစ်၊ ဧပြီလ (၁၀) ရက် Park Royal Hotel, နေပြည်တော်

# နန့်စလိန်ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေ ဒုတိယဝန်ကြီးဦးကျော်လင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းတို့သည် ဧပြီ ၇ ရက်က ခန္တီး-ဆင်သေ-လဟယ်လမ်း၊ နန့်စလိန်ကြိုးတံတားကြံ့ခိုင်မှုအခြေအနေ၊ ပါဆောင် - ပါရိုး - ထန်ပါခွေလမ်းနှင့် လဟယ်-ဒုံဟီး-နန်းယွန်းလမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ခန္တီး-ဆင်သေ-လဟယ်လမ်း မိုင် (၁၁/၂-၁၁/၃) ကြား ကျောက်လမ်းခင်းနေမှု အခြေအနေ၊ မိုင် (၂၀/၁)အနီး ကျောက်စီမြေကာနံရံ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းများခင်းရာတွင် ရေရှည်ကောင်းမွန်အောင် စေတနာထားဆောင်ရွက်ကြရန်၊ ကျောက်အရွယ်အစား မှန်ကန်စွာအသုံးပြုသွားကြရန်မှာကြားသည်။ ထို့နောက် မိုင် (၂၄/၅) ရှိ နန့်စလိန်ကြိုးတံတား၏ ကြံ့ခိုင်မှုအားစစ်ဆေးရာတွင် တံတား၏ဆိုင်းကြိုးများ၊ Suspender Rode များနှင့် Bolts and Nuts များအား ပုံမှန်စစ်ဆေးသွားကြရန်မှာကြားသည်။ ယင်းတံတားနေရာတွင် တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက နန့်စလိန်ချောင်းတွင် သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်မည့်ပုံစံနှင့် မြေပြင်အခြေအနေကို တင်ပြရာဒုတိယဝန်ကြီးက တံတားပုံစံအား အတည်ပြုပေးသည်။

ထို့နောက် မိုင် (၄၃/၀) ရှိ ဝေ့ထိုက်တံတား၏ ရေလမ်းကြောင်းအခြေအနေ၊ သံခြင်းများနှင့် Gabim Wall ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပါဆောင်-ပါရိုး-ထန်ပါခွေလမ်းနှင့် လဟယ်-ဒုံဟီး-နန်းယွန်းလမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၈ ရက်တွင် ခန္တီးမြို့ရှိ GTI သင်တန်းကျောင်းအတွင်း အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ အဆောက်အဦအထူးအဖွဲ့ (၁၀) မှ တည်ဆောက်နေသော ပေ (၁၅၀ × ၇၅ ) အလုပ်ရုံ (Steel Structure) ဆောက်လုပ်နေမှုနှင့် အဆိုပါကျောင်းအတွင်း ကျောက်စီမြေကာနံရံတည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၉

**မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။**

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ဧပြီ ၁၄ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၅ ရက်တွင် လည်းကောင်း၊ ကြေးမုံသတင်းစာမှ စနေနေ့တိုင်းထုတ်ဝေသည့် တိုင်းရင်းသားရေးရာအချပ်ပိုကို ဧပြီ ၁၄ ရက်တွင် လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်း ထုတ်ဝေသည့် မျိုးဆက်သစ်ရင်ပြင်အချပ်ပိုကို ဧပြီ ၁၅ ရက်တွင် လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာမှ ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေသည့် ယနေ့ရန်ကုန်အချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာ ကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိလက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

# ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာတွင် အဝီစိစက်ရေတွင်း ချွတ်ယွင်းသွားသဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲဖြစ်နေ

**ငါ့သရောက် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကမ္မကျေးရွာအုပ်စု - သနပ္ပင်ကျေးရွာတွင် ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်က ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ (BAJ) အဖွဲ့တို့ ပူးပေါင်း၍ တူးဖော်ပေးခဲ့သည့် ခြောက်လက်မ အဝီစိစက်ရေတွင်းမှာ ယခုလဧပြီ ၁ ရက်က တွင်းအောက်ပိုင်း ချွတ်ယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့၍ ရေထွက်အားနည်းကာ ဒေသခံကျေးလက်နေ ပြည်သူများသောက်သုံးရေလုံလောက်မှု မရှိတော့ဘဲ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း အဆိုပါကျေးရွာ ဒေသခံပြည်သူများထံမှ သိရသည်။



"ကျွန်တော်တို့ ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာမှာ ယခုလို နွေရာသီအချိန် ရောက်ပြီဆိုရင် ဒေသခံကျေးလက်နေပြည်သူတွေဟာ ကျေးရွာမှာ ၂၀၀၀ ပြည့်နှစ်က ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ ဂျပန်နိုင်ငံ(BAJ) အဖွဲ့တို့ ပူးပေါင်း၍ တူးဖော်ပေးခဲ့သည့် ခြောက်လက်မ အဝီစိစက်ရေတွင်းကို သောက်သုံးရေအတွက် မှီခိုအားထားအသုံးပြုနေရတာပါ၊ အဲဒီစက်ရေတွင်းက ရေထွက်အားကလည်း တစ်နာရီကို ရေဂါလန် ၁၃၀၀ ခန့် ထွက်ရှိတာကြောင့် ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ အိမ်ခြေ ၃၁၇ အိမ်မှ လူဦးရေ ၁၈၀၀ ခန့်အတွက် သောက်သုံးရေ ဖူလုံစွာ သုံးစွဲခွင့်ရရှိစေပါတယ်၊ အခုတော့ အဲဒီ စက်ရေတွင်းက ယခုလဧပြီ ၁ ရက်ကပဲ တွင်းအောက်ပိုင်း ချွတ်ယွင်းပျက်စီးမှုဖြစ်ပေါ်ပြီး ရေထွက်အားက တစ်နာရီကို ရေဂါလန် ၄၀၀ ခန့်သာ ထွက်ရှိတော့ပါတယ်။

ရေထွက်အား သိသိသာသာ ကျဆင်းသွားတဲ့အတွက် ဒေသခံကျေးလက်နေပြည်သူတွေအတွက် ဘယ်လိုမှ သောက်သုံးရေလုံလောက်မှု မရှိတော့ပါဘူး၊ အဲဒါကြောင့် ကျေးလက်နေပြည်သူတွေ သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် ချွတ်ယွင်းပျက်စီးသွားတဲ့ ခြောက်လက်မ အဝီစိစက်ရေတွင်းကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်၊ ဒီနေ့ မွန်းလွဲ ၁ နာရီကတော့ ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖ ရေကော်မတီတွေက သောက်သုံးရေ အခက်အခဲဖြစ်နေတာကြောင့် အဝီစိစက်ရေတွင်းကို ပြုပြင်ဖို့အတွက် လာရောက်ကွင်းဆင်းကြည့်ပေးဖို့ အကြောင်းကြားခဲ့လို့ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေ (ဒုတိယညွှန်ကြားရေးမှူး) နှင့် ညောင်ဦးမြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိ အဖွဲ့တွေ ရောက်ရှိလာပြီး စက်ရေတွင်း ပျက်စီးမှုအခြေအနေကို မေးမြန်းပါတယ်။

ကျွန်တော်တို့လည်း စက်ရေတွင်း ချွတ်ယွင်းပျက်စီးမှုနဲ့ ပတ်သက်ပြီး သိသလောက် ပြောပြခဲ့ပါတယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နဲ့ တာဝန်ရှိတဲ့သူတွေက ကျွန်တော်တို့ကျေးရွာ ကျေးလက်နေပြည်သူတွေ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ချွတ်ယွင်းပျက်စီးသွားတဲ့ အဝီစိစက်ရေတွင်းကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားမှာလို့ ပြောသွားပါတယ်၊ ချွတ်ယွင်းနေတဲ့ အဝီစိစက်ရေတွင်းကို ပြန်လည်ပြုပြင် ပေးမယ်ဆိုတာ သိရတော့ ကျွန်တော်တို့အနေနဲ့ အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်၊ ဒါပေမယ့် ယခုလက်ရှိမှာတော့ ကျွန်တော်တို့ကျေးရွာက ပြည်သူတွေ သောက်သုံးရေ အခက်ကြုံနေရတာဖြစ်လို့ သောက်သုံးရေလာရောက် လှူဒါန်းပေးမယ့် ရေကုသိုလ်အလှူရှင်တွေကိုလည်း မျှော်လင့်နေရတဲ့အပြင် ကျွန်တော်တို့ကျေးရွာ သောက်သုံးရေအတွက် မှီခိုအားထားရတဲ့ အဝီစိစက်ရေတွင်း (တွင်းအောက်ပိုင်း) ချွတ်ယွင်းပျက်စီးမှုကိုလည်း ယခင်ကလို ရေထွက်အားကောင်းလာအောင် တာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံးလာရောက်ပြီး ပြုပြင်ပေးစေချင်ပါတယ်" ဟု ငါ့သရောက်မြို့ သနပ်ပင်ကျေးရွာမှ ဒေသခံပြည်သူ ဦးထွန်းလင်း ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

**နေပြည်တော် ဧပြီ ၉**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ခုံတိုင် စခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား) ကျေးရွာတွင် နွား ၂၂ ကောင်၊ ဆိတ် ၂၆ ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၆၇၇ ကောင်နှင့် ဆိတ် ၉၈၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် တောင်သူများကို လယ်ယာမြေနစ်နာမှု ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် မေ ၉

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့မှ သိမ်းဆည်းခံလယ်မြေများအတွက် နစ်နာသူတောင်သူ ၂၁ ဦးအား ထောက်ပံ့ကြေးပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။**



**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဒေါက်တာ မျိုးအောင်က အမှာစကားပြောကြားပြီး နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူး ဦးစိုးနိုင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်လယ်ယာမြေ နှင့် သီးနှံလျော်ကြေး မြေယာနစ်နာမှု ထောက်ပံ့ကြေးရရှိမှုနှင့် ပေးလျော်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ သည်။

**လယ်ယာမြေလျော်ကြေးငွေ**

ထို့နောက် ဒက္ခိဏသီရိမြို့မြန်မာစည်းလုံးဟိုတယ်တောင် ဘက်ရှိ ရာဇသင်္ဂဟလမ်းနှင့် ဟိုတယ်ပတ်လမ်းသို့ ဆက်သွယ်သော ကွန်ကရစ်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် ဒေါ်သင်းသင်းမြတ်ပါ သုံးဦး၏ ဧက ၁ ဒသမ ၉၃ အတွက် လယ်ယာမြေလျော်ကြေးငွေကျပ် ၃၈၆၀၀၀၀ နှင့် ဇမ္ဗူသီရိ မြို့နယ် ဗလသိဒ္ဓိရပ်ကွက် အရာထမ်း၊ အမှုထမ်းများ အိမ်ရာ ဆောက်လုပ်မည့် မြေနေရာ၌ ပါဝင်သွားသော တောင်သူ ဦးသိန်းဝင်းပါ ၁၈ ဦးတို့၏ ဧက ၄၆ ဒသမ ၈၅အတွက် နစ်နာမှု ထောက်ပံ့ကြေးငွေကျပ် ၄၆၈၅၀၀၀၀ ကို နေပြည်တော် မြို့တော်ဝန် ဒေါက်တာ မျိုးအောင်၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ ကော်မတီဝင် (၁) ဦးအေးမြင့်၊ ကော်မတီဝင် (၄) ဒေါ်စပယ်ထွေးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားပေါ်တွင် နှစ်နိုင်ငံပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မြဝတီ မေ ၉**

မြန်မာ-ထိုင်းအမှတ် (၁) ချစ်ကြည်ရေး တံတားပေါ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

ထိုသို့ နှစ်နိုင်ငံချစ်ကြည်ရေးစုပေါင်း သန့်ရှင်းရေးဆောင်ရွက်ရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာ ရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာနိုင်းကျလိန်းလစ်စင္ဂနိစက်နှင့် တာဝန်ရှိသူများ၊ အမှတ် (၁၄) အထူး တပ်ရင်းမှူးနှင့် တပ်မတော်သားများ၊ အကောက်ခွန်ဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးမှ တာဝန်ရှိသူများ ဖြင့် နှစ်နိုင်ငံစုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုလို ဆောင်ရွက်တာက တာ့ခ် ခရိုင်နဲ့မြဝတီခရိုင် နှစ်နိုင်ငံချိတ်ဆက် ပြီးတော့မှ ဆောင်ရွက်တာဖြစ်ပါတယ်၊ အဲ့ဒီလိုချိတ်ဆက်တဲ့အခါမှာ လွန်ခဲ့တဲ့ အပတ်ထဲက ချိတ်ဆက်ထားပြီးသား ဖြစ်ပါတယ်၊ ခုလိုဆောင်ရွက်တာကြောင့် နှစ်နိုင်ငံချစ်ကြည်ရေးတွေ တိုးလာမယ်၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်းစည်းလုံး မှုတွေတိုးလာမယ်၊ ရိုင်းပင်းကူညီမှုတွေ ရှိလာမှာ ဖြစ်ပါတယ်၊ နောက်ဆိုရင်လည်း သုံးလတစ်ကြိမ်လောက် ခုလိုဆောင်ရွက် သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု မြဝတီ ခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ပြော ကြားသည်။

"အခုလို ဆောင်ရွက်တာက ကောင်းမွန်ပါတယ်၊ နှစ်နိုင်ငံချစ်ကြည် ရေးရော၊ သန့်ရှင်းရေးအတွက်ရော ကောင်းပါတယ်၊ နောက်တစ်ခုက သောင်ရင်းမြစ်သန့်ရှင်းရေးကိုပါ ခုလို နှစ်နိုင်ငံတာဝန်ရှိသူတွေ စုပေါင်းပြီး ဆောင်ရွက်ပေးမယ်ဆိုရင် ပိုမိုကောင်းမွန် တဲ့ သာယာလှပတဲ့ နှစ်နိုင်ငံ နယ်စပ်မြို့ လေးဖြစ်လာမှာပါ" ဟု စုပေါင်းသန့်ရှင်း ရေးတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးက ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့် မြောက်ဥက္ကလာပ ရပ်ကွက်ခြောက်ခုမှ အိမ်ထောင်စုများသို့ထောက်ပံ့

**ရန်ကုန် မေ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ၄/ရပ်ကွက်နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လေပြင်းတိုက်ခတ်မှုကြောင့်နေအိမ်များပျက်စီး သွားသောရပ်ကွက် ခြောက်ခုမှ အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများလှူဒါန်းပွဲ ကို ယနေ့နံနက်က ကျင်းပသည်။



ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လေဘေးသင့်ပြည်သူများ အား ကူညီရန်တာဝန်ရှိကြောင်း၊ မေ ၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် များပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ်လည်း ပါဝင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်လေပြင်းတိုက်ခတ်မှုခံရသော (ဃ) ရပ်ကွက်၊ (ဆ)ရပ်ကွက်၊ (ဇ) ရပ်ကွက်၊ (၄)ရပ်ကွက်၊ (၅)ရပ်ကွက်၊ တံတားကြီးရပ်ကွက်တို့မှအိမ်ထောင်စု ၃၇ စုအတွက် ထောက်ပံ့ငွေကျပ် ၂၄၉၄၀၀၀၊ သွပ် ၂၃ ချပ်၊ အဝတ်အစားနှင့်အသုံး အဆောင်ပစ္စည်းများပါဝင်သည့်ပုံး ၃၇ ပုံးတို့အား တာဝန်ရှိသူများကပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြခဲ့သည်။

**ဟန်စိန်(မြောက်ဥက္ကလာ)**

**ကျောဖုံးမှ**

ရှုံးနိမ့်လျှင်မူ နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမအကျော့တွင် ဘာလီယူနိုက်တက်အသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ပထမအကျော့သုံးပွဲစလုံး ရလဒ်ကောင်းရယူနိုင် ခဲ့ပြီး ဒုတိယအကျော့အဖွင့်ပွဲတွင် ဂလိုဘယ်အသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် မြန်မာကလပ်အသင်းနှစ်သင်းအနက် ဆီမီးဖိုင်နယ်တက်ရောက် ခွင့်ရရန် အခြေအနေအကောင်းဆုံး ဖြစ်နေသည်။

ရှမ်းယူနိုက်တက်အသင်းသည် လေးပွဲကစား သုံးမှတ်သာရသေးသောကြောင့် ယခုပွဲရလဒ်မှာ အဆုံးအဖြတ်ဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း တွင် ဟုမ်းယူနိုက်တက်အသင်းကို အနိုင်ရမှသာ နောက်တစ်ဆင့်တက်ရန် ဆက်လက် မျှော်လင့်နိုင်မည်ဖြစ်ပြီး သရေသို့မဟုတ် ရှုံးပွဲကြုံတွေ့ပါက အုပ်စုအဆင့်မှ ထွက်ရမည် ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု (F) တွင် ဆီရက်စ် (ဖိလစ်ပိုင်) က ၁၀ မှတ်၊ ဟုမ်းယူနိုက်တက် (စင်ကာပူ) က ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်နှင့် အန်ကော (ကမ္ဘောဒီးယား) တို့က သုံးမှတ်စီရထားသည်။ ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်း သည် အုပ်စုပထမရရန် မဖြစ်နိုင်တော့ဘဲ အကောင်းဆုံးဒုတိယနေရာအတွက်သာ မျှော်လင့်ရတော့မည်ဖြစ်သည်။

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း၏ AFC Cup ပြိုင်ပွဲလမ်းခရီးကို မေ ၁၁ ရက်တွင် အဆုံးအဖြတ်ပေးတော့မည် ဖြစ်ပြီး နှစ်သင်းစလုံးအနေဖြင့် မဖြစ်မနေ နိုင်ပွဲရရန် လိုအပ်နေသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**



**အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးကောင်းနေသည့် ရန်ကုန်အသင်း**



သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန်အတွက် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အချက်များနှင့် ယာဉ်မောင်းသူများ လိုက်နာရန် နှိုးဆော်ချက် လက်ကမ်းစာစောင်များကို မေ ၈ ရက်က ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး အောင်မျိုးလတ် ဦးဆောင်သည့်ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ် ၅၄ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ကားဂိတ်များ၊ မြို့မဈေးရှေ့နှင့် ဆိုင်ကယ်ကယ်ရီဂိတ်များ၌ ဆွေးနွေးဟောပြော ဖြန့်ဝေပေးစဉ်။

စိုးဝင်း (ကျောက်တန်း)

# ရန်ကုန် - မန္တလေး အမြန်လမ်းတွင် ခရီးသည်တင်ယာဉ်က သစ်တင်ယာဉ်ကို နောက်မှဝင်တိုက် နှစ်ဦးသေ၊ ၁၁ ဦးဒဏ်ရာရ



**နေပြည်တော် ဧပြီ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အုတ်တွင်းမြို့နယ် ဇောဓိကုန်းအမြန်လမ်းအပိုင်း၌ ယနေ့နံနက် ၁ နာရီခွဲက ခရီးသည်တင်ယာဉ်က သစ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်အား ဝင်တိုက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၂၃/၆ နှင့် ၁၂၃/၇ အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝေယံထက် မောင်းနှင်လာသော ခရီးသည်တင်ယာဉ်မှာ ယနေ့နနက် ၁ နာရီခွဲက ရှေ့မှ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်နေသော သစ်များတင်ဆောင်ထားသည့် ၁၂ ဘီးယာဉ်နောက်ပိုင်းကို ဝင်တိုက်ခဲ့ကြောင်း သိရ၍ သက်ဆိုင်ရာက သွားရောက်စစ်ဆေးရာ သစ်တင်ယာဉ်မှ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

ခရီးသည်တင်ယာဉ်ပေါ်မှ ယာဉ်မောင်းပါ သံဃာတစ်ပါး၊ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၈ ဦးအနက် သံဃာတစ်ပါးနှင့် အမျိုးသားတစ်ဦး စုစုပေါင်း နှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၁ ဦး အတွင်းလူနာအဖြစ် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူရုပ်လောင်းနှစ်လောင်းနှင့် ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်းများအား ဇောဓိကုန်းအမြန်လမ်းရဲတပ်ဖွဲ့မှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ဇန်းမောက်မြို့နယ်အတွင်းမှ ဘိန်းစိမ်း ၃၂၄၉၆ ဒသမ ၇ ဂရမ် ဖမ်းမိ



**ဇန်းမောက် ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် နန်းစားကျေးရွာအတွင်းမှ ဘိန်းစိမ်း ၃၂၄၉၆ ဒသမ ၇ ဂရမ် ဖမ်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီခန့်က ဇန်းမောက်မြို့နယ် လိပ်စောနယ်မြေရဲကင်းစခန်းမှူး ရဲအုပ် ဇော်သန်းထွဋ်နှင့် တပ်ဖွဲ့ဝင်များသည် မယ(ပ)၆/၁၇ မူးစိတ်ပုဒ်မ၁၅/၁၉(က)/၂၁ အမှုမှ တရားခံပြေး ကြည်လွင်ဆိုသူသည် မူးယစ်ဆေးဝါးရောင်းချသောကုန်သည်များနှင့်အတူ ၎င်းနေအိမ်သို့ ရောက်ရှိနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ကြည်လွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ကြည်လွင်သည် သက်သေခံ ပစ္စည်းများ လွှင့်ပစ်ကာ နေအိမ်ပြတင်းပေါက်မှ ခုန်ချလွတ်မြောက်သွားသည်။

၎င်းနေအိမ်ပေါ်တွင် စိန်လွင်နှင့် ချစ်တူးတို့နှစ်အား တွေ့ရှိဖမ်းမိပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဗီရိုအတွင်းနှင့် နေအိမ်အောက်ထပ်တို့မှ ဘိန်းစိမ်း ၃၂၄၉၆ ဒသမ ၇ ဂရမ် (ကာလတန်ဖိုး ငွေကျပ် ၉၇၄၉၀၁၀၀)အား ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်သူ ဟုမ္မလင်းမြို့နယ် ရေကျော်ကျေးရွာနေသူများဖြစ်ကြသော စိန်လွင်နှင့် ချစ်တူးတို့နှစ်ဦး အား လိပ်စောနယ်မြေရဲကင်းစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ဇန်းမော်မြို့နယ်၌ သုံးနှစ်အရွယ်ကလေးငယ်တစ်ဦး ကားထဲဝင်ဆော့ရာမှ မီးလောင်သေဆုံး

**မြစ်ကြီးနား ဧပြီ ၉**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ်ရှိ စီဟဲကျေးရွာတွင် သုံးနှစ်အရွယ်ကလေးငယ်တစ်ဦး ကားထဲဝင်ရောက်ဆော့ကစားရာ ကားဝိုင်ယာများ ရှော့ဖြစ်ပြီး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက် ညနေ ၆ နာရီခန့်က စီဟဲကျေးရွာနေ ဦးကျော်ရွှေ၏ 9B/---- ပါဂျဲရို(လိုင်စင်မဲ့ယာဉ်)၏ ကားခေါင်းခန်းထဲတွင် မသွန်းရတနာဦး (သုံးနှစ်) ဝင်ရောက်ဆော့ကစားစဉ် ကားဝိုင်ယာရှော့ဖြစ်ကာ ကားကူရှင်သို့ မီးစတင်ကူးစက်ခဲ့ပြီး လောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် မသွန်းရတနာဦးမှာ မီးလောင်သေဆုံးခဲ့သည်။ အခင်းဖြစ်ရပ်သို့ ဇန်းမော်မြို့နယ် မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်လွင်ဦး ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ် တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်၍ လူသေဆုံးမှုဖြစ်စဉ်အား ဇန်းမော်မြို့မရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းမင်းဦး**



# အမျိုးသမီးတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ရွှေဘို ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် လက်ဖက်ရည်ဆိုင်အတွင်းထိုင်နေသော အမျိုးသမီးတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဧပြီ ၉ ရက် မွန်းလွဲ ၁၂နာရီခွဲက မြို့မစခန်းမှ ရဲအုပ် နေယုမောင် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက် ကုန်းဘောင်ရပ်ရှိ လက်ဖက်ရည်ဆိုင်အတွင်း သီတာဝင်း(ခ) အေးသီတာဝင်း (၂၅ နှစ်) အမှတ် ၁၂ ရပ်ကွက် လားရှိုးမြို့နေသူအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၁ ပြား စုစုပေါင်း အလေးချိန် (၁၄၈ ဒသမ ၁ ဂရမ်ခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိရသူ သီတာဝင်း(ခ) အေးသီတာဝင်း အား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# အမှိုက်မီးရှို့ရာမှတစ်ဆင့် ရော်ဘာပင် ၂၂၀၀ ကျော် မီးလောင်

**နေပြည်တော် ဧပြီ ၉**

ကျိုက်မရောမြို့နယ် လွှစင်ကုန်းကျေးရွာ ကွင်းအမှတ် ၃၂၅ ရှိ ခြံပိုင်ရှင် ဦးလိန်(၄၀နှစ်)သည် ဧပြီ ၈ ရက် နံနက် ၁၁ နာရီက မလေးရှားပိတောက်ခြံတွင် အမှိုက်များအား စုပုံ၍ မီးရှို့နေစဉ် လေတိုက်ခတ်မှုကြောင့် မီးပွားများ မြက်ခြောက်များပေါ်သို့ လွင့်စဉ်ကျရာမှ မီးလောင်ခဲ့ရာ ခြံအနီးနားရှိ ဦးစိုးအောင်၏ ရော်ဘာခြံပါ ရော်ဘာခြံ ၁၁ ခြံရှိ ရော်ဘာပင် ၂၂၂၀ မီးကူးစက်လောင်ခဲ့သဖြင့် ဦးလိန်အား ကျိုက်မရောမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မြစ်ကြီးနားမြို့၌ မိုင်းပေါက်ကွဲ၍ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၉**

မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်နေ လယ်မယ်ဖူး(ခ)အားဖူ(၂၇ နှစ်)သည် တစ်ရွာတည်းနေ ဦးယောဟန်ပါ သုံးဦးနှင့်အတူ ဧပြီ ၈ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့နယ် တာရိုးယန်ကျေးရွာအနီး၌ ဆေးမြစ်ရှာဖွေနေစဉ် လယ်မယ်ဖူး(ခ)အားဖူက ကေအိုင်အေအဖွဲ့ ထောင်ထားသော မိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် လယ်မယ်ဖူး(ခ) အားဖူတွင် ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် မြစ်ကြီးနားဆေးရုံသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ညောင်ခါးရှည်ကျေးရွာအနီး ရှောင်ကွင်းလမ်းတွင် အကောက်ခွန်မဲ့ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဧပြီ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၆၀၊ သွင်းကုန် ၁၀၂၈ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၇ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂၇၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၃၆ သန်းခန့် စုစုပေါင်း တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၆၃၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းဖြစ်သော ညောင်ခါးရှည်ကျေးရွာအနီး စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကားလမ်းမဘေးတွင် စုပုံထားသည့် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သော PSI စလောင်းဇန်း (1×10)(20)Pkgs၊ PSI ထောက်တိုင် (1×5)(40)Pkgs ၊ PSI ထိပ်ဖူး (1×100)(2)Pkgs နှင့် PSI Receiver (အထိုင်စက်) ၊(1×10)(20)Pkgs ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၂ သန်းခန့်အား ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သပိတ်ကျင်းမြို့နယ်၌ တူမီးသေနတ်ကိုင်ဆောင်သူအား အရေးယူ

**နေပြည်တော် ဧပြီ ၉**

သပိတ်ကျင်းမြို့နယ် ရေယာဉ်ကျေးရွာတောင်ဘက် ယာတဲအတွင်းနေ မိုးဇော်(ခ) ကျော်စိုးလွင်(၃၅ နှစ်)သည် ဧပြီ ၈ ရက် နံနက် ၁၀ နာရီက အရှည် ၅ ပေ ၇ လက်မခန့်ရှိ တူမီးသေနတ်တစ်လက် ကိုင်ဆောင်ပြီး ၎င်းနေထိုင်သော ယာခင်းတောအတွင်း ဆူပူရမ်းကားနေကြောင်း သတင်းအရ တကောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ပြီး မိုးဇော်(ခ)ကျော်စိုးလွင်အား တကောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# ဆားလင်းကြီးမြို့၌ ကြက်တိုက်လောင်းကစားပြုလုပ်သူ ၁၉ ဦးအား ဖမ်းမိ

**ဆားလင်းကြီး ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ဖောင်းကတာအုပ်စု ကျေးပင်ထူးရွာအနီး ကုက္ကိုပင်အောက်၌ ကြက်တိုက်လောင်းကစား ပြုလုပ်နေကြသောအဖွဲ့အား ဧပြီ ၈ ရက် ညနေ ၄ နာရီက မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ် ၇၇ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

တိုင်းအကူ ရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကြီး အေးသိန်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းဝင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှရဲမှူး ဝင်းထွဋ်၊ ဒုရဲမှူး ရဲမြင့်အောင်တို့ ဦးစီးသောအဖွဲ့က သုံးတဲကုန်းတောတိုက်မြောက်ဘက် မြေကွက်လပ်ရှိ ကုက္ကိုပင်အောက်တွင် ကျေးပင်ထူးကျေးရွာနေ ကြက်တိုက်လောင်းကစားဒိုင်ကိုဝင်းအောင် ဦးဆောင်ပြီး ကြက်တိုက်လောင်းကစားပြုလုပ်နေကြသူများအား ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၎င်းတို့မှာ ထွက်ပြေးသွားကြသည်။ ထွက်ပြေးသူများအနက်မှ ကြက်တိုက်လောင်းကစားပြုလုပ်သူ ကိုကြည်နိုင် (၄၂ နှစ်)အပါအဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၉ ဦးတို့အား မော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ် ၇၇ စီး၊ လောင်းကြေး ငွေကျပ် ၄၂၄၉၀၀ ၊ ဆင်းကတ်ပါ ဖုန်းခုနစ်လုံး၊ တိုက်ကြက်ခုနစ်ကောင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကြက်တိုက်လောင်းကစား ပြုလုပ်ကြသူများအား ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

# တောင်ကိုရီးယား သမ္မတဟောင်းဖြစ်သူ လီမြောင်ဘတ် အကျင့်ပျက်ခြစားမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲခံရ




**ဆိုးလ် မေ ၉**
တောင်ကိုရီးယား ရှေ့နေများက သမ္မတဟောင်းဖြစ်သူ လီမြောင်ဘတ်ကို အကျင့်ပျက်ခြစားမှုနှင့် အာဏာအလွဲသုံးမှုအပါအဝင် ပြစ်မှုအတော်များများဖြင့် တရားစွဲဆိုထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၉ ရက်က ဖော်ပြခဲ့သည်။

သမ္မတဟောင်း လီမြောင်ဘတ်အနေဖြင့် ဆမ်ဆောင်းအီလက်ထရွန်နစ်ဥက္ကဋ္ဌကို ပြစ်မှုမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြောင်း အပြန်အလှန်အနေဖြင့် ဆမ်ဆောင်းကုမ္ပဏီသည် လီမြောင်ဘတ် ပိုင်ဆိုင်သည်ဟုယူဆရသော ကားပစ္စည်းကုမ္ပဏီ၏ တရားရုံးစရိတ်များကို ပေးဆောင်ခဲ့ရကြောင်း ရှေ့နေများက ပြောခဲ့သည်။

ထို့အတူ တောင်ကိုရီးယား သမ္မတဟောင်း လီမြောင်ဘတ်သည် အဆင့်မြင့်အရာရှိများမှတစ်ဆင့် အမျိုးသားစုံစမ်းထောက်လှမ်းရေးအေဂျင်စီမှ ရန်ပုံငွေများကိုလည်း လက်ခံရရှိခဲ့ကြောင်း စွပ်စွဲခံခဲ့ရသည်။

ရှေ့နေများက ၎င်းသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် လာဘ်စားခဲ့ကြောင်း ခန့်မှန်းခဲ့သည်။ သမ္မတဟောင်းဖြစ်သူ လီကလည်း အစိုးရရှေ့နေများသည် လက်ရှိသမ္မတ မွန်ဂျယ်အင်း၏ ဩဇာလွှမ်းမိုးခြင်းခံခဲ့ရကြောင်း ပြောဆိုခဲ့သည်။

ထို့အတူ ၎င်းသည် လွန်ခဲ့သောလဖမ်းဆီးခံခဲ့ရစဉ်ကတည်းက စုံစမ်းစစ်ဆေးသူများနှင့် ပူးပေါင်းလုပ်ဆောင်ရန်လည်း ငြင်းဆန်ခဲ့သည်။

၎င်းသည် တောင်ကိုရီးယားသမ္မတအဖြစ် ငါးနှစ်ဆက်တိုက် ၂၀၁၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ရာထူးမှ အနားယူပြီးနောက် စွပ်စွဲခံရသော လေးဦးမြောက် တောင်ကိုရီးယား သမ္မတဖြစ်သည်။ ပထမဆုံးတရားစွဲဆိုခံရသည့် သမ္မတမှာ ချွန်ဒူဝမ်ဖြစ်ပြီး၊ ဒုတိယတရားစွဲဆိုခံရသည့် သမ္မတမှာ ရိုတေဝူဖြစ်ကာ တတိယတရားစွဲဆိုခံရသူမှာ ပတ်ဂွန်ဟေးဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်တရားရုံးက ပတ်အား အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၂၄ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားအလယ်ပိုင်း လေတပ်အခြေစိုက်စခန်း တိုက်ခိုက်ခံရမှုကြောင့် လူပေါင်းများစွာ သေဆုံး

**ဒမတ်စကတ် မေ ၉**
ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟုမ်းစ်မြို့ရှိ တီ-၄ လေတပ်အခြေစိုက်စခန်းတစ်ခု မေ ၉ ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရကာ လူပေါင်းများစွာ သေဆုံးခဲ့ကြောင်း၊ ထို့အတူ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။

မေ ၉ ရက်က ဟုမ်းစ်မြို့အရှေ့ပိုင်း ကျေးလက်ဒေသရှိ လေယာဉ်ကွင်းကို ဦးတည်ကာ ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် လူသေဆုံးမှုများခဲ့ကြောင်း၊ သတင်းများတွင် ဖော်ပြထားသော်လည်း မည်ရွေ့မည်မျှသေဆုံးခဲ့ကြောင်း အတိအကျဖော်ပြပြောဆိုခြင်း မရှိခဲ့ပေ။

ဆီးရီးယားနိုင်ငံ လေကြောင်းကာကွယ်ရေးစနစ်က ဒုံးကျည် ရှစ်ခုကို ပစ်မှတ်မရောက်မီ ဖျက်ဆီးနိုင်ခဲ့သော်လည်း ကြွင်းကျန်သောအပိုင်းအစများက လေတပ်အခြေစိုက်စခန်းအား ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကို မည်သူက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို အတိအကျ အတည်မပြုနိုင်သေးပေ။ သို့သော်လည်း နိုင်ငံပိုင်မီဒီယာများက ထိုတိုက်ခိုက်မှုကို အမေရိကန်နိုင်ငံက ပြုလုပ်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ရုရှားလေတပ်အခြေစိုက်စခန်း တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်ပြီး ဒမတ်စကတ်နှင့် မော်စကိုတို့က အစ္စရေးအား အလွန်ဆိုးရွားသော အခြေအနေများတိုးတက်ဖြစ်ပေါ်လာသည်ဟု ပြစ်တင်ဝေဖန်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က မေ ၉ ရက်တွင် ပြောခဲ့သည်။



"ဒါဟာ အရမ်းကို အန္တရာယ်ရှိတဲ့ တိုးတက်မှုဖြစ်စဉ်တစ်ခုပါပဲ၊ အနည်းဆုံးတော့ အမေရိကန်နဲ့ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်အဖွဲ့မှာပါတဲ့ နိုင်ငံတွေဟာ ဒါကို နားလည်သင့်တယ်" လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောခဲ့သည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**




# ဂျပန်နိုင်ငံတွင် အင်အားပြင်းငလျင်ကြောင့် အဆောက်အအုံများ ပြိုကျ

**တိုကျို မေ ၉**
ဂျပန်နိုင်ငံ အနောက်ပိုင်း ရှီမန်နီစီရင်စု၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု မေ ၉ ရက်က လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လေးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်နှင့်ပတ်သက်ပြီး ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။ အဆိုပါ ငလျင်သည် ရှီမန်နီစီရင်စု အနောက်ဘက် အရှေ့လောင်ဂျီတွဒ် ၁၃၂ ဒသမ ၆ ဒီဂရီ၊ မြောက်လတီတွဒ် ၃၅ ဒသမ ၂ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာခန့်ကို ဗဟိုပြုကာလှုပ်ခတ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုဒဏ်ကို အခြား ဂျပန်နိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများဖြစ်သည့် တော့တိုရီ၊ အိုကာယာမ၊ ဟီရိုရှီးမား၊ အီဟီမီ စသည့်ဒေသများတွင်လည်း ခံစားမိကြောင်း၊ လာမည့်အပတ်တွင်လည်း ယခုကဲ့သို့ ပြင်းအားတူမြေငလျင်တစ်ခု ထပ်မံလှုပ်ခတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ကြောင့် ဂျပန်နိုင်ငံ မိုးလေဝသဌာနက အများပြည်သူများအား ငလျင်နှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ သတိဖြင့် လုပ်နိုင်ရန် တိုက်တွန်းထားကြောင်း သိရသည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ရှီမန်နီစီရင်စု အူဒါမြို့အတွင်း ဒဏ်ရာရသူ အနည်းဆုံး လေးဦးရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံအချို့နှင့် လမ်းများ ပျက်စီးခဲ့ကြောင်း လူနေအိမ်များလည်း လျှပ်စစ်မီးနှင့် သောက်သုံးရေများ ပြတ်လပ်ခဲ့ကြောင်း ဒေသခံမီဒီယာများက ရေးသားဖော်ပြခဲ့သည်။ ပြင်းထန်သော ငလျင်လှုပ်ခတ်သည့် အချိန်မှစကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း လူသုံးဦးမှာ ဒဏ်ရာများရရှိခဲ့ပြီး နောက်ထပ်နှစ်ဦးမှာ ဆေးကုသရန် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ရှီမန်နီစီရင်စု၏ စုစုပေါင်းဧရိယာမှာ စတုရန်းကီလိုမီတာ ၆၇၀၀ ခန့်ရှိပြီး လူဦးရေ ၆၈၅၀၀၀၀ မိုတင်းနေထိုင်လျက်ရှိသည်။ ဂျပန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာငလျင်ကြောပေါ်တွင် တည်ရှိပြီး ကမ္ဘာပေါ်၌ ငလျင်ကြောအများဆုံး တည်ရှိရာ ဒေသလည်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျကာတာဗုံးအမြွှာပေါက်ကွဲမှုကို ကြိုးကိုင်ခဲ့သူအား ထောင်ဒဏ်ချမှတ်

**ဂျကာတာ မေ ၉**
လွန်ခဲ့သည့်နှစ်က ဂျကာတာ ဗုံးအမြွှာပေါက်ကွဲမှုကို ကြိုးကိုင်ခဲ့သည့် အုပ်စုမှာ အိုင်အက်စ်အကြမ်းဖက်အုပ်စုမှဖြစ်ကြောင်း သိရပြီး ယခုအခါတွင် ယင်းကြိုးကိုင်ခဲ့သည့်အဖွဲ့ဝင်အား ထောင်ဒဏ်ကိုးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၉ ရက်က ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်ရှိသူ ကီကီမူဟာမတ်ကို လူစည်ကားသောမြို့တော် ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ရဲတပ်ဖွဲ့ဝင်သုံးဦးကို သေစေပြီး လူအတော်များများအား ဒဏ်ရာရရှိစေခဲ့သည့် အသေခံတိုက်ခိုက်မှုကို စီစဉ်ခဲ့ကြောင်း အပြစ်တွေ့ရှိမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ အာမက်စုခရီနှင့် အစ်ခွမ်နာဆလမ်တို့သည် ၂၀၁၇ ခုနှစ် မေလက အစ်ဘယ်၏ သူရဲကောင်းများအဖြစ် အသက်ပေးကြဟူသည့် တရားဟောမှုကို နားထောင်ခဲ့ပြီးနောက် ၎င်းတို့ကိုယ်၎င်းတို့ အသေခံဗုံးဖောက်ခွဲခဲ့ကြောင်း တရားရုံးက ပြောခဲ့သည်။

အစ်ဘယ်ကိုလည်း ဗုံးပေါက်ကွဲမှုဖြစ်ပြီး ရက်သတ္တနှစ်ပတ်ကြာပြီးနောက် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၎င်းက အပြစ်မရှိကြောင်း အသနားခံခဲ့ပြီး အဆိုပါလူနှစ်ဦးမှာ ထိုသို့ အကြမ်းဖက်မှုများကို ပြုလုပ်လိမ့်မည်ဟု မထင်မိကြောင်း ပြောကြားခဲ့သည်။ အစ်ဘယ်သည် ၂၀၁၀ ခုနှစ်ကလည်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ဗုံးများပြုလုပ်ကြောင်း ပြစ်မှုထင်ရှား တွေ့ရှိခဲ့ပြီးနောက် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘာရာဇီး ဒုစရိုက်ဂိုဏ်းတစ်ခုကို ဖြိုခွင်းရာ လေးဦးထက်မနည်း သေဆုံး

**ရီယိုဒီဂျနေးရိုး မေ ၉**

ဘာရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ မေ ၇ ရက်က နာမည်ကြီး ဒုစရိုက်အဖွဲ့တစ်ဖွဲ့အား ဖြိုခွင်းခဲ့ရာ လေးဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၄၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ နာမည်ကြီး ဒုစရိုက်အဖွဲ့သည် ရီယိုမြို့အနောက်ပိုင်း ဆန်တာခရုစ်ရပ်ကွက်တွင် ကျင်လည်နေသည့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့မှ ခေါင်းဆောင်ဖြစ်ဟန်တူသူ ဝယ်လင်တန် ဒါဆေးလ်ဗားဘာရာဂါ ပါဝင်တက်ရောက်သည့် ပါတီပွဲတစ်ခုတွင် ရဲတပ်ဖွဲ့က အလစ်အငိုက်ဝင်ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူ ဝယ်လင်တန် ဒါဆေးလ်ဗားဘာရာဂါမှာ လွတ်မြောက်ရန် ကြိုးစားစဉ် ၎င်း၏ ကိုယ်ရံတော်လေးဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ရဲတပ်ဖွဲ့က လက်ပစ်ဗုံးများ၊ ကျည်ကာ အင်္ကျီများနှင့် ခိုးယူထားသောကားများအား ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုစရိုက်အဖွဲ့သည် ရဲတပ်ဖွဲ့ဝင်ဟောင်းများ၊ စစ်တပ် တပ်ဖွဲ့ဝင်ဟောင်းများ သို့မဟုတ် ယာယီလုံခြုံရေးတပ်သားဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ပြည်တွင်းစီးပွားရေးသမားများထံမှ ခြောက်လှန့်ငွေတောင်းယူမှုများရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် တင်လဲရည်ကန်ပေါက်ကွဲ

**အစ္စလာမ္မာဘတ် မေ ၉**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိတွင် မေ ၇ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ပုဂ္ဂလိက ကုမ္ပဏီတစ်ခု၏ တင်လဲရည် သိုလှောင်ကန်ကို ခတ်ငွေ့ဖြည့်သွင်းစဉ် ပေါက်ကွဲခြင်းဖြစ်ကြောင်း ကရာချိမြို့ရဲမှူးကြီး ရှီရက်ဇ် နာဇီယာက ပြောခဲ့သည်။

ပေါက်ကွဲမှုကြောင့် တင်လဲရည်လီတာပေါင်းထောင်ချီကာ ဖိတ်ကျခဲ့ကြောင်းနှင့် ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ဂျီယိုသတင်းတွင် ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ကရာချိပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် နှစ်ဦးမှာ စိုးရိမ်ရကြောင်း သိရသည်။

**ဆင်ဟွာ**

# ပင်လယ်ကွေ့နိုင်ငံတွေရဲ့ ပြိုင်ဆိုင်မှုကြောင့် ရိုက်ခတ်လာသောလှိုင်း

**ချူးစန္ဒီမွေး**



ပင်လယ်ကွေ့က ပြဿနာတွေရဲ့ နောက်ဆက်တွဲ အကျိုးဆက်က ဆိုမာလီယာကမ်းရိုးတန်းကိုလည်း ရိုက်ခတ်လာပါတယ်။ ဆိုမာလီယာ ပင်လယ်ကမ်းရိုးတန်း မြို့တစ်မြို့ဖြစ်တဲ့ ဘာဘရာမြို့ဟာဆိုရင် တစ်ချိန်တုန်းက သာယာလှပတဲ့ ကမ်းခြေမြို့တစ်မြို့ပါ။ ဒီလိုမျိုးပင်လယ်ရှုခင်းတွေနဲ့ သာယာလှပနေတဲ့ မြို့ဟာ ပဋိပက္ခဖြစ်ပွားနေတဲ့ ဒေသရဲ့ အလယ်တည့်တည့်မှာ ရှိလာလိမ့်မယ်ဆိုတာ တစ်ချိန်တုန်းကတော့ တွေးကြည့်ဖို့ ခက်ခဲခဲ့မှာပါ။

**အင်အားချည့်နဲ့လာ**

၁၉၉၁ ခုနှစ်က ဆိုမာလီယာမှာ နိုင်ငံရေးပဋိပက္ခဖြစ်ပွားခဲ့ပြီး တစ်ဖက်အဖွဲ့က ပြည်သူ့သမ္မတနိုင်ငံအဖြစ် တစ်ဖက်သတ်ကြေညာခဲ့ပါတယ်။ အဲဒီလိုမျိုး ကြေညာတာမျိုးကို နိုင်ငံတကာက အခုအချိန်အထိ အသိအမှတ်မပြုခဲ့ပါဘူး။ ၁၉၉၁ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခဟာ ချုပ်ငြိမ်းမသွားဘဲ တစ်စတစ်စ ပိုပြီးကြီးထွားလာခဲ့ပါတယ်။ ဆိုမာလီယာနဲ့ အာဖရိကမှာ ဖြစ်ပွားနေတဲ့ပြဿနာတွေဟာ ပင်လယ်ကွေ့က ပြဿနာတွေရဲ့ ရိုက်ခတ်လာတဲ့ လှိုင်းတွေလို့လည်း ဆိုလို့ရပါတယ်။ ပင်လယ်ကွေ့က ပဋိပက္ခတွေကြောင့် အာဖရိကနဲ့ ဆိုမာလီယာကို အကြီးအကျယ် ထိခိုက်စေနိုင်တယ်လို့လည်း တချို့က ဆိုကြပြန်ပါတယ်။ နှစ်ပေါင်းသုံးဆယ်ကျော်ကြာ ပဋိပက္ခတွေနဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် ဆိုမာလီယာ အင်အားချည့်နဲ့ သွားတာကတော့ အမှန်ပါပဲ။

**ကစားကွက်ပေါ်ကနယ်ရုပ်လေး**

တကယ်တမ်းကျတော့ ဆိုမာလီယာနိုင်ငံဟာ နိုင်ငံရေးကစားကွက်ပေါ်က နယ်ရုပ်လေးတစ်ရုပ်ပါပဲ။ ဆိုမာလီယာနိုင်ငံမှာ နှစ်ခြမ်းကွဲနေရတဲ့ အကြောင်းကတော့ ကာတာနဲ့ တူရကီက တစ်ဖက်၊ ဆော်ဒီ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနဲ့ သူတို့ရဲ့မဟာမိတ်တွေကတစ်ဖက်နဲ့ ဆိုမာလီယာကို မီးစထိုးပေးလျက်ရှိပါတယ်လို့ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးအုပ်စု အာဖရိကပိုင်းဆိုင်ရာ ညွှန်ကြားရေးမှူး ရာရှစ်အဗ္ဗဒီက ပြောပါတယ်။ ကာတာ၊ တူရကီ၊ ဆော်ဒီနဲ့ ယူအေအီးတို့ရဲ့ပြိုင်ဆိုင်မှုဟာ အာဖရိကအထိ ရောက်ရှိလာတယ်ဆိုတာကတော့ ငြင်းလို့မရတဲ့ အမှန်တရားပါပဲ။ ပင်လယ်ကွေ့နိုင်ငံတွေရဲ့ ပြိုင်ဆိုင်မှုကြောင့် ဆိုမာလီယာနိုင်ငံဟာဘာကြောင့် ထိခိုက်ရတာပါလဲ။ အကြောင်းကတော့ ဆိုမာလီဟာ အေဒင်ပင်လယ်ကွေ့နဲ့ နီးစပ်လျက်ရှိပြီး အဲဒီဒေသက နိုင်ငံတွေနဲ့လည်း သမိုင်းအစဉ်အလာအရ ရင်းနှီးကျွမ်းဝင်တဲ့ အစဉ်အလာရှိနေလို့ပါပဲ။

**စစ်အခြေစိုက်စခန်းဆောက်လုပ်**

အာရပ်စော်ဘွားများပြည်ထောင်စုဟာ ဆိုမာလီယာနယ်မြေအတွင်းမှာ ကျရောက်နေတဲ့ ဘာဘရာမှာ ကြီးမားတဲ့ စစ်အခြေစိုက်စခန်းတွေ ဆောက်လုပ်ထားပါတယ်။ ဘာဘရာမြို့ဟာ ပထဝီဝင်အရ မဟာဗျူဟာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ အမေရိကန်နဲ့ တစ်ချိန်တုန်းက ဆိုဗီယက်၊ ယူနီယံတို့ဟာလည်း ဒီဒေသမှာ စစ်အခြေစိုက်စခန်းတွေ ဆောက်လုပ်ခဲ့ဖူးပါတယ်။

**ယီမင်နိုင်ငံနဲ့ နီးစပ်နေ**

အာရပ်စော်ဘွားများပြည်ထောင်စုဟာ ဘာကြောင့် ဘာဘရာမြို့မှာ စစ်အခြေစိုက်စခန်း ဆောက်လုပ်ရတာပါလဲ။ အဖြေကတော့ ယီမင်နိုင်ငံနဲ့ နီးစပ်နေလို့ပါပဲ။ ယီမင်နိုင်ငံမှာရှိတဲ့ အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ ဟူသီသူပုန်တွေကို ဆော်ဒီနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့ ဦးဆောင်တဲ့ မဟာမိတ်အဖွဲ့က စစ်ပွဲဆင်နွှဲနေတယ်။ ဒီအတွက်ကြောင့် ဘာဘရာဟာ အရေးပါတဲ့မြို့ဖြစ်လာတယ်။ ဒီမြို့မှာတင်မကပါဘူး ဆိုမာလီယာရဲ့ အခြားသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်တဲ့ အဆက်ဘ်မှာလည်း နောက်ထပ်စစ်အခြေစိုက်စခန်း ထားရှိပါသေးတယ်။

အဲဒီအချိန်မှာပဲ ဒူဘိုင်းအခြေစိုက် ဒီပီဝါးလ်ကုမ္ပဏီဟာလည်း ဆိုမာလီယာဆိပ်ကမ်းမှာ အလုပ်လုပ်ကိုင်နေပါတယ်။ အဲဒီဆိပ်ကမ်းကနေတစ်ဆင့် ရေထွက်ပစ္စည်းတွေကို ပင်လယ်ကွေ့နိုင်ငံတွေဆီ တင်ပို့ပါတယ်။ အာဖရိကရဲ့ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်တဲ့ အီသီယိုးပီးယားဟာလည်း ၁၉ ရာခိုင်နှုန်းပါဝင်ပါတယ်။ ဒါကြောင့်လည်း ဘာဘရာမြို့ဟာ အရေးပါတဲ့ ဆိပ်ကမ်းမြို့ဖြစ်နေတာပါ။

**ဆိုမာလီယာလန်းဒ်**

ဆိုမာလီယာကနေ ခွဲထွက်ခဲ့တဲ့ ဆိုမာလီယာလန်းဒ်ကို လွတ်လပ်တဲ့ တိုင်းပြည်အဖြစ် အသိအမှတ်မပြုပေမယ့် သူ့နည်း သူ့ဟန်နဲ့တော့ အောင်မြင်နေတာပါပဲ။ ကျန်ရှိနေတဲ့ မူလဆိုမာလီယာထက်ပိုပြီး တည်ငြိမ်အေးချမ်းပါတယ်။ ကိုယ်ပိုင်အစိုးရ၊ ငွေကြေးစနစ်၊ တရားစီရင်ရေးစနစ်တွေနဲ့ အဆင်ပြေနေပါတယ်။ ဆိုမာလီယာလန်းဒ်အဖြစ် ခွဲထွက်ပြီး ကိုယ့်ဘာသာလွတ်လပ်ရေး ကြေညာပြီးတဲ့နောက်မှာတော့ ဆိုမာလီလန်းဒ်ဟာ ရွေးကောက်ပွဲတွေ တသီတတန်းကြီး ပြုလုပ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အာဏာလွှဲပြောင်းရေး ကိစ္စတွေကို ငြိမ်ငြိမ်းချမ်းချမ်းပဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆိုမာလီယာအစိုးရကတော့ ခွဲထွက်သွားတဲ့ ဆိုမာလီယာလန်းဒ်က အစိုးရလိုမဟုတ်ပါဘူး။

**စစ်သွေးကြွအုပ်စုတွေရဲ့ ထိန်းချုပ်မှုအောက်**

နိုင်ငံမှာ မတည်ငြိမ်မှုတွေ အများကြီးနဲ့ ကြုံတွေ့နေရပါတယ်။ ၁၉၉၁ ခုနှစ် သမ္မတ Siad Barre လက်ထက်နောက်ပိုင်း ဗဟိုအစိုးရရဲ့အာဏာဆိုတာ လေထဲမှာ လွင့်ပျောက်သွားပါပြီ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ အစွန်းရောက်စစ်သွေးကြွအုပ်စုတွေရဲ့တိုက်ခိုက်မှုတွေကြောင့် တိုင်းပြည်ဟာ မငြိမ်းချမ်းခဲ့ပါဘူး။ ဆိုမာလီယာနိုင်ငံဟာ အယ်လ်ရှာဘတ်အုပ်စု နဲ့ အခြားသော စစ်သွေးကြွတွေရဲ့ ထိန်းချုပ်မှုအောက်မှာ ရောက်ကုန်ပါတယ်။ အဲဒီလိုမျိုးအခြေအနေတွေရှိနေပေမယ့် မူလဆိုမာလီယာနိုင်ငံဟာ သူ့ဆီကနေ ခွဲထွက်သွားတဲ့ ဆိုမာလီယာလန်းဒ်ကို သူ့ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်သာ အသိအမှတ်ပြုထားပါတယ်။ ဒါကြောင့် ဆိုမာလီယာလန်းဒ်က ကိစ္စတွေဟာ သူတို့ ဗဟိုအစိုးရနဲ့ သက်ဆိုင်တယ်လို့သာ ယူဆထားတယ်။ ဆိုမာလီယာလန်းဒ်နဲ့ ဒီပီဝေါလ်ကုမ္ပဏီတို့ဟာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေတယ်။ ဒါကို ဗဟိုအစိုးရက သဘောမတွေ့ပါဘူး။ သူ့နိုင်ငံရဲ့အချုပ်အခြာအာဏာကိုထိခိုက်စေမယ့်လုပ်ငန်းဆိုရင် ဘယ်အဖွဲ့အစည်းကိုမှ လက်မခံဘူးလို့ ဆိုမာလီယာနိုင်ငံခြားရေးဝန်ကြီးက ဆိုပါတယ်။ ဆိုမာလီယာလန်းဒ်ရဲ့ ယူအေအီးဆိုင်ရာသံအမတ်ဖြစ်သူက Bashe Awil Omar ကတော့ ဆိုမာလီယာ ဗဟိုအစိုးရရဲ့စွက်ဖက်မှုဟာ မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ ဆိုမာလီယာလန်းဒ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခဲ့တာ အနှစ်သုံးဆယ်ရှိပါပြီ။ ဗဟိုအစိုးရဟာ ကျွန်တော်တို့နဲ့ မသက်ဆိုင်ပါဘူးလို့ တုံ့ပြန်လိုက်ပါတယ်။

**စစ်အခြေစိုက်စခန်းတွေကို လက်ခံ**

စစ်အခြေစိုက်စခန်းတွေ ရှိတာကိုလည်း ဆိုမာလီယာလန်းဒ်အနေနဲ့ လက်ခံတယ်။ ဘာလို့လဲဆိုရင် ဒါဟာ ကမ်းရိုးတန်းကို ကာကွယ်ပြီးသားဖြစ်သလို ယူအေအီးတပ်ဖွဲ့ဝင်တွေရဲ့လေ့ကျင့်ပေးမှုကြောင့်လည်း ကျွန်တော်တို့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေအတွက် ကောင်းလာတယ်။ ယူအေအီးစစ်အခြေစိုက်စခန်းဟာ ယီမင်ကို တိုက်ခိုက်ဖို့အတွက် အသုံးပြုတာပဲ ဖြစ်တယ်လို့ ပြောပါတယ်။

ဒီဖြစ်ရပ်ကိုကြည့်မယ်ဆိုရင် ဆိုမာလီယာအရေးကိစ္စမှာ ပင်လယ်ကွေ့နိုင်ငံတွေရဲ့ ပါဝင်ပတ်သက်မှု မကင်းဘူး ဆိုတာကို လွယ်လွယ်နဲ့ပဲ သဘောပေါက်နိုင်ပါပြီ။ နိုင်ငံရေး၊ စီးပွားရေးကိစ္စသာမကပါဘူး။ စစ်ရေးမှာလည်း ပါဝင်ပတ်သက်နေတာကို တွေ့နိုင်ပါတယ်။ ဆိုမာလီယာဗဟိုအစိုးရရဲ့ မြို့တော် မိုဂါဒစ်ရှူးမှာလည်း တူရကီရဲ့ ကြီးမားလှတဲ့ စစ်အခြေစိုက်စခန်းကြီးရှိပါတယ်။ ဒီစခန်းဟာ တူရကီနိုင်ငံပြင်ပမှာ အကြီးမားဆုံးသော စစ်အခြေစိုက်စခန်းကြီးလည်း ဖြစ်ပါတယ်။

ကုန်သွယ်မှုအနေနဲ့ ကြည့်မယ်ဆိုရင် ဆော်ဒီအာရေဗျက သွင်းကုန် ၈၀ ရာခိုင်နှုန်းရှိပြီး ကာတာနိုင်ငံက တင်သွင်းတာဆိုရင် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိပါတယ်။ ဒီတော့ ဆိုမာလီယာဟာဆိုရင် သူ့ရဲ့တည်ရှိမှုကကို ပင်လယ်ကွေ့နိုင်ငံတွေရဲ့ပြိုင်ဆိုင်မှုတွေအကြား ကျရောက်လို့ နေပါတယ်။ ဆိုမာလီယာ ဗဟိုအစိုးရဟာဆိုရင်လည်း အကျဉ်းအကျပ်အထဲ ကျရောက်လို့နေပါတယ်။ သူ့ရဲ့အဓိက မဟာမိတ်ဟာ ကာတာနဲ့ တူရကီဖြစ်ပေမယ့် သူ့ရဲ့ အဓိက ကုန်သွယ်ဖက် နိုင်ငံတွေကတော့ ဆော်ဒီနဲ့ ယူအေအီးနိုင်ငံတို့ ဖြစ်နေပါတယ်။ ဒါဟာလည်း သူ့ကိုအခက်တွေ့စေမယ့် အကြောင်း အရာတစ်ခုပါပဲ။ ပင်လယ်ကွေ့နိုင်ငံတွေကြား အားပြိုင်မှုကြောင့် ဆိုမာလီယာနိုင်ငံကို ပဋိပက္ခတွေ ပိုမိုဖြစ်ပွားစေပြီး ပေါင်းစည်းလို့မရတဲ့ အခြေအနေတစ်ရပ် ဖြစ်လာစေတာကတော့ ငြင်းလို့မရတဲ့ အမှန်တရားတစ်ခုပါပဲ။ ။ **ကိုးကား- ဘီဘီစီ**

> **“ပင်လယ်ကွေ့နိုင်ငံတွေကြား အားပြိုင်မှုကြောင့် ဆိုမာလီယာနိုင်ငံကို ပဋိပက္ခတွေ ပိုမိုဖြစ်ပွားစေပြီး ပေါင်းစည်းလို့မရတဲ့ အခြေအနေတစ်ရပ် ဖြစ်လာစေ”**

# သင်္ကြန်ပွဲတော်ကာလအတွင်း ဒလမြို့နယ်၌ ဆိုင်ကယ်စီးနင်းခွင့် ကန့်သတ်ထား

**ရန်ကုန် ဧပြီ ၉**

မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဆိုင်ကယ်စီးနင်းခြင်းကို တားမြစ်ကန့်သတ်ထားမည်ဖြစ်ကြောင်း၊ မြို့နယ်မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ၏ တာဝန်ချထားသော လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများကိုသာ သွားလာရေးအဆင်ပြေစေရန် စီးနင်းခွင့် စတေကာပြုလုပ်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဆိုင်ကယ်စီးနင်းလျှင် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းစေရန်နှင့် သတ်မှတ်ထားသော လူဦးရေထက် ပိုမတင်စီးကြရန်အတွက် သတိပေးပြောကြားထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ဒလမြို့နယ် ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ လမ်းဆုံ၊ လမ်းခွများနှင့် ဒလ-တွံတေးကားလမ်းမကြီးတစ်လျှောက်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များကို လုံခြုံရေးတာဝန်ချထားခြင်းကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းပါဝင်သော ဒလမြို့နယ်နှင့် ဆိတ်ကြီးခနောင်တိုမြို့နယ်တို့တွင် တရားဝင်ဆိုင်ကယ်စီးနင်းခွင့်ပြုထားသော်လည်း သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကြောင့် ယာဉ်မတော်တဆမှုများနှင့် အသက်အန္တရာယ်ရှိနိုင်သည့်အတွက် ဒေသခံပြည်သူများကို ဆိုင်ကယ်စီးနင်းခြင်းကို ကန့်သတ်တားမြစ်သတိပေးထားကြောင်း သိရသည်။

ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ကို ဗိုလ်ရန်ပြေရပ်ကွက် ဒလကားဝင်း ဂိတ်အတွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများအလိုက် ဖျော်ဖြေရေး ယိမ်းအဖွဲ့ ၁၆ ဖွဲ့နှင့် ခေတ်ပေါ်သံစုံတီးဝိုင်းများတီးခတ်၍ တေးသီးချင်းများဖြင့် ဒေသခံပြည်သူများနှင့် ရေပက်ခံထွက်သူများအား ဖျော်ဖြေပေးသွားမည်ဖြစ်ရာ မည်သူမဆို ပျော်ရွှင်စေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စတုဒိသာများဖြင့်လည်း ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(ဒလ)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် မြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးစန်းမြင့်အောင် ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရေရှားပါးသည့် ရွာကောက်ရပ်ကွက် ကျောက်ကျင်းနယ်မြေရှိ အိမ်ခြေ ၂၁၀ သို့ သောက်သုံးရေများ ပေးဝေမှုကို ဧပြီ ၆ ရက်က ဆောင်ရွက်စဉ်။

မင်းမင်းလတ်(ရှုပဗေဒ)

## လေးပုကုန်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့

**ဇီးကုန်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စံပါယ်မြောင်ကျေးရွာအုပ်စု လေးပုကုန်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် စီမံကိန်း သုံးနှစ်ပြည့်မြောက်၍ မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေကျပ်သိန်း ၅၀နှင့် ပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၁၆၅ သိန်း စုစုပေါင်းငွေကျပ် ၂၁၅ သိန်းဖြင့် ရွာတွင်းလမ်း ၄၀၀ ဗို့ လိုင်းတည်ဆောက်ခြင်းနှင့် 100 KVA ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးသွားခဲ့ရာ မတ်လနောက်ဆုံးပတ်က ကျေးရွာတွင်း လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါစီမံကိန်းသည် နိုင်ငံတော်မှ ကျေးလက်နေပြည်သူများအတွက် အရင်းမပျောက် ရန်ပုံငွေအဖြစ် မတည်ထူထောင်ပေးထားခြင်းဖြစ်ပြီး ရရှိလာသောအတိုးငွေဖြင့် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် လူမှုစီးပွားဘဝများတိုးတက်အောင် ဆောင်ရွက်ပေးနေသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## မြစ်ဆုံအလှ မပျက်စီးရန် ထိန်းသိမ်းရေး လိုအပ်နေ

**မြစ်ကြီးနား ဧပြီ ၉**

မြစ်ကြီးနားမြို့အနီး မေခနှင့်မလိခမြစ်တို့ စတင်ပေါင်းဆုံရာ မြစ်ဆုံအနီးဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ မရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းရန် ဒေသခံများကိုလိုလားနေကြကြောင်း သိရသည်။

မြစ်ဆုံအနီးတွင် ဆိုင်များမှ ထွက်ရှိ စွန့်ပစ်သော အမှိုက်များ၊ စွန့်ပစ်ရေဆိုးများကို ထိန်းသိမ်းရန် လိုအပ်လျက်ရှိပြီး တရားမဝင်ငါးဖမ်းခြင်းများကိုလည်း တားဆီးသင့်ကြောင်း သိရသည်။

ထို့အပြင် မြစ်ဆုံအနီးဝန်းကျင်ဒေသတွင် တရားမဝင် ဓာတ်သတ္တုတူးဖော်နေခြင်းများလည်း ရှိနေသဖြင့် မြစ်ရေစီးဆင်းခြင်းလည်း လျော့နည်းလာခဲ့ကြောင်း သိရသည်။

မြစ်ဆုံသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများက ခရီးစဉ်တစ်ခုအနေဖြင့် လာရောက်လည်ပတ်အပန်းဖြေကြလျက်ရှိရာ နှစ်စဉ်လာရောက်လည်ပတ်သည့်ခရီးသွားဦးရေလည်း တိုးတက်များပြားလာလျက်ရှိသည်။ ထို့ကြောင့် ခရီးသွားများ အမှိုက်သရိုက်များစည်းကမ်းမဲ့ စွန့်ပစ်မှုမရှိစေရန်နှင့် ရောင်းချသည့် ဈေးဆိုင်များကလည်း စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်း၊ မြစ်ဆုံအလှ မပျက်စီးစေရန် လာရောက် အပန်းဖြေသူများနှင့်အတူ ဒေသခံများအားလုံး ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## ဖျာပုံ-ပုသိမ်ပြေးဆွဲသည့်ရေယာဉ်များ အသွားကုန်ထက် အပြန်ကုန်များ တင်ဆောင်မှုများလာ





**ဖျာပုံ ဧပြီ ၉**

ဖျာပုံမှပုသိမ်ခရီးသည်နှင့် ကုန်ပစ္စည်းများပို့ဆောင်ပြေးဆွဲနေသည့် ပုဂ္ဂလိက ရေယာဉ်များ ခရီးသည်လိုက်ပါမှုနည်းပါးသော်လည်း ဒေသထွက်ကုန်ပစ္စည်းများ အဓိကထားတင်ဆောင် ပြေးဆွဲလျက်ရှိရာ သင်္ကြန်ရက်နီး၍ ဖျာပုံမှအထွက်ထက် ပုသိမ်မှပြန်အထွက်တွင် ကုန်ပစ္စည်းများတင်ဆောင်မှု များပြားလာကြောင်း သိရသည်။

ဧပြီ ၇ ရက်တွင် ဖျာပုံဆိပ်ကမ်းဆိုက်ကပ်လာသည့် ရေယာဉ်တွင် ပုသိမ်ဒေသထွက်ကုန် ပစ္စည်းများဖြစ်သည့် ကျောက်မီးဖိုများ၊ မီးသွေးနှင့်ထင်းများ၊ ဆားအိတ်များအပြင် မြောင်းမြနှင့် မော်လမြိုင်ကျွန်းမြို့များမှ ထွက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်းများ များစွာ တင်ဆောင်လာသည်ကို တွေ့မြင်ရပြီး ယခုရက်ပိုင်း ဝင်ငွေကောင်းလျက်ရှိကြောင်း ရေယာဉ်လိုက်စာရေးများက ပြောသည်။

**အောင်ဝင်း(ဖျာပုံ)**

## ရေစုကန်နှင့် ရေတင်စက်ရုံတည်ဆောက်ပြီးစီး၍ သောက်သုံးရေဖြန့်ဝေ



**မိုးနဲ ဧပြီ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်၌ နှစ်စဉ်နွေရာသီရေခန်းခြောက်မှုနှင့် ရေရှားပါးမှုကို ခံစားနေရသော ကုန်းလွန်းကျေးရွာအုပ်စု ကုန်းလုံကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ စက်ရေတွင်းတူးဖော်မှုနှင့်အတူ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်တစ်လုံးနှင့် ရေတင်စက်ရုံတို့ကို တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေစုကန်မှ ကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်မှ ကျေးရွာနေပြည်သူ ၇၀၀ ကျော်ကို နေ့စဉ် သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မင်းပြားမြို့နယ်၌ မကြာမီ ကျေးရွာသစ်ကိုးရွာ လျှပ်စစ်မီး ရရှိတော့မည်

**မင်းပြား ဧပြီ ၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ယခုနွေရာသီလျှပ်စစ်မီး ၂၄နာရီ ရရှိနိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီးပြီးဖြစ်နေကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မောင်မောင်မြင့်က ဧပြီ ၆ ရက်တွင် ပြောသည်။

လျှပ်စစ်မီး မကြာမီရရှိတော့မည့် ကျေးရွာကိုးရွာမှာ ဘူးပင်ကျေးရွာ၊ ဘားဘူတောင်ကျေးရွာ၊ ခြိတ်တောင်ကျေးရွာ၊ သူဌေးကုန်းကျေးရွာ၊ နရမ်းကျေးရွာ၊ ကံရွာကျေးရွာ၊ အဝကျေးရွာ၊ ပန်းမြောင်းကျေးရွာ၊ ရွှေတမာကျေးရွာတို့ဖြစ်သည်။ အဆိုပါ ကျေးရွာများ၌ ၁၁/၀.၄ ကေဗွီထရန်စဖော်မာ ၁၁လုံးတည်ဆောက်ထားပြီးဖြစ်ရာ မင်းပြားမြို့ပေါ်တွင် H.D.B.C 400 ဗို့ လိုင်းကြိုးဟောင်း ၃ ဒသမ ၅ မိုင်ကို Instated Cable ဖြင့်အစားထိုးလဲလှယ်ပြီးဖြစ်သည်။ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဆွေနှင့် မင်းပြားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့က ဦးဆောင်ပြီး လျှပ်စစ်ဝန်ထမ်းများ၊ လျှပ်စစ်နှင့်သက်ဆိုင်သော လုပ်ငန်းများကို ပြည်သူများနှင့်တွေ့ဆုံကာ ဟောပြောပွဲများပြုလုပ်၍ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

## ခေတ်မီလက်နက်များ ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး သင်တန်းဆင်း

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ခေတ်မီလက်နက်များစနစ်တကျထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြု ပစ်ခတ်နိုင်ရေး(ဆင့်ပွား) သင်တန်း အမှတ်စဉ် ၃/၂၀၁၈ ဆင်းပွဲအခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပခဲ့ပြီး သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်း အောင်လက်မှတ်များအား သင်တန်းသားများကိုယ်စား ရဲအုပ်ဖုန်းသင်းနောင်အား ပေးအပ်ချီးမြှင့်ခဲ့၍ လေ့ကျင့်ရေးထူးချွန်ဆုရ ရဲဒုတပ်ကြပ် ကျော်ကျော်ဆန်းအား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။


အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ တိုင်းရဲအကူတပ်ခွဲဖွဲ့မှ တပ်ဖွဲ့ဝင် အရာရှိ သုံးဦး၊ အခြားအဆင့် ၂၇ ဦး၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ အရာရှိ နှစ်ဦး၊ အခြားအဆင့် သုံးဦး စုစုပေါင်း ၃၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်- မန်းကိုယ်ပွား**

# မြန်မာ့ကြေးခေတ် သံခေတ် အုတ်အိုင်ဒေသ

မောင်သာ(ရှေးဟောင်းသုတေသန)

**ကျောက်ခေတ် ၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်များကို အဆင့်ဆင့် ဖြတ်သန်းခဲ့သည့် မြန်မာနိုင်ငံသမိုင်းစဉ်တစ်လျှောက် ခေတ်အလိုက် အထောက်အထားများအား ပညာရှင်များနှင့်သုတေသီများက ရှာဖွေသုတေသနပြုခဲ့ကြသဖြင့် မြန်မာ့ခေတ်ဟောင်းသမိုင်းပုံရိပ်များကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ အများအားဖြင့် ရှေးဦးလူသားများသည် ရေအရင်းအမြစ်ကောင်းမွန်သည့် မြစ်ဝှမ်းဒေသများတွင် မြို့ပြများထူထောင်ကာ နေထိုင်ခဲ့ကြသဖြင့် ယင်းနေရာများမှ ယင်းတို့သုံးစွဲခဲ့သည့် ပစ္စည်းအကြွင်းအကျန်များကို နောင်းလူများက တွေ့ရှိ ခဲ့ကာ ရှေးဟောင်းကာလယဉ်ကျေးမှုများကို ခန့်မှန်းနိုင်ခဲ့ကြသည်။**


အုတ်အိုင်ရွာ တောင်သူတစ်ဦး၏လယ်ကွင်းတွင် ကျောက်တုံးများကိုတွေ့ရစဉ်။

## မြန်မာ့ကျောက်ခေတ်

လွန်ခဲ့သည့် နှစ် သန်း ၄၀ က မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြသည့် လူတူပရိုင်းမိတ်များသည် မျက်မှောက်ခေတ် လူသားအဆင့်သို့ ဆင့်ကဲပြောင်းလဲခဲ့သည်။ ယဉ်ကျေးမှုစတင်ဖြစ်ထွန်းလာချိန်တွင် ရှေးဦးလူသားများသည် လက်နက်ပစ္စည်းများကို ကိုင်တွယ်အသုံးချခဲ့ကြသဖြင့် ပညာရှင်များသည် ရှေးဦးလူသားများ သုံးစွဲခဲ့ကြသည့် လက်နက်ကိရိယာများကို ဖော်ထုတ်ကာ ရှေးဟောင်းခေတ်ကာလများကို ပိုင်းခြားသတ်မှတ်နိုင်ခဲ့သည်။

ဘူမိဗေဒပညာရှင် ပါမောက္ခ ဒေါက်တာညီညီက ကျောက်ခေတ်ကို ကျောက်ကြမ်းခေတ်(Palaeolithic Age)၊ ကျောက်ခေတ်လယ် (Mesolithic Age)နှင့် ကျောက်ချောခေတ် (Neolithic Age) ဟု သုံးပိုင်းပိုင်းခြားနိုင်ပြီး မြန်မာနိုင်ငံ၌ ကျောက်ခေတ်လယ်မရှိကြောင်း ရေးသားခဲ့သည်။ သို့သော် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်က မြန်မာနိုင်ငံတွင် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ် အထောက်အထားများကို တွေ့ရှိရသော်လည်း ကျောက်ခေတ်လယ် အထောက်အထားများကို တွေ့ရှိရခြင်းက နည်းပါးနေသဖြင့် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ်ကြားကာလကို ယေဘုယျအားဖြင့် ကျောက်လယ်ခေတ်ဟု ယူဆနိုင်ကြောင်း သုံးသပ်ခဲ့သည်။

လွန်ခဲ့သည့် နှစ်တစ်သန်းမှ တစ်သောင်းအတွင်း မြန်မာနိုင်ငံရှိ လွင်ပြင်များတွင် မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့ကာ ဂဝံဆန်သည့်ကျောက်စရစ်မြေလွှာပေါ်ထွန်းခဲ့သည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းလာချိန်တွင်


ညောင်ကန် တူးဖော်မှုမှ တွေ့ရှိခဲ့သည့် ရုပ်အလောင်း။

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် ယခု စလေနှင့် ချောက်မြို့အကြား၌ မြစ်ကမ်းဆင့် ငါးခုဖြစ်ပေါ်ခဲ့သည်။ မြစ်ကမ်းဆင့် အမှတ် ၁ မှ ၄ အကြား မြေလွှာများမှ ကျောက်ကြမ်းခေတ်သုံး လက်နက်အသုံးအဆောင်များနှင့် မြစ်ကမ်းဆင့် အမှတ် ၅ မှ ကျောက်ချောခေတ်သုံး လက်နက်များကို ရရှိခဲ့သည်။ ကျောက်ကြမ်းလက်နက်များကို အညာဒေသမှ အများအပြားရရှိခဲ့သဖြင့် သုတေသီများက မြန်မာ့ကျောက်ကြမ်းခေတ်ကို အညာသားယဉ်ကျေးမှုဟု ကင်ပွန်းတပ်ခဲ့သည်။

မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုသည် လွန်ခဲ့သည့် နှစ်ငါးသိန်း၊ခြောက်သိန်းမှ နှစ်တစ်သောင်းအကြားတွင် ထွန်းကားခဲ့ သည်။ မြန်မာနိုင်ငံအတွင်း ကျောက်ခေတ်နှောင်းပိုင်းဖြစ်သည့် ကျောက်ခေတ်သစ် ယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာများတွင် ဆားလင်းကြီးမြို့နယ်မှ ထောက်မကုန်းနှင့် မိုးကြိုးပြင်၊ ကနီမြို့နယ်မှ လည်ရှည်၊ တွင်းမ၊ တောင်ပျောက်၊ သူဌေးကုန်း-အိုင်တောင်၊ ရွာသာ-ဝက်ချောင်း၊ချောင်းဦးမြို့နယ်မှ ဒင်္ဂါးကုန်း-နွယ်ခွေ၊ မုံရွာမြို့နယ်မှ လှည်းဒါး၊ ဗောဓိတထောင်၊ ကျောက်ကာ၊ ဘုတလင်မြို့နယ်မှ မကျည်းကန်-မုံထူး၊ ရေဘုတလင်၊ ထူးကြီး၊ မင်းကွေ့ထောင့်၊ ကြက်မြုံကုန်း-ရွှေစာရေး၊ ရသေ့ကုန်း-မိုးကြိုးချောင်း (ခေါ်) အုတ်အိုင်တို့သည် ထင်ရှားကြသည်။

## ညောင်ကန် မြန်မာ့ကြေးခေတ်

မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြသော ရှေးဦးလူသားများသည် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်လယ်နှင့် ကျောက်ခေတ်သစ်တို့ကို ဖြတ်သန်းခဲ့ပြီးနောက် ကြေးပစ္စည်း၊ ကြေးလက်နက်များကို စတင်သုံးစွဲခဲ့သော ကြေးခေတ်သို့ လွန်ခဲ့သော နှစ် ၃၅၀၀ ဝန်းကျင်က ရောက်ရှိခဲ့သည်ဟု ပညာရှင်များက လက်ခံထားကြသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသန တူးဖော်ရေးလုပ်ငန်းများကို ၁၉၀၄ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၈ ခုနှစ်အထိ မြန်မာနိုင်ငံ၏ ကြေးခေတ်အထောက်အထားများကို တူးဖော်တွေ့ရှိခြင်း မရှိခဲ့ချေ။

မြန်မာနိုင်ငံ ကျောက်ခေတ်ဆိုင်ရာ စာတမ်းများကို ရေးသားခဲ့သူ T.O. Morris သည် မြန်မာနိုင်ငံအတွင်း ကြေးပုဆိန်သွားများ၊ ကြေးမြားခေါင်းများကို တွေ့ရှိခဲ့ရကြောင်း ၁၉၃၈ ခုနှစ်က မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ် (JBRS) အတွဲ (၂၈) ၊ အမှတ် ၁တွင် ရေးသားခဲ့သည်။ သို့သော်လည်း ယင်းတို့သည် တူးဖော်တွေ့ရှိရသည့် ပစ္စည်းများမဟုတ်ဘဲ မြေပြင်ပေါ်မှရရှိခဲ့သော ကြေးလက်နက်များဖြစ်သဖြင့် မြန်မာ့ကြေးခေတ်သမိုင်းကို ပီပြင်စွာ မဖော်ထုတ်နိုင်ခဲ့သည့်နည်းတူ မြန်မာနိုင်ငံတွင် ကြေးခေတ် ယဉ်ကျေးမှုထွန်းကားခဲ့သည် ဆိုသည့်အချက်ကို အခိုင်အမာ မပြောနိုင်ခဲ့ပါချေ။

ကမ္ဘာ့သမိုင်းတစ်လျှောက် ရှေးဦးလူသားများသည် ကျောက်ခေတ်၊ကြေးခေတ်၊ သံခေတ်တို့ကို အဆင့်ဆင့်ကူးပြောင်းခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင် ကြေးခေတ်မရှိခဲ့ဟု ပြည်ပပညာရှင်အချို့က ယူဆခဲ့ကြသည်။ သို့သော် ၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တွင် ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာအနီးတွင် လူရုပ်အလောင်းများမြှုပ်နှံထားသည့် ရှေးဟောင်းသင်္ချိုင်းတစ်ခုကို တူးဖော်ခဲ့ကြရာမှ မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ခဲ့သည်။

ညောင်ကန်ကျေးရွာ၊ သင်္ချိုင်းဟောင်းတူးဖော်မှု သုံးကြိမ်အတွင်း လူရုပ်ကြွင်းများ အပါအဝင် ကြေးပစ္စည်း၊ ကြေးလက်နက်များကိုရရှိခဲ့သဖြင့် မြန်မာ့ကြေးခေတ် ယဉ်ကျေးမှုအား တစ်စိတ်တစ်ပိုင်း ပုံဖော်နိုင်ခဲ့သည်။

ညောင်ကန် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် နေရာသည် ညောင်ကန်ရွာမှ အနောက်တောင်ဘက် တစ်မိုင်အကွာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၄ မိနစ် ၄၀ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃ မိနစ် ၂၈ စက္ကန့် အကြား၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ အမြင့်တွင်တည်ရှိသည်။ တူးဖော်မှုများဆောင်ရွက်ခဲ့သည့် သင်္ချိုင်းဟောင်းနေရာသည် တောင်မြောက် ပေ ၂၅၀ နှင့် အရှေ့အနောက် ပေ ၁၃၀ ကျယ်ဝန်းသည်။

ထိုဒေသအနီးရှိ အုတ်အိုင်၊ ဖျောက်ဆိတ်ကုန်း၊ ရွာသာနှင့် ညောင်ကန် ကျေးရွာများမှ ရွာသားအချို့သည် ရွာသာရွာအနီးရှင်မချောက် တောင်ကုန်းနေရာတစ်ဝိုက်တွင် ရှေးဟောင်းပစ္စည်းများ၊ လူအရိုးစုများ၊ အိုးကွဲများကို နှစ်အတန်ကြာကပင် မကြာမကြာ တွေ့ရှိခဲ့ကြသည်။

ယင်းနေရာသည် တစ်ချိန်က သင်္ချိုင်းမြေတစ်ခုဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ရွာသာရွာမှ ဦးချစ်လှိုင် ပိုင်ဆိုင်သော စိုက်ပျိုးမြေကွက် ဖြစ်လာခဲ့သည်။ ထိုနေရာသည် ကုန်းမြင့်စောင်းတစ်ခုဖြစ်ပြီး ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် မြေရှင်းရာမှ လူအရိုးများ၊ မြေအိုးများ၊ ကြေးလက်နက်များကို တွေ့ရှိခဲ့သဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန ၊ မနုဿဗေဒဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များပါဝင်သည့် "ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ လေ့လာရေးအဖွဲ့"ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ ခုနှစ် မတ်လအထိ တူးဖော်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့သည် အဆိုပါနေရာတွင် သုံးကြိမ်တိုင် စနစ်တကျ အကွက်ချ တူးဖော်မှုများ ပြုလုပ်ခဲ့ရာ မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တွေ့ရှိခဲ့သည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တွေ့ရှိပြီးချိန်တွင် အဆိုပါမြေနေရာအား ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က နိုင်ငံတော်သို့ လှူဒါန်းခဲ့သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

ညောင်ကန်မှ တူးဖော်တွေ့ရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများဖြစ်သည့် မြေဆေးတံ နှစ်ခု၊ ကျောက်ကွင်း ၁၂ ခု၊ ကျောက်ကွင်း(တစ်ခြမ်း) လေးခု၊ကျောက်ကွင်း (အဆံ) နှစ်ခု၊ မြေရုပ်ဒိုးပိုင်းနှစ်ခု၊ ကျောက်ကွင်းပိတ်နှစ်ခု၊ ကြေးပုဆိန်လေးခု၊ မြေပုတီးစေ့ တစ်ခု၊ ကျောက်လုံး သုံးခု၊အပေါက်ပါ ကျောက်ပုတီးစေ့ ငါးခု၊ ဆလင်ဒါပုံ ပုတီးစေ့ ၂၃ ခု၊စလင်းပုတီးကွဲ တစ်ခု၊ခုနှစ်လက်မ ပုတီးစေ့ အရှည်နှစ်ခု၊ ခရုပုတီးစေ့ကြီး ၁၀ ခု၊ ခရုပုတီးစေ့ အသေး ၈၈ ခု၊ ကြေးလှံသွား ငါးခု၊ ကြေးမြားသွား ခြောက်ခု၊ ကြေးချောင်းတစ်ခု၊ ကြေးပေါက်ချွန်း တစ်ခု၊ ဒီဇိုင်းပါ အိုးခြမ်းကွဲ ၂၃ ခု၊ခဲပြားလိပ် ရှစ်ခု၊ အမင်းပါ ကြေးပဲခွပ် နှစ်ခု၊ ကျောက်လက်နက် တစ်ခု၊ အိုးရှစ်လုံး၊ အုတ်ခဲ ငါးခု၊ မြေဆီမီးခွက် သုံးခု၊ ဒီဇိုင်းပါ အရိုးအိုးခြမ်းကွဲ ငါးခု၊အခြယ်ပါသော အိုးခြမ်းပဲ့ အပိုင်းအစတစ်ထုပ်နှင့် အခြယ်မပါသော အိုးခြမ်းပဲ့ အပိုင်းအစတစ်ထုပ်တို့ကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းပြသနိုင်ရန် ၁၉၉၈ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် သတင်းကို ( ၂၃ ၊ ၃ ၊ ၁၉၉၈) ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဖတ်ရှုရပေသည်။

## ကြေးခေတ် သံခေတ် အုတ်အိုင်

ကြေးခေတ်ထွန်းကားခဲ့ပြီးနောက် သံခေတ်ထွန်းကားခဲ့သဖြင့် ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှု နှစ်ခုသည် နီးကပ်လျက် ရောနှောတည်ရှိခဲ့ကြောင်း တွေ့ရှိနိုင်ကြသည်။

ညောင်ကန်ရွာမှ နှစ်မိုင်ဝေးကွာသော အုတ်အိုင်ရွာ တောင်ဘက်ရှိ ဦးပြုံး၏ ယာကွက်အတွင်းမှ ကြေးတုံးအစအနများကို တွေ့ရှိခဲ့သည်။ အုတ်အိုင်ရွာအနီးရှိ မိုးကြိုးချောင်းကို ရေတိုက်စားပြီး ကမ်းပြိုရာမှ ထိုနေရာတစ်ဝိုက်တွင် တွေ့ရှိခဲ့ရသည့် အညိုတက်နေသော ကြေးတုံးငယ်များသည် ကြေးကို အရည်ကျို၍ တစ်စုံတစ်ခုသော ပစ္စည်း၊ ကိရိယာကို ပုံသွန်းရာမှ ဖိတ်စဉ်ကျခဲ့သော ကြေးစများဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။ ထို့ကြောင့် အုတ်အိုင်ကို ညောင်ကန်ကဲ့သို့ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့်နေရာဟု သတ်မှတ်ခဲ့ကြသည်။

အုတ်အိုင်သည် ကျောက်ခေတ်သစ်မှ သံခေတ်အထိ ယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာတစ်ခုဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာအုပ်စုတွင် တည်ရှိသည်။ ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ပါမောက္ခ ဦးစံငြိမ်းခေါင်းဆောင်သည့် အဖွဲ့သည် ၁၉၉၈ ခုနှစ်တွင် အုတ်အိုင်၌ စမ်းသပ်ကျင်းနှစ်ကျင်း တူးဖော်ခဲ့ရာ ကျောက်လက်နက်များကို တွေ့ရှိခဲ့သည်။

ထို့အတူ ပြင်သစ်နိုင်ငံ National Centre for Scientific Research မှပညာရှင်များသည် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တူးဖော်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် အုတ်အိုင်ကျေးရွာ၌ ကြေးခေတ်၊ သံခေတ် တူးဖော်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ တူးဖော်ရေးအဖွဲ့သည် ၂၀၁၄ ခုနှစ်တွင် ငါးမီတာပတ်လည် ကျင်းသုံးကွက်နှင့်အလျား တစ်မီတာ၊ အနံ ငါးမီတာ ကျင်းတစ်ကွက်ကို တူးဖော်ခဲ့ကြရာ လူနှင့်တိရစ္ဆာန်အရိုးစု ရုပ်ကြွင်းများ၊ ကြေးပုဆိန်၊ တိရစ္ဆာန်အရိုးဖြင့် ပြုလုပ်ထားသည့် ရစ်ဘီး၊ အရိုးလက်ကောက်၊ အရိုးခြေကျင်း၊ အရိုးပုတီးစေ့များ၊ ကျောက်ကွင်းလက်ကောက်နှင့် ကျောက်ပုတီးစေ့များ၊ မြေဖြင့်ပြုလုပ်ထားသည့် မြေပန်းကန်၊ မြေခွက်နှင့် ယောက်သွားခွံများကို တွေ့ရှိခဲ့သည်။

၂၀၁၄ ခုနှစ်၌ ပြုလုပ်ခဲ့သည့် အုတ်အိုင်တူးဖော်မှုများတွင် တွေ့ရှိခဲ့သည့် လူအရိုးစု ရုပ်ကြွင်း ၂၃ ခုအနက် ရုပ်ကြွင်းငါးခုသည် ပြည့်စုံလုနီးပါးကောင်းမွန်သည်။ ရုပ်ကြွင်း ၂၂ ခုကို မြောက်ဘက်သို့ ဦးတည်မြှုပ်နှံထား၍ တစ်ခုကိုတောင်ဘက်သို့ ဦးတည်မြှုပ်နှံထားသည်။ ကြေးခေတ် သံခေတ် တူးဖော်မှုများတွင် ကလေးရုပ်ကြွင်းများကို အရွယ်ကြီးသော မြေအိုးနှစ်လုံးအတွင်း၌ထည့်၍ အိုးနှုတ်ခမ်းနှစ်ခုကို မျက်နှာချင်းဆိုင်ကာ မြှုပ်နှံသည့် ဓလေ့များကို မြင်တွေ့ခဲ့ရသော်လည်း အုတ်အိုင်တွင်တွေ့ရှိရသည့် ကလေးရုပ်ကြွင်းသည် အိုးအတွင်းသို့ ထည့်သွင်းမြှုပ်နှံခဲ့ခြင်းမရှိချေ။ သို့သော် အခြားကြေးခေတ်၊ သံခေတ် နေရာဒေသများကဲ့သို့ပင် အရိုးစုရုပ်ကြွင်း ခုနစ်ခုနှင့်အတူ ထည့်သွင်းမြှုပ်နှံခဲ့သည့် အသုံးအဆောင်မြေအိုး၊ မြေပန်းကန်၊ မြေခွက်များကို တွေ့ရှိခဲ့ရပေသည်။

အရိုးစုများတွင် အဆင်တန်ဆာအဖြစ် ဝတ်ခဲ့ဟန်ရှိသော ကျောက်ပုတီးစေ့များနှင့် အရိုးပုတီးစေ့များကို လည်ဆစ်ရိုးအနီးနှင့် ခါးအနီးမှတွေ့ရှိခဲ့သည်။ အရိုးစုတစ်ခု၏ လက်ကောက်ဝတ် အထက်နားတွင် ကျောက်ကွင်းလက်ကောက်တစ်ခုကို တွေ့ရှိခဲ့ရာ ရှေးဟောင်းသုတေသန ဦးစီးဌာနက ယင်းကျောက်ကွင်းကို အသက်ရှင်သန်စဉ်က ဝတ်ဆင်ခဲ့ခြင်းမရှိဘဲ ကွယ်လွန်ချိန်မှ အလောင်းနှင့်အတူ မြှုပ်နှံခဲ့သည်ဟု ယူဆခဲ့သည်။ လက်ကောက်ကို ဝတ်ဆင်ခြင်းအပြင် အရိုးခြေကျင်းကို ဝတ်ထားသည့် အရိုးစုတစ်ခုကိုလည်း တူးဖော်ရရှိခဲ့သည်။ ကြေးခေတ် ၊ သံခေတ်ထွန်းကားခဲ့သည့် နေရာများတွင် တူးဖော်မှု ပြုလုပ်တိုင်း ယောက်သွားခွံများကို တွေ့ရှိရလေ့ရှိပေသည်။

အုတ်အိုင်ဒေသ၌ ၂၀၁၅ ခုနှစ်တွင် တူးဖော်မှုများ ထပ်မံဆောင်ရွက်ခဲ့ရာ တူးဖော်ကွက်အမှတ် ၁ (OAI 1) မှ လူရုပ်ကြွင်း ၂၆ ခု၊ တိရစ္ဆာန်အရိုးဖြင့် ပြုလုပ်ထားသည့် မြေအိုးဖုံး၊ အဆင်တန်ဆာများဖြစ်သည့် ကျောက်လက်ကောက်ကွင်း၊ ကျောက်ပုတီးစေ့များနှင့် ခရုပုတီးစေ့များ၊ အသုံးအဆောင်ပစ္စည်းများအဖြစ် အရေးအစင်း အခြယ်အလှယ်များ မပါရှိသည့် အောက်ခြေလုံးမြေအိုးနှင့် မြေခွက်၊ ဓလေ့ထုံးတမ်းတိုင်ရာ ပစ္စည်းတစ်ခုဖြစ်သည့် ယောက်သွားခွံများကို တွေ့ရှိခဲ့သည်။


ညောင်ကန် မှ တူးဖော် ရရှိခဲ့သည့် မြေအိုးများ။

ထို့အတူ တူးဖော်ကွက်အမှတ် ၂ (OAI 2) မှ လူရုပ်ကြွင်းကိုးခု၊ အဆင်တန်ဆာဖြစ်သည့် ကျောက်လက်ကောက်ကွင်းသေးကွင်း၊ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ကျောက်လက်နက်များ၊ အောက်ခြေလုံးမြေအိုးနှင့် ဒီဇိုင်းရာများပါရှိသည့် မြေအိုးအပိုင်းအစများနှင့် ဓလေ့ထုံးတမ်းတိုင်ရာ ပစ္စည်းတစ်ခုဖြစ်သည့် ယောက်သွားခွံများကို တွေ့ရှိခဲ့သည်။ အုတ်အိုင်တူးဖော်မှုတွင် ရုပ်ကြွင်းအများစုကို အဝတ်စ သို့မဟုတ် ဝါးဖျာတစ်ခုခုဖြင့် ရစ်ပတ်ကာ မြှုပ်နှံခဲ့ကြောင်း တွေ့ရှိရသည်။ ကြေးခေတ်၊ သံခေတ်ထွန်းကားခဲ့သည့် ဒေသများ၌ ရုပ်ကြွင်းများကို တစ်ဦးတည်းမြှုပ်နှံမှု၊ အစုလိုက်မြှုပ်နှံမှု၊ အဝတ် သို့မဟုတ် ဖျာဖြင့်ရစ်ပတ်မြှုပ်နှံမှု၊ ခေါင်းတလားဖြင့် မြှုပ်နှံမှု၊ ကလေးအလောင်းများကို မြေအိုးတွင်ထည့်သွင်း မြှုပ်နှံခဲ့သည့် ဓလေ့များတွေ့ရှိရကြောင်း ရှေးဟောင်းသုတေသန ဦးစီးဌာန၏ အစီအရင်ခံစာတွင် ဖော်ပြခဲ့သည်။ ယင်းသို့ မြှုပ်နှံမှုများကို ရွာထင်၊ နှောကန်၊ မြို့လှ၊ ရွာကုန်းကြီး၊ ကန်သစ်ကုန်း၊ မြောက်လည်၊ ထုံးဘို၊ ကြို့ကုန်း တူးဖော်မှုများတွင်လည်း တွေ့ရှိခဲ့ရကြောင်း သိရှိရပေသည်။

ညောင်ကန်နှင့် အုတ်အိုင်အနီးဝန်းကျင်တွင် တူးဖော်သုတေသနပြုမှုများဆောင်ရွက်နိုင်ခဲ့သဖြင့် ယင်းဒေသများရှိ သမိုင်း မတင်မီခေတ် လူ့အဖွဲ့အစည်းယဉ်ကျေးမှုနှင့် ဆက်နွယ်ခဲ့သည့် အထောက်အထားများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အထူးသဖြင့် အုတ်အိုင်ဒေသ၏ ကျောက်ခေတ်သစ်ကာလနှင့် ကြေးခေတ်ယဉ်ကျေးမှု အထောက်အထားများကို အခြား ကြေးခေတ် သံခေတ် ယဉ်ကျေးမှုများနှင့် နှိုင်းယှဉ်သုံးသပ်နိုင်ခဲ့ပေသည်။ ထို့ကြောင့် ကြေးခေတ်၊ သံခေတ် ဒေသ တူးဖော်မှုများကို ဆက်လက် ဆောင်ရွက်သုတေသနပြုကာ မြန်မာနိုင်ငံ သမိုင်းမတင်မီ အခြေအနေများကို ပိုမိုပီပြင်စွာ ဖော်ထုတ်လာနိုင်မည်ဖြစ်ပေသည်။ ။

**ကိုးကား**


- Proceedings of the Workshop on Bronze Age Culture in Myanmar (Universities Historical Research Centre)
- **မြန်မာ့ကြေးခေတ် သုတေသနခရီး(ဦးစန်းဝင်း၊ရှေးဟောင်းသုတေသန)**
- **ချင်းတွင်းမြစ်ဝှမ်းမှ ကျောက်ခေတ်ယဉ်ကျေးမှုဒေသ (ရှင်ချမ်း)**

# မလှိုင်မြို့နယ်တွင် သင်္ကြန်မဏ္ဍပ် ၁၁၇ ခု ခွင့်ပြုမိန့်ပေးထားပြီး လုံခြုံရေး အထူးဆောင်ရွက်သွားမည်

**မလှိုင် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း ဗဟိုရေကစားမဏ္ဍပ် မရှိသော်လည်း တစ်မြို့နယ်လုံးတွင် ရေကစားမဏ္ဍပ်ပေါင်း ၁၁၇ ခုအား ခွင့်ပြုမိန့်ပေးထားခဲ့ပြီး လုံခြုံရေးအတွက်လည်း အထူး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မလှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက "ယခုနှစ်မှာ မလှိုင်မြို့မှာ (ဗဟို) ရေကစားမဏ္ဍပ် မပါသော်လည်း တစ်မြို့နယ်လုံးမှာ ရေကစားမဏ္ဍပ်ပေါင်း ၁၁၇ ခုကို ကျွန်တော်တို့ဌာနမှ ခွင့်ပြုမိန့်ပေးထားပါတယ်၊ သင်္ကြန်ကာလအတွင်းမှာ လုံခြုံရေးအနေနဲ့ သက်ဆိုင်ရာဌာနများက အထူးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ ဒီနှစ် မဟာသင်္ကြန်ကာလမှာ တရားမဝင်အရက်ဆိုင်များ၊ ဆေးဆိုင်များမှာ ရောင်းချခွင့်မရှိတဲ့ ဆေးဝါးပစ္စည်းများကိုလည်း စစ်ဆေးအရေးယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ မြို့နယ်အတွင်းရှိ တည်းခိုခန်းလုပ်ငန်းရှင်များ စတဲ့ လုပ်ငန်းရှင်များကိုလည်း ကျွန်တော်တို့ဌာနအနေနဲ့ သင်္ကြန်ကြေးဆိုပြီး ငွေကြေးတောင်းယူ ကောက်ခံခြင်းလည်း မရှိပါဘူး"ဟု ပြောသည်။

"ဒေသအတွင်းရှိ ရပ်ကွက်တွေထဲက ငွေကြေးမတတ်နိုင်တော့ ယခင်လို ယိမ်းအကအလှုတွေတော့ မပါရှိတော့ဘူး၊ ယခင်နှစ် မဟာသင်္ကြန်တုန်းကတော့ (ဗဟို) ရေကစားမဏ္ဍပ် ပါပါတယ်၊ ဒီနေရာမှာ ပြောချင်တာက (ဗဟို)မဏ္ဍပ်တစ်ခု တည်ဆောက်မယ်ဆိုရင် အလွန်ကို အကုန်အကျတွေများပါတယ်၊ နောက်တစ်ခုက မဟာသင်္ကြန်ကာလမှာ ဌာနဆိုင်ရာ ဝန်ထမ်းတွေဟာ ရုံးပိတ်ရက် ငါးရက်ပဲရရှိတော့ သူတို့တွေကို နားလည်ပေးတာလည်းပါတယ်၊ (ဗဟို)ရေကစားမဏ္ဍပ် ပြုလုပ်မယ့် ကုန်ကျစရိတ်တွေကို ကုသိုလ်ကောင်းမှုတွေလုပ်ပေးတဲ့အနေနဲ့ မလှိုင်မြို့မှာရှိတဲ့ သက်ကြီးဘိုးဘွားတွေကို ကန်တော့မယ်၊ မလှိုင်မြို့ပေါ်က ဘုန်းတော်ကြီးကျောင်းပေါင်း ၃၇ ကျောင်းက ဆရာတော်တွေကိုပင့်ဖိတ်ပြီး ကုသိုလ်ဒါနတွေပြုလုပ်ဖို့ စီစဉ်ထားပါတယ်"ဟုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်ပြောသည်။

မလှိုင် မြို့ခံတစ်ဦးကမူ "သင်္ကြန်ကာလရောက်တိုင်း မလှိုင်မြို့မှာ (ဗဟို) မဏ္ဍပ် ပါနေကျပါ။ ယခုနှစ်မှာ (ဗဟို) ရေကစားမဏ္ဍပ် မပါဘူးလို့ သိရတယ်။ မလှိုင်မြို့နယ်ဆိုတာ အစိုးရရုံးစိုက်ရာဒေသဖြစ်ပြီး ကျန်ရေကစားမဏ္ဍပ်တွေထက်စာရင် (ဗဟို)ရေကစားမဏ္ဍပ်မှာပဲ ကျွန်တော်တို့လို ပြည်သူတွေက လာရောက်ရေကစားပြီး သင်္ကြန်အကအလှုတွေကို ကြည့်ရှုကြတာပါ၊ ဒါကြောင့် အခုနှစ် မလှိုင်မြို့မှာ (ဗဟို)ရေကစားမဏ္ဍပ် မပါရှိတာကို သင်္ကြန်ချစ်ပြည်သူတစ်ဦးအနေနဲ့ ဝမ်းနည်းမိပါတယ်"ဟု ပြောသည်။

မလှိုင်မြို့နယ်သည် မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ၅၆ အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး လူဦးရေ နှစ်သိန်းခန့် နေထိုင်ကြသည့်ဒေသဖြစ်ကာ အစိုးရရုံးများလည်းရှိသဖြင့် ယခုနှစ်သင်္ကြန်တွင် ယခင်က နှစ်စဉ်ရှိခဲ့သော (ဗဟို)ရေကစားမဏ္ဍပ် မပါရှိခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူအချို့က ဝေဖန်ပြောကြားမှုများ ရှိနေသည်ကိုလည်း ကြားသိရသည်။

**ကျော်ကျော်(မလှိုင်)**



ပြီးခဲ့သည့်နှစ် သင်္ကြန်က မလှိုင်မြို့နယ် ဗဟိုမဏ္ဍပ်ရှေ့မြင်ကွင်း။

# အခြေခံစာတတ်မြောက်ရေးအတွက် စာသင်ကြားပေးမည့် ကျောင်းသား ကျောင်းသူများအား ကျေးရွာများသို့ ပို့ဆောင်ပေး

**မြိုင် ဧပြီ ၉**

မကွေးတိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများတွင် သင်ကြားပေးမည့် မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းစိုးနှင့် အဖွဲ့ဝင်များနှင့် သင်တန်းနည်းပြ ကျောင်းသား ကျောင်းသူများအား မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း၊ အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဒွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ထန်လျန်မန်း၊ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးကြည်စိုး၊ ကျေးရွာအခြေခံပညာကျောင်းများမှ တာဝန်ရှိဆရာ ဆရာမကြီးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြိုဆိုတွေ့ဆုံပွဲကို မြိုင်မြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဧပြီ ၇ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း က အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းစိုးက သင်ကြားပို့ချမည့် သင်တန်းနည်းပြ ကျောင်းသား ကျောင်းသူများအား လမ်းညွှန်မှာကြားကာ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးကြည်စိုးက အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး၊ ကျေးရွာအခြေခံပညာကျောင်းများမှ ဆရာ ဆရာမကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအခြေခံစာတတ်မြောက်ရေး ကြီးကြပ်မှု ကော်မတီများ၏ စီစဉ်မှုဖြင့် စာသင်ကြားပို့ချမည့် သင်တန်းနည်းပြ ကျောင်းသား ကျောင်းသူများအား ကျေးရွာစာသင်ဝိုင်းများသို့ အရောက် ပို့ဆောင်ပေးခဲ့သည်။



မကွေးတိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေးအတွက် စာသင်ဝိုင်းများ သင်ကြားပေးရာတွင် ကျေးရွာအုပ်စု ၁၃ စုမှ ကျေးရွာ ၁၈ ရွာ၌ စာသင်ဝိုင်း ၂၇ ဝိုင်း ဖွင့်လှစ်၍ စာသင်သားဦးရေ ကျား ၄၀၊ မ ၂၆၀ စုစုပေါင်း ၃၀၀ အား မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်ပြီး နည်းပြကျောင်းသား ကျောင်းသူ ၅၄ ဦးနှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့က ဧပြီ ၉ ရက်မှ မေ ၁၈ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# အပူပိုင်းဇုန်အတွင်း စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်းနှင့် ထင်းအစားထိုးလောင်စာသုံးစွဲရေး ပညာပေးမှုများဆောင်ရွက်နေ

**မုံရွာ ဧပြီ ၉**

အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၁၇ မြို့နယ်ရှိ ကျေးရွာများသို့ ထင်းအစားထိုး အခြားလောင်စာများဖြင့် တွဲဖက်အသုံးပြုနိုင်သည့် စွမ်းအားမြင့်မီးဖို အလုံးရေ ၄၁၁၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှစက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အလိုက် အခမဲ့ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး လုပ်ငန်းများလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"စွမ်းအားမြင့်မီးဖိုတွေ ဖြန့်ဝေပေးတာက အဓိက ထင်းသုံးစွဲမှုကို လျှော့ချနိုင်အောင်လို့ပါ၊ ထင်းအစား အခြားလောင်စာတွေ အသုံးပြုနိုင်တဲ့ အသိပညာတွေရရှိပြီး လောင်စာတောင့်တွေ၊ စိုက်ပျိုးရေးလုပ်ငန်းက ရရှိတဲ့ စွန့်ပစ်အမှိုက်တွေကို အလေအလွင့်မရှိ အသုံးပြုနိုင်တယ်၊ စွမ်းအားမြင့်မီးဖို ဖြန့်ဝေခြင်းအနေနဲ့ ဟောပြောပွဲတွေမှာ ဦးစီးအရာရှိအနေနဲ့ တစ်ကြိမ်ဟောပြောပွဲလုပ်ရင် ၁၀ လုံး အခမဲ့ဖြန့်ဝေပေးတယ်၊ လ/ထညွှန်မှူး ဆိုရင် တစ်ကြိမ်ဟောပြောပွဲလုပ်ရင် မီးဖိုအလုံး ၃၀၊ ညွှန်ကြားရေးမှူးအဆင့်အနေနဲ့ တစ်ကြိမ်ဟောပြောပွဲလုပ်ရင် အလုံး ၅၀ အခမဲ့ဖြန့်ဝေပေးပါတယ်၊ ခြောက်လစာကို ခြောက်ကြိမ် ဟောပြောပွဲလုပ်ပါမယ်၊ လ/ထညွှန်မှူးက တစ်မြို့နယ်ကို တစ်ကြိမ်နှုန်းနဲ့ ခုနစ်မြို့နယ်ရှိတဲ့ခရိုင်ဆိုရင် ခုနစ်ကြိမ်ပေါ့၊ ဦးစီးအရာရှိကနှစ်ကြိမ်၊ တောအုပ်ကြီးက တစ်ကြိမ်နှုန်းနဲ့ တစ်မြို့နယ်မှာ သုံးကြိမ်ဟောရမယ်၊ ဒါကြောင့် စုစုပေါင်း ဟောပြောရမယ့်အကြိမ်ပေါင်း ၃၄၁ ကြိမ်မှာ မီးဖိုအလုံးရေ ၄၁၁၀ လုံးကို ဖြန့်ဝေပေးသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးနေသည့် အစီအစဉ်ကို ရှင်းပြသည်။

လူထုပညာပေး ဟောပြောခြင်းတွင် မြို့နယ်များ၌ အခြေခံကျသည့် တောအုပ်ကြီး၊ ဦးစီးအရာရှိတို့အပြင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးတို့မှ အသိပညာပေးဟောပြောခြင်း၊ တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်၍ ရွေ့လျား ပညာပေး ဟောပြောခြင်းနှင့် တိုးချဲ့ပညာပေးစခန်းများတွင် လာရောက်ကြည့်ရှုရန်ဖိတ်ခေါ်ပြီး ဟောပြောသည့် အစီအစဉ်များလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ရေးမြို့နယ် မာရဒေဝီဖောင်ဒေးရှင်းမှ ပညာသင်ဆုချီးမြှင့်

**ရေး ဧပြီ ၉**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ မာရဒေဝီ ပညာရေးဖောင်ဒေးရှင်းမှ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများ ချီးမြှင့်သည့်အခမ်းအနားကို ဧပြီ ၈ ရက်က ရေးမြို့ အထက (၁) ကျောင်း ပညာရတနာခန်းမဆောင်၌ ကျင်းပခဲ့ပြီး တက္ကသိုလ်ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

"တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး ပညာသင်ကြားရန်အခက်အခဲရှိနေတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပညာသင်ထောက်ပံ့ကြေးရရှိဖို့ လျှောက်လွှာကနေ စိစစ်ရွေးချယ်ပြီးမှ သတ်မှတ်ထားတဲ့အတိုင်း အသက်မွေးဝမ်းကျောင်း ဝိဇ္ဇာသိပ္ပံတွဲ အဝေးသင်တက္ကသိုလ်မှာ ပညာသင်နှစ်အတွက် ဘွဲ့ရတဲ့အထိ တစ်ဦးကို ကျပ်တစ်သိန်းမှ သုံးသိန်းအထိ ထောက်ပံ့ပေးနေတယ်"ဟု မာရဒေဝီပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးခင်မောင်ဖြူက ပြောသည်။

ရေးမြို့နယ် အာယုတောင်ကျေးရွာ ရော်ဘာခြံတွင် မိဘများ၏ အစေးခြစ်အလုပ်ကို ကူညီလုပ်ကိုင်ရင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဘောဂဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်ဟိန်းထက်အောင်က "အခုလို ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် ပညာသင်ထောက်ပံ့ကြေးရတာက အထောက်အပံ့လည်းဖြစ်ပါတယ်"ဟု ပြောသည်။

မာရဒေဝီဖောင်ဒေးရှင်းအနေဖြင့် ရေးမြို့နယ်အတွင်း ပညာသင် ထောက်ပံ့ကြေးပေးသည်မှာ ယခုတစ်ကြိမ်အပါအဝင် သုံးကြိမ်ရှိပြီဖြစ်ကာ ကျောင်းသားကျောင်းသူပေါင်း ၁၈ ဦးအား ပညာသင်ထောက်ပံ့ကြေးများ ပေးထားပြီးဖြစ်ကြောင်းနှင့် ရေးမြို့နယ်အတွင်း ပညာသင်ထောက်ပံ့ကြေးများ ပိုမိုပေးအပ်သွားနိုင်ရန်လည်း ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းမှ သိရသည်။

**နေမျိုးထွဋ် (ရေး)**

# သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် မရမ်းကုန်းမြို့နယ်တွင် ကြိုတင်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် မရမ်းကုန်းမြို့မရဲစခန်းမှူး ရဲမှူးစိုးအောင်နှင့် ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များက ရပ်ကွက်အခြေပြုအဖွဲ့များနှင့် ပူးပေါင်းကာ နယ်မြေအတွင်း လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် သင်္ကြန်အကြိုကာလ မှုခင်းကျဆင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း သိရသည်။

မရမ်းကုန်းမြို့မရဲစခန်းမှူးနှင့် အဖွဲ့သည် ဧပြီ ၆ ရက် ည ၁၀ နာရီခန့်က မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် အလောင်းဘုရားလမ်းထောင့်ရှိ ပဋ္ဌာန်းဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူ ၁၀၀ ခန့်နှင့် တွေ့ဆုံကာ သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ပွဲတော် ရက်များအတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်း မရှိစေရေးအတွက် သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျေးလက်ဆေးပေးခန်းအဆောက်အအုံ လွှဲပြောင်းပေးအပ်

**ပုလဲ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရွာနောင်ကျေးရွာ၌ ဦးအောင်ကျော်မိသားစု( ပြည့်စုံအောင် ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်း-မုံရွာ)က ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသည့် ကျေးလက်ကျန်းမာရေး အထောက်အကူပြု ဆေးပေးခန်း အဆောက်အအုံနှင့် မြေနေရာ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က ပုလဲမြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ကုသမှု ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အလှူရှင်မိသားစုက ကျေးလက်ကျန်းမာရေး အထောက်အကူပြု ဆေးပေးခန်း အဆောက်အအုံ၊ မြေနေရာတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ထံ ပေးအပ်ခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေး အထောက်အကူပြု ဆေးပေးခန်း အဆောက်အအုံသည် အလျား ပေ ၈၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ပေရှိ သွပ်မိုး နံရံကပ် တစ်ထပ် အမျိုးအစားဖြစ်ပြီး အလှူရှင်မိသားစုက ငွေကျပ် ၅၀၅ သိန်းခန့် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆိုင်ကယ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

**ချောင်းဆုံ ဧပြီ ၉**

မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သိင်္ဂီတိုး ဦးဆောင်ပြီး ဝန်ထမ်း ၁၂ ဦး ပါဝင်သည့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာသို့ ဧပြီ ၇ ရက်က ကွင်းဆင်း၍ ကျေးရွာရှိ ပြည်သူများအား ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူး ဦးကိုကိုနိုင်တို့က ယာဉ်လိုင်စင် လာရောက်ပြုလုပ်ကြသည့် ပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်သည့် သိကောင်းစရာများကို ပညာပေးဟောပြောပြီးနောက် ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ပေးခဲ့ရာ ရွာလွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၅၄ ဦးအတွက် လိုင်စင်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချပ်သင်းဘေးမဲ့တောတွင် မြန်မာ့ရွှေသမင် အကောင် ၁၆၀ ကျော် တိုးပွား



**ကန့်ဘလူ မေ ၉**
ကန့်ဘလူမြို့နယ်မှ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြန်မာ့ရွှေသမင်ကောင်ရေစာရင်းကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်းကောက်ယူခဲ့ရာ သမင်ကောင်ရေ ၈၈၉ ကောင် စာရင်းကောက်ယူရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်က စာရင်းကောက်ယူရရှိခဲ့သည့် ၇၂၈ ကောင်ထက် ၁၆၁ ကောင် တိုးပွားလာကြောင်း သိရသည်။

၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နှစ်စဉ်ကောက်ယူခဲ့သည့် စာရင်းများအရ မြန်မာ့ရွှေသမင် အကောင်ရေသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စိုးရိမ်ဖွယ်ရာ ကျဆင်းခဲ့သည်ကို တွေ့ရပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအတွင်း အသင့်အတင့် ပြန်လည်တိုးပွားလာသည်ကို တွေ့ရသည်။ ဘေးမဲ့တော စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အဓိကကျသည့် ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်း၌ ပုံမှန်ကင်းလှည့်ဝန်ထမ်း ၂၀ ဦးရှိသော်လည်း တောဧရိယာအားလုံးကို လက်လှမ်းမီခြင်း မရှိသေးဘဲ ဝန်ထမ်းအင်အား ထပ်မံတိုးမြှင့်ပေးပါက ယခုထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ချပ်သင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောသည် ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင်(Rucervus eldii Thamin)များ မှီခိုနေထိုင်သည့် အင်တိုင်းတောဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ထားခြင်း ဖြစ်သည်။ မြန်မာ့ရွှေသမင်သည် IUCN အဖွဲ့ကြီး၏ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအခြေအနေများ စာရင်းတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော မျိုးစိတ်တစ်ခုလည်း ဖြစ်နေကြောင်း သိရသည်။

ချပ်သင်းဘေးမဲ့တော၏ အကျယ်အဝန်းမှာ ၆၄၂၆၄ ဒသမ ၄၂ ဧက(၂၆၀ဒသမ ၀၆ စတုရန်းကီလိုမီတာ)ကျယ်ဝန်းပြီး ရွှေသမင်များ နေထိုင်ကျက်စားမှုအလိုက် ဇုန်သုံးခုသတ်မှတ်ကာ စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။ သမင်စာရင်းကောက်ယူရာတွင် ပတ်ဝန်းကျင်ကျေးရွာများက ဘေးမဲ့တော ဧရိယာအတွင်းမှ အိမ်သုံးသစ်၊ တိုင်၊ မျော၊ ထင်းထုတ်ယူသုံးစွဲခြင်း၊ သစ်တောမြေပယ်ဖျက်ပေးပြီးသည့် ဧရိယာထက် ကျော်လွန်တိုးချဲ့၍ စိုက်ပျိုးမြေ ပြုလုပ်ထားခြင်းများကိုလည်း တွေ့ရှိခဲ့ရပြီး သစ်တောမြေပယ်ဖျက်ခြင်းတွင် မပါဝင်သည့် ယာမြေများ ဆက်လက်လုပ်ကိုင်နေခြင်းအပေါ် တရားစွဲဆိုမှုများ ရှိခဲ့သော်လည်း လုံးဝဖယ်ရှားနိုင်သည်အထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ ထို့အပြင် အသေးစား သစ်တောထွက်ပစ္စည်းများဖြစ်သည့် မှို၊ အင်ဥ၊ သက်ငယ်၊ အင်တွဲ၊ ပွဲညက်၊ သစ်ခွ၊ မာလာဥ၊ တောထန်းဥ၊ ခပေါင်းစေ့နှင့် သစ်စေးတို့ကိုလည်း ပတ်ဝန်းကျင်ကျေးရွာများမှ ထုတ်ယူသုံးစွဲမှုများ ရှိနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း လူ ပတ်ဝန်းကျင် ပယောဂများကြောင့် မှီခိုတောများ ပျက်စီးယိုယွင်းမှု ရှိ၊ မရှိကို နှစ်စဉ် အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရန်၊ သမင်တို့၏ မှီခိုတောရွေးချယ်ကျက်စားမှု အခြေအနေများကို သိရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် သမင်စာရင်းကောက်ယူခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

သမင်ကောင်ရေ တိုးပွားလာစေရန် မိုးရာသီတွင် သင့်တော်သောနေရာများ၌ သမင်များအတွက် ဆားကျင်းများပြုလုပ်ပေးခြင်း၊ ကွက်လပ်နေရာများတွင် စပါး၊ ပြောင်း စသည်တို့ကို ကြဲပက်စိုက်ပျိုးပေးခြင်း၊ ခြောက်သွေ့ရာသီတွင် ချောင်းနှင့်ကန်များ ခြောက်ခန်းလေ့ရှိရာ သမင်ကောင်ရေ အများအပြား ကျက်စားသည့်နေရာများ၌ တစ်ဖက်ပိတ်ဆည်များ ပြုလုပ်ပေးခြင်းတို့ လိုအပ်သည့်အလျောက် ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ လျာထားရေးဆွဲသော နေရင်းဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်တွင် ထည့်သွင်းထားကြောင်း သိရသည်။

ထို့အပြင် သမင်များအား လူအနှောင့်အယှက် နည်းပါးစေရန် သမင်မုဆိုးများ၏ ကျော့ကွင်း၊ ထောင်ချောက်ကွင်းများနှင့် လက်နက်ပုန်းကိုင်ဆောင်မှုများကိုလည်း ဖော်ထုတ်အရေးယူ တားဆီးမှုများအပြင် ဒေသခံများကိုယ်တိုင် ရွှေသမင်များထိန်းသိမ်းရေးလုပ်ငန်းတွင် ပါဝင်လာစေရန် အသိပညာပေးလုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မိတ္ထီလာတွင် စည်းကမ်းမဲ့အမှိုက်ပစ်မှုကို တားမြစ်ရန်လိုအပ်နေ

**မိတ္ထီလာ မေ ၉**
မိတ္ထီလာမြို့နယ် ပြည်သာယာ(မ)ရပ်ကွက် (၁)လမ်းအနီးတွင် အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် လမ်းသွားလမ်းလာများအနေဖြင့် နေ့စဉ် မသန့်ရှင်းသည့် မြင်ကွင်းများကို မြင်တွေ့နေရပြီး အနံ့အသက်များလည်း ဆိုးရွားနေသောကြောင့် အဆိုပါနေရာတွင် အမှိုက်ပစ်ခြင်းကို တာဝန်ရှိသူများက တားမြစ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ပြည်သာယာ(မ)ရပ်ကွက်နဲ့ ပြည်သာယာ(တ)ရပ်ကွက် နှစ်ခုစလုံးကို တခြားမြို့ပေါ်ရပ်ကွက်များနည်းတူ နေ့ရက်အလိုက် စည်ပင်သာယာ အမှိုက်သိမ်းမော်တော်ယာဉ် လာပေမယ့် ညနေမှောင်ရီပျိုးစအချိန်ဆို ပြည်သာယာ(မ) ၁ လမ်းအနီးမှာ အမှိုက်နဲ့ အညစ်အကြေးတွေ စည်းကမ်းမဲ့ လာရောက်စွန့်ပစ်သူတွေရှိတာကြောင့် အခုဆို လမ်းဘေးတစ်လျှောက်လုံး အမှိုက်တွေခင်းထားသလိုဖြစ်နေပါပြီ။ ဒီလမ်းအနီးမှာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အပါအဝင် အစိုးရရုံးဌာနတွေလည်း ရှိပြီး နေ့စဉ် လမ်းသွားလမ်းလာတွေ၊ ဝန်ထမ်းတွေ ဖြတ်သန်းသွားလာနေပြီး ညစ်ညမ်းမသန့်ရှင်းတဲ့ အနံ့အသက်တွေနဲ့ မြင်ကွင်းတွေကြောင့် အဲဒီနေရာကဖြတ်သန်းတိုင်း စိတ်ဒုက္ခရောက်ကြရပါတယ်။ ဒါကြောင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကို တာဝန်ရှိသူတွေအနေနဲ့ တားမြစ်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု အမှိုက်သိမ်းမော်တော်ယာဉ် လာရောက်ချိန်တွင် စနစ်တကျ အမှိုက်စွန့်ပစ်သည့် ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်၊ စည်ပင်ဈေးကြီးနှင့် ရပ်ကွက်ဈေးများတွင် အမှိုက်သိမ်းဆည်းခြင်းကို အမှိုက်သိမ်းမော်တော်ယာဉ်များဖြင့် ရပ်ကွက်အလိုက် အလှည့်ကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
**ချမ်းသာ(မိတ္ထီလာ)**

## ဝင်ငွေမြှင့်တင်ရေးစီမံကိန်း ဆွေးနွေးပွဲ ငပုတော၌ကျင်းပ

**ငပုတော မေ ၉**
ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ ဒုတိယနှစ်စက်ဝန်းကို ဖော်ဆောင်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခြင်းနှင့် စီမံကိန်းတွင်ပါဝင်သည့်ကျေးရွာများအတွက် ဆုချီးမြှင့်ပွဲကို ငပုတောမြို့ သီရိရောမိုးလုံလေလုံအားကစားခန်းမ၌ မေ ၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းက အမှာစကား ပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးကျော်သူမင်းက ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ စီမံကိန်းတွင်ပါဝင်သည့် ကျေးရွာအုပ်စုများမှ အဖွဲ့တစ်ဖွဲ့ချင်းစီက ခေါင်းစဉ်များအလိုက် အုပ်စုဖွဲ့၍ ဆွေးနွေးခဲ့ကြပြီးနောက် ဆုရှိသည့်ကျေးရွာများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းသည် သုံးနှစ်စီမံကိန်းဖြစ်ပြီး ဒေါ်လာ ၁၂ သန်းဖြင့် ငပုတောမြို့၊ ဘုတ်ပြင်းမြို့နှင့် ရွှာင်မြို့များတွင် စီမံကိန်းစက်ဝန်းသုံးခုကို ဖော်ဆောင်နေခြင်းဖြစ်ကာ ယခု စီမံကိန်း စက်ဝန်းမှာ ဒုတိယနှစ် စီမံကိန်းစက်ဝန်းဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။
**လှမင်းထွန်း(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် သုံးလအတွင်း ယာဉ်တိုက်မှုပေါင်း ၃၈၁ မှုဖြစ်ပွား

**မုံရွာ မေ ၉**
၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ သုံးလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ယာဉ်တိုက်မှုပေါင်း ၃၈၁ မှု ဖြစ်ပွားခဲ့ကာ အဆိုပါယာဉ်တိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၆၄၅ ဦးနှင့် သေဆုံးသူပေါင်း ၁၁၅ ဦး ရှိခဲ့ကြောင်း အမှတ်(၁၇)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)ရုံးမှ သိရသည်။ ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများမှာ ကားတိုက်မှု ၉၃ မှု၊ ဆိုင်ကယ်တိုက်မှု ၁၈၆ မှု၊ ကားနှင့်ဆိုင်ကယ်တိုက်မှု ၉၅ မှုနှင့် အခြားယာဉ်မတော်တဆမှု ခုနစ်မှု စုစုပေါင်း ၃၈၁ မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"ယာဉ်မတော်တဆမှုဖြစ်တာတွေကို ကြည့်မယ်ဆိုရင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုအားနည်းလို့ ဖြစ်တာကို အများဆုံးတွေ့ရပါတယ်၊ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအနေနဲ့ စည်းကမ်းထိန်းသိမ်းပေးပေမယ့် ယာဉ်တွေကို စီးတဲ့သူတွေ၊ မောင်းနှင်တဲ့သူတွေ အနေနဲ့လည်း သတ်မှတ်စည်းကမ်းတွေကို စနစ်တကျနဲ့ လိုက်နာပြီး စီးနင်းမောင်းနှင်ကြမှ ယာဉ်မတော်တဆမှုတွေ လျော့နည်းပပျောက်သွားမှာပါ၊ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားရင်လည်း သေဆုံးတာတွေ ထိခိုက်ဒဏ်ရာရတာတွေ ဖြစ်မယ်၊ အမှုအခင်းတွေ ရင်ဆိုင်ရမယ်၊ မိဘဆွေမျိုးတွေလည်း ပူပန်ရတယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး စိတ်သောက ရောက်ကြရမှာပါ၊ ဘယ်သူ့အတွက်မှလည်း ကောင်းတဲ့အကျိုးကို မခံစားရတဲ့အတွက် ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားအောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို စနစ်တကျလိုက်နာပြီး သွားလာကြဖို့ ပြောချင်ပါတယ်"ဟု အမှတ်(၁၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မုံရွာ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ဇော်ဝင်းနိုင်က ပြောသည်။

ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စစ်ဆေးသကဲ့သို့ အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိရာ သုံးလအတွင်း ကျောင်းသား ကျောင်းသူ ၁၂၃၀ ဦး၊ ပြည်သူ ၁၅၀၉ ဦး၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၂၆၄၇ ဦးနှင့် ဝန်ထမ်း ၃၄၆ ဦး စုစုပေါင်း ၅၇၃၂ ဦးတို့အား အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း အမှတ်(၁၇)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)ရုံး၏ မှတ်တမ်းများအရသိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ကရုဏာရှေးရှု မြန်မာမှု အစီအစဉ်က ကြီးမှူး၍ မန္တလေး၌ စုပေါင်းသွေးလှူဒါန်း

**မန္တလေး မေ ၉**
မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှု မြန်မာမှု အစီအစဉ်က ကြီးမှူး၍ (၂၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၅ ရက်က မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ပြုလုပ်ခဲ့ပြီး မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းများနှင့် စီးပွားဖက် အရောင်းဆိုင်များမှ ဝန်ထမ်းများ၊ ကရုဏာနှလုံးသားပိုင်ရှင် သွေးလှူရှင်များ စုစုပေါင်း ၁၁၆ ဦးတို့က စုပေါင်းသွေးလှူခဲ့ကြောင်း သိရသည်။

"သွေးလှူဒါန်းတယ်ဆိုတာက ကရုဏာနှလုံးသားပိုင်ရှင်တွေသာ ဆောင်ရွက်နိုင်တာပါ၊ မိမိသွေးနဲ့ တစ်ပါးသူ အသက်ရှင်သန်ရေး ဆောင်ရွက်ပေးရတဲ့အတွက် ဇီဝိတဒါနလည်းဖြစ်ပါတယ်၊ နောက်မိမိရဲ့ ကိုယ်ခန္ဓာက အသွေးအသားကို စွန့်လွှတ်လှူဒါန်းသဖြင့် ဒါနဥပပါရမီလည်းမြောက်တဲ့ အင်မတန်မှမွန်မြတ်တဲ့ အလှူဒါန ဖြစ်ပါတယ်၊ သွေးလှူဒါန်းရမယ်ဆိုတဲ့ စေတနာအသိကြောင့် မိမိရဲ့ကျန်းမာရေးကို ကိုယ်တိုင်ဂရုစိုက်လာကြတယ်၊ ဒါကြောင့် ကျန်းမာရေးလည်း ကောင်းမွန်ပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူ မည်သူမဆို လှူဒါန်းကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်" ဟု မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ထို့ပြင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ လိုအပ်သည်များ အသုံးပြုနိုင်ရန် အလှူငွေ ကျပ်ငါးသိန်းကိုလည်း မြန်မာဘရူဝါရီလီမိတက်မှ လှူဒါန်းခဲ့ကာ မေ ၆ ရက်တွင်လည်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံ၌ ဆက်လက်၍ သွေးလှူဒါန်းခဲ့ကြသည်။

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှု မြန်မာမှု အစီအစဉ် စတင်ချိန်မှ ၂၀၁၈ ခုနှစ် မတ်လအထိ သွေးအိတ်ပေါင်း ၁၉၆၆၂ အိတ် လှူဒါန်းခဲ့ပြီးကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

## ယင်းမာပင်ခရိုင်မှ ရဲအချုပ်ခန်းများကို တိုင်းဒေသကြီးတရားသူကြီး ကြည့်ရှုစစ်ဆေး

**ယင်းမာပင် မေ ၉**
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်သည် ယင်းမာပင်ခရိုင်တရားရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးကြည်၊ တရားသူကြီး ဒေါ်နိုင်နိုင်မော်တို့နှင့်အတူ မေ ၆ ရက်က ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်များရှိ ရဲတပ်ဖွဲ့အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ စစ်ဆေးရာတွင် အချုပ်ခန်းအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိမရှိ၊ အချုပ်ခန်းနှင့် အချုပ်သားဦးရေ မျှတမှုရှိမရှိတို့ကို စစ်ဆေးကြည့်ရှုခဲ့ပြီး အချုပ်သားများနှင့်လည်း တွေ့ဆုံ၍ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# တနသ်ာရီ(တံတားဟောင်း)၌ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး မီးပွိုင့်တပ်ဆင်ပြီးစီး



**တနင်္သာရီ ဧပြီ ၉**
ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ် မြိတ်-တနင်္သာရီလမ်းပိုင်းရှိ တနင်္သာရီ(တံတားဟောင်း)တွင် နေ့စဉ်ဖြတ်သန်းမောင်းနှင်နေကြသည့် မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အဆိုပါတံတား၏ အောက်ဘက်ခြမ်းနှင့် တနင်္သာရီဘက်ခြမ်းတို့၌ မီးပွိုင့်တစ်စုံကို တပ်ဆင်ခဲ့ရာ ဧပြီ ၇ ရက်တွင် တပ်ဆင်ပြီးဖြစ်၍ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်း(၄)မှ သိရသည်။

အဆိုပါ တနင်္သာရီ(တံတားဟောင်း)သည် တစ်လမ်းသွား ဘေလီသံပေါင်တံတားဖြစ်ပြီး ယခင်က မီးပွိုင့်မရှိ၍ တံတားပေါ်ဖြတ်သန်းသွားသည့် မော်တော်ယာဉ်များ တံတားအလယ်တွင် မကြာခဏ မျက်နှာချင်းဆိုင်ဆုံတွေ့ကြကာ အငြင်းပွားမှုများနှင့် မတော်တဆယာဉ်တိုက်မှုများ ကြုံခဲ့ရသဖြင့် ယခုကဲ့သို့ မီးပွိုင့်တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်း ၄ မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

အဆိုပါမီးပွိုင့်ကို တံတား၏ အောက်ဘက်ခြမ်းနှင့် တနင်္သာရီဘက်ခြမ်းတို့၌ တစ်ခုစီ တပ်ဆင်ထားရှိပြီး မီးနီကြာမြင့်ချိန်မှာ တစ်ဖက်လျှင် တစ်မိနစ်ခွဲ(စက္ကန့်၉၀)ရှိကာ ဖြတ်သန်းရန် မီးအစိမ်း ကြာမြင့်ချိန်မှာလည်း တစ်မိနစ်ခွဲ(စက္ကန့်၉၀)ဖြစ်ကြောင်းနှင့် မီးပွိုင့်တန်ဖိုးမှာ(တပ်ဆင်ခအပြီး) ငွေကျပ် ၂၃ သိန်းခန့်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ ဆည်လေးခုမှ ရေများဖြင့် နွေစပါး ၆၇၃၆ ဧက စိုက်ပျိုးနိုင်ခဲ့

**မကွေး ဧပြီ ၉**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် အစိုးရဆည်တမံ ရေသောက်စနစ်ဖြင့် ယခုနှစ်အတွင်း နွေစပါး ၆၇၃၆ ဧကကို စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်တွင် အဆိုပါစပါးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့သစ်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံးမှ သိရသည်။

"စိုက်ဧရိယာရဲ့၁၀ ရာခိုင်နှုန်းခန့်ကို သက်လတ်အထွက်ကောင်း စပါးမျိုးသန့် (R.S) အဆင့်(၁) အသုံးပြုစိုက်ပျိုးနိုင်ခဲ့ပြီး အခြား စိုက်ဧရိယာ ၉၀ ရာခိုင်နှုန်းခန့်ကို မျိုးသန့်မျိုးစေ့ ထုတ်လုပ်သူများအသင်း(SGA) စပါးမျိုးသန့် (C.S)ဖလှယ်စနစ်နဲ့ စိုက်ပျိုးထားပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဇော်လင်းက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့၏ ပေါင်းစပ်စီမံခန့်ခွဲမှုဖြင့် မြို့သစ်မြို့နယ်တွင် အစိုးရဆည်တမံ လေးခုဖြစ်သည့် နတ်မောက်တမံ၊ ပုလင်းတမံ၊ စွန်တမံ၊ ဆဒ္ဒန်တမံတို့မှ ဆည်ရေများဖြင့် နွေစပါးများ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဒေသအတွင်း စပါးပင်ဖြစ်ထွန်းမှု အဆင့်အလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေရေး၊ စိုက်ပျိုးရေးဝန်ထမ်းများက ကျေးရွာအုပ်စု စိုက်ကွင်းအလိုက် စိုက်ပျိုးပညာပေးရေး၊ ကွင်းဆင်းလုပ်ငန်းများ မှန်ကန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် အထွက်နှုန်းကို အဓိကလျော့နည်းစေသည့် စပါးဆစ်ပိုးကျရောက်မှုကို ကင်းထောက်စနစ်ဖြင့် ကြိုတင်ကာကွယ်နိုင်ရေး စသည်တို့ကို ဒေသခံတောင်သူများ သိရှိစေရန်အတွက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် မကွေးခရိုင်ဦးစီးမှူး ဦးငွေဆန်းတို့က အဆိုပါ နွေစပါးစိုက်ခင်းများကို ဧပြီ ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းဦး(မကွေး)**

# ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဧပြီ ၉**
ကယားပြည်နယ်၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒုတိယဦးစီးမှူး ဒေါက်တာတင်ဝမ်းက ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကယားပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဆေးရုံခြောက်ရုံနှင့် တိုက်နယ်ဆေးရုံ ၁၀ ရုံတို့မှ ဆေးရုံလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအညွှန်းကိန်းကောင်းမွန်သော မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအား ပြည်နယ်အဆင့် စံပြဆေးရုံရွေးချယ်ရေး ဘုတ်အဖွဲ့ဝင်များက လုပ်ငန်းစဉ်နှင့်အညီ ကွင်းဆင်းစစ်ဆေး၍ စနစ်တကျ ရွေးချယ်ခဲ့ရာ စံပြမြို့နယ်ဆေးရုံအဖြစ် ဖားဆောင်းမြို့နယ်ဆေးရုံနှင့် စံပြတိုက်နယ်ဆေးရုံအဖြစ် လွိုင်လင်လေး တိုက်နယ်ဆေးရုံတို့ကို ရွေးချယ်ခဲ့ပြီး ဂုဏ်ပြုဆုများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးက ဆေးရုံတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။




ကယားပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များအဖြစ် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစီမံချက် လုပ်ငန်းများကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုမှ စိုက်ထုတ်ကျခံသုံးစွဲရသော ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်များ လျော့နည်းစေရေးနှင့် ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ လိုအပ်သော ဆေးဝါး၊ ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရန်ပုံငွေများ ဖြည့်ဆည်းပေးနိုင်ရေး၊ လူနာများအတွက် အခြေခံဆေးဝါးများအဖြစ် ဓာတ်ခွဲစစ်ဆေးမှုများ၊ ဓာတ်မှန်ရိုက်မှုများ၊ သွေးသွင်းကုသမှုများကိုလည်း အခမဲ့ရရှိစေရေး၊ ပြည်နယ်အတွင်း မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် လိုအပ်သော ဆေးရုံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ စံကိုက် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး စသည်တို့ကို ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များကို ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အနီးကပ်ကြီးကြပ်၍ ညှိနှိုင်းပံ့ပိုး ကူညီပေးလျက်ရှိကြောင်း အခမ်းအနားတွင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုးညိုမြို့၌ သင်္ကြန်ကာလ မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**မိုးညို ဧပြီ ၉**
ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့၌ သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ပြည်သူများအား အသိပညာပေး ဟောပြောပွဲကို သခင်လှရှိန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၇ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ဟောပြောခဲ့ကြသည်။

သင်္ကြန်ပွဲတော် ကာလအတွင်း ကားမောင်းသူများနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရန် အချက်များ၊ မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ရှောင်ကြဉ်ရန်အချက်များနှင့် မှုခင်းကျဆင်းရေး ဆိုင်ရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ခန့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော့ဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြပြီး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်**

# လဟယ်မြို့၌ အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ရန် မြေကွက်ပိုင်ရှင်များက မြေ ၂၂ ဧက လှူဒါန်း

**လဟယ် ဧပြီ ၉**
နာဂဒေသ လဟယ်မြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ရန်အတွက် ကျောင်းဆောက်လုပ်မည့်မြေနေရာ ၂၂ ဒသမ ၇၉ ဧကအား မြေကွက်ပိုင်ရှင်များက လှူဒါန်းပေးသည့်အခမ်းအနားကို ဧပြီ ၆ ရက်တွင် နာဂဒေသဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဦးစီးအဖွဲ့အလုပ်အမှုဆောင် ဦးလော်ယုံ(စီမံ)က အမှာစကားပြောကြားပြီး အစိုးရနည်းပညာအထက်တန်းကျောင်း မြေနေရာရှာဖွေရေးကော်မတီအတွင်းရေးမှူးဒေါ်ရတီအုန်း(ကထိက၊ ကလေးနည်းပညာတက္ကသိုလ်)က ကျောင်းတော်နှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြေကွက်ပိုင်ရှင်များက အစိုးရနည်းပညာ အထက်တန်းကျောင်းမြေနေရာရှာဖွေရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရတီအုန်းထံ မြေကွက်စာချုပ်ကို လွှဲပြောင်းပေးအပ်ပြီး နာဂဦးစီးအဖွဲ့အလုပ်အမှုဆောင် ဦးလော်ယုံကမြေကွက်ပိုင်ရှင်သုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါကျောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေကွက်တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လဟယ်(ပြန်/ဆက်)**

**မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကိုဒူကျေးရွာ၌ နွေရာသီ ရေရှားပါးမှု ကြုံတွေ့နေရသဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးလွင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းဇင်ဖြိုးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများနှင့် ငါးဂါလန်ဆံ့ရေသန့်ဘူးကြီး ၁၀၀ ကို ဧပြီ ၇ ရက်က ကျေးရွာအရောက် သွားရောက်လှူဒါန်းနေစဉ်။**

သန်းဝင်းထွန်း (မြို့သစ် )



# ငါးလုပ်ငန်းစခန်း(သထုံ)သို့ ဒဂုံတက္ကသိုလ်မှ ဆရာနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**သထုံ ဧပြီ ၉**
မွန်ပြည်နယ်အတွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း(သထုံ)၌ ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုစင်တာ သင်တန်းကျောင်းကို ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်တည်ဆောက်လျက်ရှိရာ အဆိုပါစင်တာသို့ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ ဆရာမ ၃၀ ကျော် အပါအဝင် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၇၀ ကျော် ဧပြီ ၂ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

"ငါးမွေးမြူရေးလုပ်ငန်းနဲ့ ငါးစားသုံးမှု ပိုမိုတိုးတက်လာစေရန်အတွက် တိုင်းရင်းငါးမျိုးတွေနဲ့ ဈေးကွက်ဝင် ငါးမျိုးတွေကို အရည်အသွေးကောင်း ငါးသားပေါက်တွေ မွေးမြူထုတ်လုပ်နိုင်မယ့် နည်းပညာ၊ အတတ်ပညာတွေ သင်ကြားပေးမယ့် သင်တန်းကျောင်းဖြစ်ပြီး ငါးမွေးမြူသူတွေကို ဖြန့်ဖြူးရောင်းချပေးနိုင်ရန်နဲ့ သဘာဝ ချောင်းမြောင်းတွေထဲကို စဉ်ဆက်မပြတ် ငါးမျိုးတွေ စိုက်ထည့်ပေးနိုင်ရန်အတွက် ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းစခန်း(သထုံ)မှ တာဝန်ခံ ဦးဝင်းပိုလ်က ပြောသည်။

ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုစင်တာ(Fishery Development and Research Collaboration Center)ကို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ Helvetas Myanmar ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့နှင့် IUCN တို့က ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ပြီး အလျား ၅၆ ပေ၊ အနံ ၃၆ ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့မိသားစု (မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု)

**ဆောင်းပါး - ဝင်းဇေယျာထွန်း**

*(ယမန်နေ့မှ အဆက်)*


နိုင်ငံတကာစာမျက်နှာမှာ ကိုယ့်နိုင်ငံ အသာစီးရဖို့ စကားလုံးလေးတစ်လုံး၊ စာကြောင်းလေးတစ်ကြောင်း၊ စာအထားအသို အရှေ့အနောက် ထားရှိမှုလေးတစ်ခု စတာတွေအတွက် နိုင်ငံများအကြား ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ငြင်းခုံတင်းမာနေကြတဲ့အချိန်မှာ အခုလို အပြန်အလှန် ယုံကြည်နားလည်မှုရှိတဲ့ အခြေအနေမျိုးကို ရှာတွေ့နိုင်ဖို့ ခက်ခဲပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့နှစ်လိုဖွယ်ကောင်းပြီး ထူးခြားတဲ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။

**ညှိနှိုင်းဆွေးနွေးမှုမရှိသော ပူးပေါင်းဆောင်ရွက်မှု**

ဒုတိယတိယအချက်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်မှာ ညှိနှိုင်းဆွေးနွေးမှု (Negotiation) ဆိုတာ မရှိပါဘူး။ အဖွဲ့ဝင်နိုင်ငံများအကြား အကြံပြုဆွေးနွေးတဲ့ပုံစံနဲ့ လုပ်ငန်းတွေ ဆောင်ရွက်ကြလို့ဖြစ်ပါတယ်။ လွယ်လွယ်နဲ့ ရှင်းအောင်ပြောရရင် ညှိနှိုင်းဆွေးနွေးမှုဟာ “မိမိတို့ ဒီလိုလုပ်ချင်တယ်၊ ဒီအချက်ကိုတော့ မိမိတို့ရမှဖြစ်မယ်၊ မိမိတို့ လုပ်ပေးနိုင်တာကတော့ ဒီလောက်ပဲ”လို့ပြောတဲ့ ပုံစံနဲ့တူပြီး အကြံပြုဆွေးနွေးတဲ့ပုံစံ(Consultation)ကတော့ “မိမိတို့ ဒီလိုလုပ်ချင်တယ်၊ ဒီနည်းလမ်းနဲ့ လုပ်ချင်တယ်၊ ဒီထက်ကောင်းတဲ့ နည်းလမ်းများရှိကြပါသလား၊ မိမိတို့ဘက်က ဘာတွေလုပ်ပေးရမလဲ၊ အခြားအဖွဲ့ဝင်တွေဘက် ဘာတွေဖြည့်ဆည်းပေးမှာလဲ”လို့ ပြောတဲ့ပုံစံနဲ့ တူပါတယ်။ ဒီနှစ်ခုရဲ့ ကွဲပြားခြားနားမှုဟာ သိပ်ပြီးမထင်ရှားပေမယ့် လက်တွေ့ဆောင်ရွက်တဲ့နေရာမှာတော့ ကွဲပြားမှုရှိတယ်ဆိုတာ တွေ့ရပါတယ်။

**အရှိန်အဟုန်လျင်မြန်မှု**

တတိယအချက်က ဒေသတွင်းမှာဆောင်ရွက်နေတဲ့ အခြားသောပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေအနေနဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ရဲ့ လျင်မြန်တဲ့လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်ကို လိုက်မီနိုင်ဖို့ ခဲယဉ်းမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုပြီး မေးခွန်းမေးစရာရှိပါတယ်၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ ၂၀၁၆ မတ်လမှာ စတင်ခဲ့ပေမယ့် နှစ်နှစ်မပြည့်သေးတဲ့ အချိန်အတွင်းမှာ သံတမန်ရေးရာပူးတွဲလုပ်ငန်းအဖွဲ့ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အားလုံးမှာ ပူးတွဲလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ နိုင်ငံအားလုံးမှာ မဲခေါင်-လန်ချန်း ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ အတွင်းရေးမှူးရုံးများ ဖွဲ့စည်းခြင်း၊ အဆိုပါအဖွဲ့များအကြား လွယ်ကူစွာ ဆက်သွယ်ညှိနှိုင်းနိုင်ရန်အတွက် Hotline platform များ တည်ထောင်သတ်မှတ်နိုင်ခဲ့ခြင်းစတဲ့ ဖွဲ့စည်းမှုဆိုင်ရာ လုပ်ငန်းစဉ်တွေကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။




မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၊ တရုတ်နိုင်ငံ၊ ဆန်းယမြို့ (၂၀၁၆ ခုနှစ်)

စီမံကိန်းအကောင်အထည်ဖော်တဲ့အပိုင်းမှာလည်း မဏ္ဍိုင်သုံးခုနဲ့ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ် ငါးခု အောက်ကနေပြီး တရုတ်နိုင်ငံနဲ့ မဲခေါင်နိုင်ငံတွေမှ အဆိုပြုသော စီမံကိန်း ၃၉၀ ကျော်ကို ရွေးချယ်အတည်ပြုခဲ့ကာ စီမံကိန်းအကောင်အထည်ဖော်ရန် ရန်ပုံငွေလွှဲပြောင်းပေးမှုတွေ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နှစ်နှစ် မပြည့်တဲ့ အချိန်တိုကာလအတွင်း ရရှိခဲ့တဲ့ ဒီကိန်းဂဏန်းတွေဟာ အခြားသောဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေ ဘယ်လိုမှ လိုက်လို့မမီနိုင်တဲ့အရာတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟာ ဒေသတွင်းမှာ အရှိန်အဟုန်အလျင်မြန်ဆုံး လုပ်ငန်းစဉ်ဖြစ်တယ်လို့ ကောက်ချက်ချရတာဖြစ်ပါတယ်။

**မြေထိုးစက်စိတ်ဓာတ်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ မကြာခဏ ဆိုသလို ရည်ညွှန်းပြောဆိုလေ့ရှိတဲ့ စကားတစ်ရပ်ရှိပါတယ်။ ဒါကတော့ ‘မြေထိုးစက်စိတ်ဓာတ်’(Bulldozer Spirit) ဆိုတဲ့ ဝေါဟာရဖြစ်ပါတယ်။ မဲခေါင်ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးအတွက် အခက်အခဲမှန်သမျှကို မြေထိုးစက်ကြီးကဲ့သို့ ကြီးမားတဲ့ စုပေါင်းအင်အား၊ ပြင်းထန်တဲ့ အရှိန်အဟုန်တွေနဲ့ တွန်းတိုက်ဖယ်ရှားမယ့်စိတ်ဓာတ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ ရင်ထဲအထိ သဘောပေါက်စေပြီး စိတ်ဓာတ်အင်အားအပြည့်အဝပေးတဲ့ ဝေါဟာရတစ်ခုလို့ ခံစားမိပါတယ်။ ဒီဝေါဟာရကို ဖန်တီးခဲ့သူကတော့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီဖြစ်ပါတယ်။

**မဲခေါင်-လန်ချန်း ညှိနှိုင်းကွပ်ကဲရေးအဖွဲ့**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအသီးသီးမှာ ညှိနှိုင်းကွပ်ကဲရေးအဖွဲ့(National Co-ordination Unit -NCU)များ ဖွဲ့စည်းသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေး ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ ၂၀၁၇ မေလအတွင်းက ဖွဲ့စည်းခဲ့ပါတယ်။ ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို နိုင်ငံခြားရေး ဝန်ကြီးဌာနက ဦးဆောင်ပြီး လက်ရှိ ၃+၅ မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များကို တာဝန်ယူဆောင်ရွက်နေတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်တွေ ပါဝင်ပါတယ်။ အချို့အဖွဲ့ဝင်နိုင်ငံတွေမှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးရုံးလို့ ခေါ်ကြပါတယ်။

**ရန်ပုံငွေ**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိက ရန်ပုံငွေထောက်ပံ့ပေးသူက တရုတ်နိုင်ငံဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တရုတ်နိုင်ငံအနေနဲ့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (MLC Special Fund) အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့်လည်းကောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေ(Concessional Loan)ကို ယွမ် ၁၀ ဘီလီယံဖြင့်လည်းကောင်း၊ အခြားချေးငွေ (Credit Line) အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့်လည်းကောင်း ထူထောင်ထားပြီး ဖြစ်ပါတယ်။ ဒီရန်ပုံငွေတွေကို ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တစ်ဖက်တစ်လမ်းမှ အကျိုးရှိစေသော တရုတ်နိုင်ငံနှင့် မဲခေါင်နိုင်ငံများရဲ့နှစ်နိုင်ငံ စီမံကိန်းများ(Bilateral projects)နဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှ စီမံကိန်းများအတွက် အသုံးပြုပါတယ်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဟာ အဖွဲ့ဝင်နိုင်ငံများမှ အဆိုပြုတဲ့ မဲခေါင်ဒေသခွဲကို အကျိုးရှိစေမယ့် စီမံကိန်းတွေ အကောင်အထည်ဖော်ခြင်းကို အခြေခံတဲ့ ပူးပေါင်းဆောင်ရွက်မှုပုံစံဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနဲ့ အသေးစားနဲ့အလတ်စားစီမံကိန်း ၁၀ ခု အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့်ကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေမှ လက်ခံရရှိခဲ့ပြီး စီမံကိန်းတွေ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ထပ် မြန်မာနိုင်ငံရဲ့စီမံကိန်း ၁၀ ခုကိုလည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးက အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာလည်း စီမံကိန်းများ ထပ်မံ အဆိုပြုသွားဖို့ရှိပါတယ်။

**ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ**

အရှိန်အဟုန်ပြင်းစွာနဲ့စတင်ခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းငန်းစဉ်ဟာ ရှေ့ဆက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်ကိုလည်း ချမှတ်ထားခဲ့ပါတယ်။ ၂၀၁၈ ဇန်နဝါရီလအတွင်းက ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှာ ရှေ့ဆက်ဆောင်ရွက်သွားမယ့် ငါးနှစ်တာလုပ်ငန်းစီမံချက်ကို အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းအစီအစဉ်အရ လက်ရှိ ၃+၅ မူဘောင်အောက်မှ လက်ရှိဆောင်ရွက်နေသော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပြီး သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနဲ့ ထိခိုက်ပျက်စီးမှုလျှော့ချရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ အကောက်ခွန်နှင့် ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးမှုကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနဲ့ မီဒီယာကဏ္ဍများမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့သွားမှာဖြစ်ပါတယ်။ ငါးနှစ်တာလုပ်ငန်းစီမံချက်ဟာ မဲခေါင်ဒေသခွဲအတွင်း မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးရဲ့ အခြေခံလမ်းပြမြေပုံတစ်ခုလို့လည်း သုံးသပ်နိုင်ပါတယ်။

**နိဂုံး**

မဲခေါင်ဒေသခွဲအတွင်းက နိုင်ငံတွေဟာ မဲခေါင်မြစ်ကို မှီတည်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်တဲ့ မိသားစုဝင်နိုင်ငံများ ဖြစ်ပါတယ်။ ဒီနိုင်ငံတွေအကြားမှာရှိတဲ့ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်ပေးနိုင်မှု စတာတွေအပေါ် အခြေခံထားတဲ့ ချစ်ကြည်ရင်းနှီးမှုဟာ များစွာနွေးထွေးမှုရှိပါတယ်။ ဒီလိုနွေးထွေးတဲ့ ဆက်ဆံရေးကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုက ပိုမိုခိုင်မြဲအောင် အထောက်အကူပြုလျက်ရှိနေပါတယ်လို့ ယုံကြည်ရင်း မတ်လ ၂၃ ရက်နေ့က ကျရောက်ခဲ့တဲ့ “မဲခေါင်-လန်ချန်း နှစ်ပတ်လည်နေ့”ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါတယ်။ ။

“မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ မကြာခဏ ဆိုသလို ရည်ညွှန်းပြောဆိုလေ့ရှိတဲ့ စကားတစ်ရပ်ရှိပါတယ်၊ ဒါကတော့ ‘မြေထိုးစက်စိတ်ဓာတ်’(Bulldozer Spirit) ဆိုတဲ့ ဝေါဟာရဖြစ်ပါတယ်၊ မဲခေါင်ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးအတွက် အခက်အခဲမှန်သမျှကို မြေထိုးစက်ကြီးကဲ့သို့ ကြီးမားတဲ့ စုပေါင်းအင်အား၊ ပြင်းထန်တဲ့ အရှိန်အဟုန်တွေနဲ့ တွန်းတိုက်ဖယ်ရှားမယ့်စိတ်ဓာတ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်၊ ရင်ထဲအထိ သဘောပေါက်စေပြီး စိတ်ဓာတ်အင်အားအပြည့်အဝပေးတဲ့ ဝေါဟာရတစ်ခုလို့ ခံစားမိပါတယ်၊ ဒီဝေါဟာရကို ဖန်တီးခဲ့သူကတော့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီဖြစ်ပါတယ်”

## မီးဘေးကာကွယ်ရေးအတွက် စက်သုံးဆီဆိုင်များကို စစ်ဆေး

**မလှိုင် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဧပြီ ၆ ရက်မှစ၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် ပန်းအိုင်ကျေးရွာအနီးရှိ Green Power စက်သုံးဆီအရောင်းဆိုင်ကို သွားရောက်ကြည့်ရှုပြီး စက်သုံးဆီရောင်းချနေမှု၊ ဆီသိုလှောင်ကန်များတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ မီးသတ်ရေကန်များ၊ မီးချိတ်မီးကပ်များ ထားရှိမှု၊ မီးလောင်လွယ်သော အမှိုက်များမရှိစေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား အရေးပေါ်လက်တွေ့ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများကိုလည်း လက်တွေ့ပြသကာ မီးဘေးကာကွယ်ရေးကို အလေးအနက်ထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့အနေဖြင့် မြို့နယ်အတွင်း ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင်များကို လိုက်လံစစ်ဆေး ပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## မော်ကျွန်းမြို့မှ ရန်ကုန်သို့ ဆန်အိတ်များတင်ပို့နေရ၍ ရေယာဉ်များ တွက်ခြေကိုက်

**မော်ကျွန်း ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့မှ ရေလမ်းခရီး မိုင် ၁၀၀ ခန့်ရှိသော ရန်ကုန်မြို့သို့ မတ်လအတွင်း ခရီးသည်တင် နှစ်ထပ်ရေယာဉ်ကြီးများ၊ ကုန်တင်ရေယာဉ်များဖြင့် ဆန်အိတ်ရေ နှစ်သိန်းဝန်းကျင်ခန့်အထိ တင်ပို့မှုရှိခဲ့ရာ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အဆင်ပြေခဲ့ကြောင်း သိရသည်။

မော်ကျွန်းမှ ရန်ကုန်သို့ ရေလမ်းခရီးဖြင့် ဆန်တင်ပို့ရာတွင် ဆန်စက်အများစုရှိရာ မြို့တစ်ဖက်ကမ်းသို့အရောက် ရေယာဉ်များဆိုက်ကပ်၍ တင်ဆောင်ပေးနေကြပြီး တန်ဆာခမှာ ဆန်တစ်အိတ်လျှင် ရုပ်ပြေး နှစ်ထပ်ရေယာဉ်ကြီးများက ငွေကျပ် ၃၅၀ နှုန်းနှင့် ရိုးရိုးနှစ်ထပ်ရေယာဉ်များက ငွေကျပ် ၃၀၀ နှုန်းရှိသည်ဟု ရုပ်ပြေးရေယာဉ်တာဝန်ခံ ကိုမြင့်ထံမှ သိရသည်။

မော်ကျွန်း-ရန်ကုန် ခရီးစဉ်တွင် နှစ်ထပ်ရုပ်ပြေးရေယာဉ်ကြီး ငါးစင်းရှိပြီး သုံးစင်းမှာ ဆန်တင်ဆောင်ကြကာ ပျမ်းမျှ တစ်ခေါက်လျှင် အိတ်ရေ ၁၅၀၀ ဝန်းကျင် တင်ဆောင်သောကြောင့် တစ်လလျှင် ၁၅ ခေါက်အတွက် ယင်း ရုပ်ပြေးရေယာဉ်များဖြင့် ဆန်အိတ်ရေ ငါးသောင်းဝန်းကျင်ခန့် တင်ဆောင်ခဲ့သည်ဟုသိရသည်။ ရိုးရိုး နှစ်ထပ်ရေယာဉ်ကြီးများတွင်မူ အိတ်ရေ ၇၀၀၀ နှင့်အထက် တင်ဆောင်နိုင်သည့် ရေယာဉ်ကြီး သုံးစင်း၊ ကုန်တင် တစ်ထပ်ရေယာဉ်တစ်စင်း၊ အိတ်ရေ ၅၀၀၀ မှ ၇၀၀၀ အတွင်း တင်ဆောင်နိုင်သည့် ရေယာဉ်နှစ်စင်း၊ အိတ်ရေ ၃၅၀၀ မှ ၅၀၀၀ အတွင်း တင်ဆောင်နိုင်သည့် ရေယာဉ်သုံးစင်းတို့ ပြေးဆွဲနေကြကာ တစ်လလျှင် ပျမ်းမျှ လေးခေါက်ဝန်းကျင် ပြေးဆွဲသဖြင့် မတ်လအတွင်း ရေလမ်းခရီးဖြင့် ခန့်မှန်းဆန်အိတ်ရေ နှစ်သိန်းဝန်းကျင်ခန့် ရန်ကုန်မြို့သို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်များအနက် ရုပ်ပြေးနှစ်ထပ်ရေယာဉ်ကြီး ငါးစင်းတွင်သာ ခရီးသည် လိုက်ပါကြပြီး ရိုးရိုးနှစ်ထပ်ရေယာဉ်များတွင် ခရီးသည်လိုက်ပါမှုမှာ ခရီးစဉ်တစ်ခေါက်တွင် ၁၀ ဦးခန့်သာ ရှိနေသဖြင့် ရေယာဉ်များမှာ ဆန်တင်ပို့မှုကိုသာ အားထားပြေးဆွဲနေရကာ ရန်ကုန်မှ မော်ကျွန်းသို့ အပြန်ခရီးတွင်မူ ပိဿာ ၃၀ ဝင် ကုန်ပစ္စည်းတစ်အိတ်လျှင် တန်ဆာခ ငွေကျပ် ၂၀၀ နှုန်းဖြင့် တင်ဆောင်နေကြသည်။ ယခု သင်္ကြန်မတိုင်မီရက်များတွင်မူ ပိတ်ရက်အတွင်း ဌာနေပြန်မည့် ခရီးသွားများ ရှိတတ်သဖြင့် ခရီးသည်ပိုရရန် ရေယာဉ်ပိုင်ရှင်အချို့က မျှော်လင့်နေကြသည်။

ယခုရက်များအတွင်း ဆန်တင်ဆောင်ရမှုများသဖြင့် ရေယာဉ်များ အဆင်ပြေကြသော်လည်း ကုန်တင်ဆောင်မှုနည်းတတ်သည့် စက်တင်ဘာမှ ဒီဇင်ဘာအထိ လများတွင် တင်ဆောင်ရသည့် ဆန်အိတ်ရေသည် လက်ရှိတင်ဆောင်နေသည့်နှုန်း၏ တစ်ဝက်ပင်မရှိသလို ဝင်ငွေလည်း လျော့ကျတတ်ကြောင်း ရေယာဉ်လုပ်သက် နှစ် ၃၀ ကျော်ရှိသည့် လုပ်သားတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# ကသာမြို့နယ်အနီး ဧရာဝတီမြစ်အတွင်း၌ ဘဲဟင်္သာငှက်များ အလွန်အကျွံလျော့နည်း ပျောက်ဆုံးလာ



ကသာမြို့နယ်အနီး ဧရာဝတီမြစ်အတွင်း၌ ဟင်္သာငှက်များ နေထိုင်ကျက်စားမှု တစ်နှစ်ထက်တစ်နှစ် အလွန်အကျွံ လျော့နည်းလာကြောင်း သိရသည်။

ယခင်နှစ် ဒီဇင်ဘာလ အအေးဝင်ချိန်ကာလမှစ၍ အုပ်စုဖွဲ့ပြီး ဧရာဝတီမြစ်ရေကမ်းစပ်များတွင် ရေနေငါးများကို ထိုးယူ ရှာဖွေစားသောက်ခြင်း ပျော်မြူးပျံသန်းခြင်းများနှင့် နေရောင်ခြည် အလင်းကျရောက်မှုပေါ်မူတည်ပြီး ဟင်္သာငှက်များကို အုပ်စုဖွဲ့နှင့် နှစ်ကောင်တွဲ နေထိုင်ကျက်စားခြင်းကို မြင်တွေ့ရသည်။

ယခု ၂၀၁၈ ခုနှစ် ကာလမှ ဟင်္သာငှက်အပြင် အခြားသော ရေဘဲများ၊ တင်ကျီးများ၊ ဗျိုင်းနှင့် ဗျိုင်းအောက်များ၊ မြီးညှောင့်၊ သပိတ်လွယ်၊ မိုးစား၊ မိုးပုစဉ်းငှက်များ မြင်တွေ့ရခြင်း အလွန်လျော့နည်းကျဆင်းလာကြောင်း ငါးဖမ်း ရေလုပ်သားတစ်ဦးက ပြောပြခဲ့သည်။

ဟင်္သာငှက်များလျော့နည်းလာရခြင်းမှာ ညပိုင်းတွင် လင့်စင်သဏ္ဌာန်များဖြင့်ထောင်၍ အားကောင်းလှသည့် ဓာတ်မီးများဖြင့် မီးအလင်းရောင်ထိုးကစားကာ အသင့်ပါလာသော ပိုက်ကွန်ဖြင့် အုပ်ကာဖမ်းယူ ရိုက်သတ်ကြ၍ ဈေးတွင် ဘဲဟင်္သာဟု ရောင်းချခြင်းရှိရာ ဝယ်ယူစားသုံးကြသူများကလည်း အသားဟင်းအတွက် ဝယ်ယူစားသုံးကြသည်။

ထို့ကြောင့် ဧရာဝတီမြစ်အတွင်း ပျော်မွေ့စွာနေထိုင်ကြသော ဘဲဟင်္သာများ လျော့နည်းလာရခြင်း ဖြစ်နိုင်သည်ဟု ရေလုပ်သားများက ပြောကြားကြသည်။

ကသာမြို့နယ်အနီး ဧရာဝတီမြစ်အတွင်း ဗန်းမော်မြို့ဘက်နှင့် ကသာခရိုင် ထီးချိုင့်မြို့နယ် မြစ်ကမ်းစပ်များ၌ပါ တွေ့ရမှုနည်းသွားခဲ့သည်ဟု ပြည်ပခရီးသွားလုပ်ငန်း ဖော်ဆောင်သူများက ပြောသည်။

မြို့နယ်အတွင်း မြစ်ကမ်းတစ်လျှောက်ရှိ အုပ်ချုပ်သူများအား မေးမြန်းခဲ့ရာ တရားမဝင် သတ်ဖြတ်ဖမ်းဆီးသူများမှာ ညပိုင်းတွင်ပြုလုပ်တတ်ကြသည့်အတွက် သွားရောက်ဟန့်တား ဖမ်းဆီးရန် အလွန်ခက်ခဲလှကြောင်း ပြောကြသည်။

တစ်စတစ်စနှင့် ဟင်္သာငှက်များ ဧရာဝတီမြစ်အတွင်း လျော့နည်းလာသည့်အတွက် ဟင်္သာများကို သတ်ဖြတ်ခြင်း မရှိစေရေး ဧရာဝတီမြစ်ကမ်းဘေးရှိ မြို့နယ်၊ ကျေးရွာများ၌ အသိပညာပေးဆိုင်းဘုတ်များ တပ်ဆင်အသိပေးခြင်း၊ ဥပဒေ ပြဋ္ဌာန်းခြင်း၊ ပြုလုပ်အသိပေးခြင်းအပြင် သတ်ဖြတ်ခြင်း တွေ့ရှိပါက ထိထိရောက် အရေးယူသင့်ကြောင်း ဒေသခံများက ပြောသည်။

ယခုခေတ် သဘာဝငှက်ကြည့် ဝါသနာပါသည့် ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသည်များ အုပ်စုလိုက် လာရောက်လေ့လာနိုင်ရန်၊ ငှက်တွင်းနေရာများ ပျက်စီးမှုမရှိစေရန်၊ ရာသီအလိုက် ရေနေဆောင်းခိုငှက်များ လျော့နည်းမလာစေရန် ထိထိရောက်ရောက် ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ သိန်းနီမြို့၌ ကျင်းပ



**သိန်းနီ မေ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့နယ်၌ မေ ၆ ရက်က မြို့နယ် အောင်မင်္ဂလာခန်းမ၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် မြို့နယ်အဆင့် တာဝန်ရှိဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ ၁၅၃ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားခဲ့ကြပြီး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို စားပွဲဝိုင်း ၁၃ ဝိုင်းဖြင့် ကျင်းပခဲ့ရာ ပြည်သူများက ဆွေးနွေးတင်ပြချက် ၆၉ ခု မေးမြန်းဆွေးနွေးတင်ပြခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားများမှ မေးခွန်းများအား ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။

**ချစ်လှ**

# ဝန်းသိုမြို့တွင် မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်စုံညီပွဲတော် ကျင်းပ

**ဝန်းသို မေ ၉**

ဝန်းသိုမြို့နယ်အတွင်းရှိ လူငယ်လူရွယ်လေးများ (၃၈) ဖြာ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်တတ်သည့် လူတော်လူကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူလျက် ဓမ္မစကူးလ်ကျောင်း ၃၇ ကျောင်းအထိ ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့သည်။ အဆိုပါ ဓမ္မစကူးလ်ကျောင်းများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးလာစေရန်နှင့် ဓမ္မစကူးလ်ကျောင်းများ၏ အားသာချက်၊ အားနည်းချက်များကိုဆွေးနွေး ဖော်ထုတ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်စုံညီပွဲတော် ဖွင့်ပွဲကို မေလပထမပတ်က အဆိုပါ မုခ်ဦးအား ခန္တီးပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇဝန၊ ချောင်းဆုံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ၊ ဇီးဖြူပင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိမာ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဓမ္မစကူးလ်စုံညီပွဲတော်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ ဓမ္မစကူးလ်မောင်မယ်များ၏ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကပြဖျော်ဖြေခြင်း၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း မိသားစုတို့၏မှတ်တမ်းဓာတ်ပုံများပြသခြင်းနှင့် လူငယ်လူရွယ်များ၏ ကိုယ်ရည်ကိုယ်သွေးများ ပေါ်ထွက်လာစေရန်၊ ကလေးများ ကိုယ်တိုင် ဈေးဝယ်တတ်လာစေရန် ရည်ရွယ်၍ နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ဈေးဆိုင်ခန်းပေါင်း ၄၀ကျော်ဖြင့် ထည့်သွင်း ကျင်းပခဲ့ရာ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့သူမြို့သား၊ ဓမ္မစကူးလ်စုံညီပွဲတော်ကြီးတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **ကျော်မြိုင် (ပြန်/ဆက်)**

# အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရေစကြို မေ ၉**

ရေစကြိုမြို့အမှတ် (၄) ရပ်ကွက် မြင့်မြတ်စေတနာ လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမျိုးသမီးများဘဝ အထောက်အကူပြု အိမ်တွင်းမှုစက်ချုပ် သင်တန်းဖွင့်ပွဲကို မေ ၇ ရက်က အဆိုပါ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင့်မြတ်စေတနာ လူမှုကူညီရေးအသင်းနာယက ဦးဘရွှေက အမှာစကားပြောကြားပြီး မြင့်မြတ်စေတနာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ အိမ်တွင်းမှုစက်ချုပ်သင်တန်း စီမံကိန်း မန်နေဂျာဦးမင်းလှိုင်က ငွေကြေးစီမံခန့်ခွဲမှု သင်တန်းစည်းမျဉ်း စည်းကမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးမြင့်ဆွေနှင့် ရပ်မိရပ်ဖ ဦးထွန်းထွန်းလှိုင်တို့က အခမဲ့ သင်ကြားခွင့်ရရှိသော စက်ချုပ်ပညာရပ်ကို စနစ်တကျသင်ယူပြီး ဆက်လက်လေ့လာဆည်းပူးရင်း ဘဝ၏ အောင်မြင်မှုကို မြှင့်တင်ကြရန် တိုက်တွန်း အားပေးစကားပြောကြား ကြသည်။

ယနေ့ဖွင့်လှစ်သော အိမ်တွင်းမှု စက်ချုပ်သင်တန်းကို အခြေခံသင်တန်း နှစ်လနှင့် ကျွမ်းကျင်သင်တန်း နှစ်လ စုစုပေါင်း လေးလကြာမြင့်မည်ဖြစ်ပြီး ရပ်ကွက်အသီးသီးမှ အမျိုးသမီးငယ် သင်တန်းသူ ၃၀ တက်ရောက်မည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်လှစ်နိုင်ရေး အတွက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (Livelihoods and Food Security Trust Fund) ၏ ထောက်ပံ့ငွေကျပ် ၁၃၄၄၆၅၀၀ ကို ပတ်မြန်မာမှတစ်ဆင့် ရယူပြီး မြင့်မြတ်စေတနာလူမှုကူညီရေး အသင်းမှ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# သီပေါမြို့တည် ဆီအိုးကြီးများအား ခမ်းနားထည်ဝါစွာ ပြုပြင်သင့်

**သီပေါ မေ ၉**

ကောဇာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၈၈ ခုနှစ်)တွင် စော်ဘွားကြီး (စောကြာထွန်း)၏သားတော် စောကြာခိုင်(ခ)စောခွန်ဆိုင် (CIE) မှ အုန်းဘောင်ပြည်ဟောင်း၏ အောင်မြေအား ယူဆောင်ကာ ဟော်နန်း၏ မင်္ဂလာတိုင်စိုက်ထူမည့်တွင်းတွင် 'စတီ' ထည့်သွင်းပြီးနောက် မြို့နယ် နိမိတ်အဖြစ်မြို့၏ အရှေ့တောင်ထောင့်၊ အနောက်တောင်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်မြောက်ထောင့်တို့တွင် ဆီအပြည့်ထည့်ထားသော စဥ့်အိုးကြီးများအား "ဆီမခန်းလျှင် မြို့ပြစည်ကား တိုးတက်မည်။ ဆီခန်းလျှင် မြို့ပြပျက်စီးမည်"ဟူသော နိမိတ်ဖြင့် မြေတွင်မြှုပ်နှံကာ အပေါ်မှ ဂူအသွင်ထားရှိပြီး အကျယ်အဝန်းအားဖြင့် အရှေ့-အနောက်တာ ၂၅၀၊ တောင်-မြောက် တာ ၂၅၀ ရှိသော သီပေါမြို့အား တည်ထားတော်မူခဲ့လေသည်။

အဆိုပါ မြို့တည်နိမိတ်ဆီအိုးကြီးများမှာ ယခုလက်ရှိအခေါ် ပန်းတိမ်(တောင်)ရပ်၊ အုတ်ကျင်းရပ်၊ မြန်မာရပ်နှင့် ဈေးရပ်တို့တွင်တည်ရှိပြီး ဈေးရပ်ရှိ ဆီအိုးကြီးမှာမူ ဒုဋ္ဌဝတီမြစ်ရေတိုက်စားမှုကြောင့် ရေခသွားခဲ့ပြီး မြို့မိမြို့ဖများ၏ အစီအစဉ်ဖြင့် လက်ရှိနေရာတွင် အသစ်ပြန်လည်တည်ဆောက်ထားခြင်းဖြစ်သည်။

သီပေါဟော်၏ ခန့်ညားထည်ဝါမှု၊ ပေါ်ကြိုဘုရား၏ ထင်ရှားမှု၊ သဘာဝတောတောင် ရေတံခွန်စိမ့်စမ်းတို့၏ သာယာလှပမှု၊ ဒဏ္ဍာရီဆန်သော အလှဘုရင်မ စောမွန်လှမိဖုရား၏ ဂုဏ်သတင်းများဖြင့် ကောင်းခြင်းမင်္ဂလာများ ထုံမွှမ်းနေသော မြို့တည်သက်တမ်း နှစ် ၁၃၀ ရှိ သီပေါဒေသသည် နိုင်ငံတကာမှ ဗဟုသုတရှာမှီးလိုသူများဖြင့် စဉ်ဆက်မပြတ် စည်ကားနေသော မြို့တစ်မြို့ ဖြစ်ပေသည်။ သီပေါမြို့သို့ ရောက်ရှိလာကြသည့် ပြည်တွင်းပြည်ပမှ ဧည့်သည်များ မဖြစ်မနေ စိတ်ပါဝင်စားစွာ လေ့လာကြသည့် နေရာများထဲတွင် မြို့တည်ဆီအိုးကြီးများသည် အဓိကအခန်းမှ ပါဝင်နေလေသည်။

သို့ရာတွင် နှစ်ပရိစ္ဆေဒကြာမြင့်နေပြီဖြစ်သည့်အတွက် မြို့တည်ဆီအိုးကြီးများ၏ ကမ္ပည်းတိုင်များမှာ ဆွေးမြည့်နေပြီဖြစ်ခြင်း၊ မော်ကွန်းကျောက်စာများ မထင်မရှားရှိနေခြင်း၊ အရံအတားများ မရှိခြင်းတို့ကြောင့် အမြင်မတင့်တယ် ဖြစ်နေခြင်းတို့ကြောင့် ရှေးဟောင်းမြို့တော်တစ်ရပ်၏ ဂုဏ်သိက္ခာနှင့် လိုက်လျောညီထွေဖြစ်စေရန် မြို့တည်ဆီအိုးကြီးများအား ခမ်းနားထည်ဝါစွာ ပြုပြင်ထားရှိသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**မောင်ယဉ်ကျေး**



**မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှု၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းကြီးကြပ်မှုဖြင့် ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့မစခန်းမှူး ဒုတိယရဲမှူး ထွန်းဇော်ဦးနှင့် တာဝန်ရှိသူများ မေ ၈ ရက်မှစတင်၍ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်အလယ်ပိုင်း၌ ဒေသခံပြည်သူများအား မှူခင်းအသိပညာပေး ဟောပြောခဲ့စဉ်။** ၁၃၈

## လေဘေးသင့်အိမ်ထောင်စုအား ပစ္စည်းနှင့်ငွေများ ထောက်ပံ့

**ကလေး မေ ၉** - ကလေးခရိုင် ကလေးမြို့နယ်၌ မေ ၅ ရက် ည ၈ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှု ကြောင့် နေအိမ်သစ်ပင်ပိ၍ အမိုးနှင့် ဆိုလာပြားပျက်စီးသွားသည့် မောက်လင်းကျေးရွာ အုပ်စု ပြည်တော်သာကျေးရွာနေ ဦးထန်ခန့်ထာန်၏ နေအိမ်တစ်လုံးအတွက် လေဘေးသင့် အိမ်ထောင်စုအား အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် တစ်သိန်း၊ လူ့အသုံး အဆောင်ပစ္စည်း ၁၀ မျိုးနှင့်အတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ သွပ် ၁၀ ချပ် ထောက်ပံ့ပေးအပ်ခြင်းကို မေ ၆ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံးခန်း၌ ကျင်းပခဲ့သည်။

ယင်းသို့ ထောက်ပံ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ခြင်းဖြစ်ပြီး အဆိုပါလေဘေးသင့် အိမ်ထောင်စုအား ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် ကလေးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်ဇော်ထွန်းတို့က သက်ဆိုင်ရာ ကာယကံရှင်ထံသို့ ပေးအပ်ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဖာပွန်မြို့နယ်၌ တယ်လီနောလိုင်း စတင်အသုံးပြုလာနိုင်

**ဖာပွန် ဧပြီ ၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့၌ တယ်လီနောလိုင်းကို ဧပြီလမှစ၍ စတင်အသုံးပြုလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခင်က ဖာပွန်မြို့နယ်၌ MPT ဖုန်းလိုင်းတစ်ခုတည်းကိုသာ ဒေသခံပြည်သူများမှာ အဓိကအားထားအသုံးပြုလျက်ရှိပြီး ယခုအခါ ဖာပွန်မြို့နယ် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူဦးရေထူထပ်လာမှုကြောင့် ဒေသခံပြည်သူများ ဆက်သွယ်ရေးတွင် အဆင်ပြေစေရေးအတွက် ယခင်အမှတ် ၂ ရပ်ကွက် တယ်လီနောတိုင်တည်ဆောက်ထားသည့်နေရာ၌ တယ်လီနောကုမ္ပဏီမှ တာဝန်ရှိသူများက မတ်လမှစ၍ စတင်ပြုပြင်ခြင်းနှင့် တပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဧပြီ ၁ ရက်မှစ၍ စတင်အသုံးပြုလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖာပွန်မြို့မှာ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အညီ အရင်က ရန်ကုန်ပြေးဆွဲတဲ့ ယာဉ်လိုင်းတစ်ခုသာရှိပြီး အခုအခါ ဧပြီလမှစ၍ နောက်ထပ်ယာဉ်လိုင်းတစ်လိုင်း စတင်ပြေးဆွဲနေပြီဖြစ်ပါတယ်၊ အခုလိုပဲ ဖာပွန်မြို့မှာ MPT လိုင်းကို အဓိကအားထားအသုံးပြုစရာ မလိုတော့ဘဲ တယ်လီနောလိုင်းကို အသုံးပြုလာနိုင်ပြီဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေအတွက် ဆက်သွယ်ရေးမှာ အရင်ထက် လွယ်ကူလာပါပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

## မကွေးမြို့၌ မဟာသင်္ကြန်ရက်နီးကပ်လာသဖြင့် မှုခင်းလျော့နည်းစေရန် ယာဉ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်



**မကွေး ဧပြီ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ မဟာသင်္ကြန်ရက်နီးကပ်လာပြီဖြစ်သဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား မြို့အဝင်ဂိတ်နှင့် တံတားဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကို ဧပြီလ ၆ ရက်နေ့မှစတင်၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပိတ်ဆို့ရှာဖွေစစ်ဆေးရာတွင် ရဲအရာရှိ သုံးဦး၊ အခြားအဆင့် ၁၅ ဦး၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင် နှစ်ဦးတို့က သင်္ကြန်မတိုင်မီအထိ စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။ ယခုကဲ့သို့ ရှာဖွေခြင်းဖြင့် ပွဲတော်ကာလအတွင်း ပြည်သူများ သင်္ကြန်ပွဲတော်အား စိတ်အေးချမ်းသာစွာ ဆင်နွှဲနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စစ်ဆေးရှာဖွေခြင်းဖြစ်ကြောင်း သိရသည်။

"အခုလိုပိတ်ဆို့စစ်ဆေးတာ ဘာကြောင့်လုပ်ရတာလဲဆိုရင် ပြည်သူတွေ သင်္ကြန်မှာလည်တဲ့အခါ ဒုစရိုက်မှုကျူးလွန်တဲ့သူတွေက တုတ်၊ ဓားလက်နက်တွေ၊ ဖောက်ထွင်းမှုကျူးလွန်တဲ့ ပစ္စည်းတွေပါလားဆိုတာ စစ်ဆေးတယ်၊ ဥပဒေနဲ့မလွတ်ကင်းတဲ့ ပစ္စည်းတွေပါလာရင်လည်း တားဆီးလို့ရတယ်၊ အရက်သေစာ သောက်စားကြပြီး ခိုက်ရန်ဖြစ်ကြရင်လည်း သူတို့မှာပါလာတဲ့ ပစ္စည်းတွေနဲ့ ရန်ပြုကြတဲ့အတွက် အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်တယ်၊ ရဲတပ်ဖွဲ့အနေနဲ့ ပိတ်ဆို့ရှာဖွေသိမ်းဆည်းမှုတွေလုပ်တော့ မှုခင်းတွေဖြစ်မှာကိုလည်း ကာကွယ်ရာရောက်ပါတယ်" ဟု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး လှသန်းက ပြောသည်။

ပြီးခဲ့သည့် ဧပြီ ၄ ရက်ကလည်း ရဲတပ်ဖွဲ့မှ အင်အားပြခဲ့ကြောင်း၊ ယခုကဲ့သို့ အင်အားပြရခြင်းမှာ ယခုနှစ်သင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်အပါအဝင် မဟာသင်္ကြန်ပွဲအား အထူးစည်ကားစွာ ကျင်းပမည်ဖြစ်သောကြောင့် ပြည်သူများ လုံခြုံစွာ သွားလာနိုင်ရန်အတွက် ပြည်သူ့ရဲတပ်ဖွဲ့အနေနှင့် အင်အားပြခြင်းဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မကွေးမြို့အဝင် နတ်မောက်-မကွေးလမ်း၊ တောင်တွင်းကြီး-မကွေးလမ်းနှင့် ရေဝတီတံတားအဝင်ဂိတ်တို့တွင် ရဲတပ်ဖွဲ့ဝင်များက ဧပြီ ၆ ရက်မှ သင်္ကြန်မတိုင်မီအထိ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများပြုလုပ်ကာ မှုခင်းများလျော့နည်းစေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေသူလွင် (မကွေး-ကိုယ်ပွား)**

## လူငယ်နှင့် ပညာရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ မြောင်းမြပညာရေးကောလိပ်၌ ကျင်းပ

**မြောင်းမြ ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော လူငယ်နှင့် ပညာရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဧပြီလ ပထမပတ်က မြောင်းမြပညာရေးကောလိပ် ပညာသီရိခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြောင်းမြမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂) ဒေါ်ခိုင်ဇင်ဦး၊ ခရိုင်ပညာပညာရေးမှူး ဆရာကြီး ဦးခင်မောင်ဝင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျင်စိုး (မောင်လှိုင်းသစ်-ချစ်စရာမြေ)၊ ဦးထွန်းလင်း (Friends Library) တို့က လူငယ်နှင့် ပညာရေး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပါဝင်ဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းနှင့် ဒေါ်ခိုင်ဇင်ဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ မြောင်းမြပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဆွေနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများ၊ သင်တန်းသား ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



အမှတ် ၁၈ လုံခြုံရေးတပ်ဖွဲ့ခွဲမှ ဧပြီလပထမပတ်က တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု ဖက်တဲကုန်းကျေးရွာ (အင်တိုင်းသာရွာ)ရှိ "မြရတနာ" ရွာဦးဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဥူးအာစိန္ဒအား အလှူငွေနှင့် ရေသန့်တစ်လီတာဘူး ခြောက်ဘူးပါ ၃၀ ကတ်၊ ရေသန့်ဘူးကြီး ၃၀၀ နှင့် အိမ်ခြေ ၇၂ အိမ်၊ အိမ်ထောင်စု ၈၀ ထံသို့ သောက်ရေသန့်ဘူးကြီး ၇၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့စဉ်။

ကိုရဲ

## ဖျာပုံ၌ စာအုပ် စာစောင် ချစ်မြတ်နိုးသူများ စုပေါင်း၍ စာပေစကားဝိုင်း ကျင်းပ

**ဖျာပုံ ဧပြီ ၉**- ပြန်ကြားရေးဝန်ကြီးဌာန ဖျာပုံခရိုင် ပြည်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွဲ့စည်းထားသော စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)၏ စာပေဝိုင်းကို ဧပြီလ ပထမပတ်က ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Center ၌ ကျင်းပရာ မြို့နယ်စာအုပ် စာစောင်ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးဇေယျာဘုန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာ မောင်ယဉ်မိုး ရေးသားသော ဆရာဇော်ဂျီနှင့် စာအုပ်စင် ခေါင်းစဉ်ပါ ရသစာတမ်းကို ဖတ်ကြားရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခြင်း၊ စာရေးသူက ပြန်လည်ရှင်းလင်းခြင်းများ ပြုလုပ်ဆွေးနွေးခဲ့ကြသည်။

**သူဇာနွယ် (ဖျာပုံ)**

## သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ မြန်မာ့ရိုးရာသင်္ကြန်အတွင်း အန္တရာယ်ဖြစ်စေသော ရေဘောလုံးဖြင့် ပစ်ပေါက်ခြင်း၊ မီးသတ်ပိုက်များဖြင့် ရေပက်ခြင်း၊ အက်စစ်ကဲ့သို့သော စားလောင်စေသော အရည်များဖြင့်ပက်ခြင်း၊
၄။ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၅။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၆။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၇။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၈။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၉။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာတွင် အနားယူခြင်း၊
၁၀။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၁။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၂။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၃။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော်ရေးကော်မတီများ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

**သီပေါ ဧပြီ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာနှစ်အလိုက် မြစိမ်းရောင်ကျေးရွာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဝင် ၅၁ ယူနစ်၊ ၅၈ ရွာမှ ကျေးရွာမြစိမ်းရောင် အကောင်အထည်ဖော်ရေးကော်မတီဝင် ၁၅၃ ဦးတို့အား ဆွတ်လန်းကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းကို ဧပြီလ ပထမပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်လှစ်ခြင်းအားဖြင့် ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များ စီမံကိန်းငွေစာရင်းထိန်းသိမ်းနည်း ပုံစံ ခုနစ်မျိုးပြုစုရခြင်း၏ ရည်ရွယ်ချက်များ၊ စာရင်းဇယားပြုစုရာတွင် ယခင်ကထက် ပိုမိုကျွမ်းကျင်ပိုင်နိုင်စွာ ပြုစုလာနိုင်ပြီး စီမံကိန်းမှ ရရှိလာသော အောင်မြင်မှုများကို မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ရေရှားပါးသည့် တောင်ပေါ်ဒေသသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**တောင်ငူ ဧပြီ ၉**

ကျောက်တောင်များ ထူထပ်ပေါများသော တောင်ပေါ်ဒေသရှိ ကျေးရွာများသည် နှစ်စဉ်နွေရာသီသို့ ရောက်ရှိသည့် အချိန်များတွင် လက်ရှိသုံးစွဲလျက်ရှိသော လက်တူးတွင်းကျယ်များနှင့် လက်နှိပ်တုံကင်တွင်းများသည် ရေခန်းခြောက်ခြင်းများကြောင့် သောက်သုံးရေရှားပါးပြတ်လတ်မှုများနှင့် ကြုံတွေ့နေရသဖြင့် ဧပြီ ၅ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကေတုပရဟိတအဖွဲ့တို့ ပူးပေါင်းပြီး သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေရှားပါးသော တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာနှင့် ငါးမိုင်ကျေးရွာ၊ လယ်သပြေကွင်းကျေးရွာ၊ စပါးလင်ကုန်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၁၈၀၀ ကျော်ကို သွားရောက်လှူဒါန်းခဲ့ရာ ဒေသခံပြည်သူများက ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# လောက်လေးခွဖြင့် ပစ်ခတ်သဖြင့် ဒဏ်ရာရမှုနှင့် ဥပဒေပြဋ္ဌာန်းချက်များ ယှဉ်တွဲလေ့လာတင်ပြခြင်း

ဦးမင်းသွင် (ဥပဒေ)

လောက်လေးခွဖြင့် ပစ်ခတ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၀ ပြဋ္ဌာန်းချက်အတွင်း အကျုံးဝင်သော ပြင်းထန်ဒဏ်ရာ (Grievous hurt) ရစေသော အမှုများတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ လည်းကောင်း၊ သာမန်ဒဏ်ရာရစေမှုတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရလည်းကောင်း ငြိစွန်းကြောင်းကို အောက်ပါအတိုင်း လေ့လာသုံးသပ်တင်ပြပါသည်။

၁။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင် ဘေးဖြစ်စေတတ်သော လက်နက်များ (Dangerous Weapons) ဖြစ်သည့် ကိရိယာ၊ အရာဝတ္ထုများကို ပြဋ္ဌာန်းထားပါသည်။ ထိုလက်နက်၊ ကိရိယာ၊ အရာဝတ္ထုများကို ကိုင်ဆောင်သုံးစွဲ၍ တစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလျောက် နာကျင်စေမှုဖြစ်ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၀ ပါ ပြဋ္ဌာန်းချက်အတွင်း အကျုံးဝင်သော အပြင်းအထန်နာကျင်စေမှု ဖြစ်ပွားကြောင်း ထင်ရှားလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ဖြင့် ငြိစွန်းမည် ဖြစ်ပါသည်။

၂။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ပြဋ္ဌာန်းချက်တွင် ဘေးဖြစ်စေတတ်သော လက်နက်များအဖြစ် "ပစ်ခတ်ရန် ကိရိယာ (Instrument for Shooting)" ဟု ဖော်ပြပါရှိရာ လောက်လေးခွသည် ပစ်ခတ်ရန် ကိရိယာတစ်ခု (ဆိုလိုသည်မှာ ဘေးဖြစ်စေတတ်သည့် ပစ်ခတ်ရန်အတွက် တမင်ရည်ရွယ်ပြုလုပ်ထားသော လက်နက်ကိရိယာတစ်ခု) ဖြစ်ကြောင်း အငြင်းပွားစရာမရှိ ထင်ရှားပါသည်။

၃။ ဦးမောက်နှင့် နိုင်ငံတော်ပါ (၂) ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၁၂၊ ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံးစာမျက်နှာ ၉၈ တွင် "လောက်လေးခွသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ၌ ဖော်ပြထားသော ပစ်ခတ်ရန် လက်နက်ဖြစ်သည်ဟူ၍ တရားသေမမှတ်ယူသင့်ပေ" ဟု ယင်းစီရင်ထုံး ၏ ပထမစာပိုဒ်တွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသဖြင့် တရားသေမမှတ်ယူသင့်လျှင် မည်သည့်အခြေအနေမျိုး၌ တရားသေမှတ်ယူသင့်သည်ဟူသော အငြင်းပွားစရာအကြောင်းများ ပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။

၄။ ထို့အပြင် တစ်ဖန် ယင်းစီရင်ထုံး၏ ဒုတိယစာပိုဒ်၌ (လောက်လေးခွသည်) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော လက်နက်အမျိုးအစားတွင် ပါဝင်ခြင်းမရှိကြောင်းဟူ၍ ဖော်ပြသုံးသပ်လျက် ဆုံးဖြတ်ထားသည်ကို တွေ့ရှိရပါသည်။ သို့သော် ဥပဒေတွင် ယင်းသို့ သတ်မှတ်ပြဋ္ဌာန်းခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၅။ လောက်လေးခွ၏ သဘာဝသည် လက်ဖြင့် ကောက်ကိုင်၍ ပစ်ပေါက်ခြင်းမျိုး (Throwing) မဟုတ်ဘဲ အရှိန်ရရန်အတွက် သားရေမျှော့ကြိုးတပ်၍ ဆွဲအားအရှိန်ဖြင့် ပစ်ခတ်ခြင်း (Shooting) ပြုသော ကိရိယာ (Instrument) ဖြစ်ကြောင်း အငြင်းပွားနိုင်စရာမရှိသဖြင့် ပစ်ခတ်ရန် ကိရိယာတစ်ခုဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။

၆။ ဤသည်ကို ယင်းစီရင်ထုံး၏ ပထမစာပိုဒ်၌ သေစေတန်ရာသော ဒဏ်ရာရရှိစေရန် အရာဝတ္ထုတစ်ခုခုကို လောက်လေးခွ၌ ထည့်သွင်းပစ်ခတ်ခြင်းဖြင့် သေစေတန်ရာသော ဒဏ်ရာရရှိကြောင်း ပေါ်လွင်ထင်ရှားလျှင် သေစေတန်ရာသော လက်နက်ဟူ၍ ဆိုရန်သာရှိပေသည်ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

၇။ အဆိုပါစီရင်ထုံး၌ ဆုံးဖြတ်သည့်အမှုတွင် ဒဏ်ရာရသူသည် ဘယ်ဘက်မျက်လုံးဒဏ်ရာရရှိပြီး မျက်လုံးထုတ်ပစ်ခဲ့ရကြောင်း ဖော်ပြထားရာ မျက်လုံးထုတ်ပစ်ရခြင်းသည် ပြစ်မှုဥပဒေပုဒ်မ ၃၂၀ ဒုတိယအပိုဒ်တွင် လူ၏မျက်စိတစ်ဖက်ဖက်ကို အမြဲမမြင်အောင် ပြုခြင်း (permanent privation of the sight of either eye) ဟုပြဋ္ဌာန်းထားသော အချက်နှင့် အကျုံးဝင်သဖြင့် အပြင်းအထန်နာကျင်စေမှုဖြစ်ပါသည်။ ထို့ကြောင့် သေစေတန်ရာသော ဒဏ်ရာ (ရရှိစေခြင်း) မဟုတ်နိုင်ပါ။ ဆိုလိုသည်မှာ မျက်လုံးတစ်ဖက်ဖက် အမြဲမမြင်အောင်ဖြစ်တိုင်း သေစေတန်ရာသော ဒဏ်ရာဟု မဆိုနိုင်ပါသဖြင့် သေစေတန်ရာသည်အထိ သုံးသပ်ရန် လိုအပ်မည် မဟုတ်ဟု ယူဆပါသည်။

၈။ ထို့အပြင် လောက်လေးခွမှာ မလိုလားအပ်သော ကိရိယာတစ်ခုဖြစ်သည်ဟု ဖော်ပြထားပြီး လောက်လေးခွ (လောက်စအိမ်) ၌ ထည့်သွင်းပစ်ခတ်သော အရာဝတ္ထုကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်မဟုတ်ပါ။ ဥပမာ တင်ပြရသော် "သေနတ်ဖြင့် ပစ်ခတ်ခြင်းတွင် သေနတ်သည် ပစ်ခတ်ရန်ကိရိယာအဖြစ် ထင်ရှားပြီးဖြစ်နေရာ သေနတ်တွင် ထည့်သွင်းပစ်ခတ်သော အရာသည် ကျည်ဆန်သာ ဖြစ်ပါသည်။ ဤသည်ကို တစ်ဆင့်တက်၍

> **"ဤသည်ကို ယင်းစီရင်ထုံး၏ ပထမစာပိုဒ်၌ သေစေတန်ရာသော ဒဏ်ရာရရှိစေရန် အရာဝတ္ထုတစ်ခုခုကို လောက်လေးခွ၌ ထည့်သွင်းပစ်ခတ်ခြင်းဖြင့် သေစေတန်ရာသော ဒဏ်ရာရရှိကြောင်း ပေါ်လွင်ထင်ရှားလျှင် သေစေတန်ရာသော လက်နက်ဟူ၍ ဆိုရန်သာရှိပေသည်"**

ကျည်ဆန်(ထိပ်ဖူး)သည် ခဲနှင့်လုပ်ထားသလား၊ ကြေးနှင့်လုပ်ထားသလား၊ ချွန်သလား၊ တုံးသလားအထိ ထပ်ဆင့်လေ့လာသုံးသပ်ရန် လိုအပ်မည် မဟုတ်ပါ။ သို့ပါ၍ လောက်လေးခွဖြင့် ပစ်ခတ်ရာတွင် လောက်လေးခွ၏ လောက်စအိမ်တွင် ထည့်သွင်းပစ်ခတ်ရသော အရာသည် သံဖြစ်သည်၊ ကျောက်ခဲဖြစ်သည်၊ ရွှံ့ခဲဖြစ်သည်ဟူ၍ ရှာဖွေစဉ်းစားရန်မလိုပါ။ ထို့အပြင် အသုံးပြုသော လက်နက်ကိရိယာသည် ချွန်သည်၊ ထက်သည်၊ တုံးသည်၊ လုံးသည်ဟုလည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ပြဋ္ဌာန်းထားခြင်း မရှိပါ။ ထိုးရန်- ခုတ်ဖြတ်ရန် ကိရိယာဟူသာ ပြဋ္ဌာန်းထားခြင်းကြောင့် ထိုးခြင်း (Stabbing)၊ ခုတ်ဖြတ်ခြင်း (Cutting) ပြုတိုင်း ချွန်သည်၊ ထက်သည်ဟု သတ်မှတ်၍ မရနိုင်ပါ။

ဤနေရာတွင် အလျဉ်းသင့်၍ တစ်ဆက်တည်းဖော်ပြလိုသော ကိစ္စရပ်တစ်ခုမှာ-

နံချပ်ကူ (တုတ်) သည် တုံး၍ လုံးနေသောသစ်သားလက်ကိုင်လုံးဖြစ်ပါသည်။ နံချပ်ကူဖြင့် ရိုက်ပါက အသက်သေသွားနိုင်သည်အထိ အနေအထားရှိသဖြင့် သေစေတန်ရာသော ကိရိယာအမျိုးအစား(any instrument which is likely to cause death) ဖြစ်ပါသည်။ သေစေတန်ရာသော ကိရိယာဖြစ်သည့် နံချပ်ကူဖြင့်ရိုက်ပါက ပြင်းထန်ဒဏ်ရာရလျှင် ပုဒ်မ ၃၂၆ နှင့် ငြိစွန်းမည်ဖြစ်ပြီး သာမန်ဒဏ်ရာရလျှင် ပုဒ်မ ၃၂၄ နှင့် ငြိစွန်းမည်ဖြစ်ပါသည်။

၉။ စီရင်ထုံးတစ်ရပ်သည် သက်ဆိုင်ရာအမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်အတွက်သာ အဖြေဖြစ်သည်။ အမှုအားလုံးတွင် တရားသေ အသုံးပြုရန် မဟုတ်ချေ။ [၁]

အဖြစ်အပျက်နောက်သို့သာ စီရင်ထုံးက လိုက်ရခြင်း၊ စီရင်ထုံးနောက်သို့ အဖြစ်အပျက်က လိုက်ရသည် မဟုတ်ခြင်း၊ စီရင်ထုံးတစ်ရပ်ကို အမှုတစ်ခုစီ၏ အဖြစ်အပျက်နှင့်ယှဉ်၍ သုံးစွဲရန်ဖြစ်ခြင်း။ [၂]

ဥပဒေဆောင်ပုဒ် (Legal Maxim) စီရင်ထုံး စသည်တို့ကို ပုံသေလက်ခံကျင့်သုံးရန်မဟုတ်။ [၃]

ဥပဒေကို အဓိပ္ပာယ်ဖွင့်ရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသော အဓိပ္ပာယ်ကို ကောက်ယူခြင်းက ပို၍မှန်ကန်တတ်သည်။ [၄]

ဥပဒေပါ စကားရပ်များကို ရှိသည့်အတိုင်း အကျိုးသက်ရောက်စေရမည်။ တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှသာ လမ်းညွှန်တစ်ရပ်ဖြစ်နိုင်သည်။ [၅]

၁၀။ အထက်ဖော်ပြပါ စီရင်ထုံးများပါ သဘောတရားများ (Doctorine of Precedent) အရ ခြုံငုံသုံးသပ်ပါက "စီရင်ထုံးများသည် မှုခင်းဆုံးဖြတ်ရာတွင် တွေးခေါ်ယူဆခြင်း၏ လမ်းညွှန်မျှသာဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချပ် အဆုံးအဖြတ်ပေးနိုင်ကြသည်မဟုတ်။" [၆] ထို့ကြောင့် စီရင်ထုံးပါ ပြဆိုချက်များကို ပုံသေထား၍ လိုက်နာကျင့်သုံးရန် မလိုအပ်ကြောင်း ညွှန်ပြထားသည်ကိုပါ လေ့လာတွေ့ရှိ ရပါသည်။

၁၁။ ပြစ်မှုဥပဒေပုဒ်မ ၃၂၆ သည် အာမခံမပေးနိုင်သော ပြစ်မှုဖြစ်ခြင်းကြောင့် အမှုတစ်ခုတိုင်ကြားသည်ကို အရေးယူရာ၌ ဦးစွာပထမ တိုင်ကြားခံရသူအပေါ် အာမခံပေးနိုင်ခြင်း/မပေးနိုင်ခြင်းသည်လည်း လွန်စွာအရေးကြီးလှပါသည်။ ဦးမောက်စီရင်ထုံးပါအမှုကို ဥပမာဆောင်၍ ဖော်ပြရသော် တရားခံ၏ ပြုလုပ်မှုကြောင့် တစ်ဖက်လူတွင် မျက်လုံးတစ်လုံးပျက်စီးကာ အမြဲမမြင်အောင် ဆုံးရှုံးပြီး ကန်းသွားစေရာတွင် ပစ်ခတ်သူအား ဖမ်းဆီးချုပ်နှောင် (ရမန်/Remand) ရယူခြင်းမပြုဘဲ အာမခံပေးထားမည်ဆိုပါက တရားမျှတမှုရှိစေမည် မဟုတ်ဟုလည်း ရှုမြင်သုံးသပ်မိပါသည်။

၁၂။ သို့ဖြစ်ပါ၍ လောက်လေးခွဖြင့် ပစ်ခတ်ခြင်းကြောင့် ပစ်ခတ်ခံရသူတွင် မျက်လုံးပျက်စီးသွားခြင်းအပါအဝင် ပြစ်မှုဥပဒေပုဒ်မ ၃၂၀ ပါ ပြဋ္ဌာန်းထားသော အပြင်းအထန်နာကျင်စေမှုအခြေအနေ ပေါ်ပေါက်ပါက ပြစ်မှုဥပဒေပုဒ်မ ၃၂၆ ဖြင့် ငြိစွန်းသည်ဟု သုံးသပ်ရရှိပါသည်။ ပြစ်မှုဥပဒေပုဒ်မ ၃၂၅ သည် အပြင်းအထန်နာကျင်စေမှုကို ပြဋ္ဌာန်းရာတွင် လက်နက်၊ ကိရိယာ၊ အရာဝတ္ထုတစ်စုံတစ်ခုကို အသုံးပြုကြောင်း လုံးဝဖော်ပြထားခြင်း မရှိသဖြင့် ယေဘုယျအားဖြင့် လက်နက်မဲ့ (Without Weapons)၊ ကိရိယာမဲ့ (Without Instrument)၊ အရာဝတ္ထုမဲ့ ((Without Substance) ပြုလုပ်မှုဖြစ်ခြင်း သို့မဟုတ် ပြစ်မှုဥပဒေပုဒ်မ ၃၂၆ တွင် ပြဋ္ဌာန်းထားသော လက်နက်၊ ကိရိယာ၊ အရာဝတ္ထု မဟုတ်သည့် အခြားပစ္စည်းတစ်စုံတစ်ခုဖြင့် ပြုလုပ်မှုကို တားမြစ်ခြင်းဖြစ်ကြောင်း သရုပ်ခွဲ၍ သိမြင်နိုင်ပါသည်။

၁၃။ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တွင်ပါဝင်သော စကားရပ်များသည် သာမန်နေ့စဉ်သုံး အနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ [၇]

၁၄။ လောက်လေးခွနှင့် ပစ်တယ်၊ မျက်လုံးမှန်ပြီး ကန်းသွားတယ်၊ ဒါကြောင့် ပုဒ်မ ၃၂၆ နှင့် ငြိစွန်းသည်ဟု ဆိုလိုချင်ပါသည်။

၁၅။ ထို့ကြောင့် ဦးမောက်စီရင်ထုံးပါ ဆုံးဖြတ်ချက်တွင် လောက်လေးခွကို ပစ်ခြင်း (Shooting) ဖြင့် ပြုလုပ်ခဲ့၍ ပြစ်မှုဥပဒေပုဒ်မ ၃၂၀ တွင် ပြဋ္ဌာန်းထားသော ပြင်းထန်ဒဏ်ရာအမျိုးအစားတစ်ခုဖြစ်သည့် လူ၏မျက်စိတစ်ဖက်ကို အမြဲမမြင်အောင် (လုံးဝကန်းသွားအောင်)ဖြစ်စေခဲ့ကြောင်း ထင်ရှားနေခြင်းကြောင့် ပြစ်မှုဥပဒေပုဒ်မ ၃၂၅ ပါ ပြဋ္ဌာန်းချက်ထက် ပြစ်မှုဥပဒေပုဒ်မ ၃၂၆ ပါ ပြဋ္ဌာန်းချက်နှင့်သာလျှင် အကျုံးဝင်ကိုက်ညီမှုရှိပြီး တရားမျှတမှုလည်း ရှိစေမည်ဟု သဘောရရှိပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ [၇]

၁၆။ ထို့အပြင် တစ်ဆက်တည်း လေ့လာတင်ပြရသော် လောက်လေးခွဖြင့် ပစ်ခတ်သဖြင့် ပစ်မှုဥပဒေပုဒ်မ ၃၂၀ အတွင်း ကျရောက်ခြင်းမရှိသော သာမန်ဒဏ်ရာ တစ်စုံတစ်ရာရရှိစေခဲ့ပါက ပြစ်မှုဥပဒေပုဒ်မ ၃၂၄ နှင့် ငြိစွန်းမည်ဟုလည်း သုံးသပ်ရရှိပါသည်။

၁၇။ လောက်လေးခွဖြင့် ပစ်ခတ်သဖြင့် ပစ်ခတ်ခံရသူတွင် အပြင်းအထန်ဒဏ်ရာရစေသည်ကို ပြစ်မှုဥပဒေပုဒ်မ ၃၂၅ သာလျှင် ဖြစ်သင့်သည်ဟု သဘောထားပါက သာမန်ဒဏ်ရာရရှိစေသည့် ကိစ္စအတွက် ပြစ်မှုဥပဒေပုဒ်မ ၃၂၃ ဖြစ်ပြီး ရဲအရေးမပိုင်သော ပြစ်မှု (Non-Cognizable Offence) ဖြင့် ပိတ်သိမ်းရမည့် အခြေအနေသို့ ရောက်ရှိ၍ တိုင်ကြားသူ သို့မဟုတ် ဒဏ်ရာရသူအနေဖြင့် ရဲစခန်းသို့ တိုင်ကြားနိုင်သည့် အခွင့်အရေးအထိပါ ဆုံးရှုံးနစ်နာမှုကို ဖြစ်စေပါမည်။ တစ်နည်းအားဖြင့် တင်ပြရသော် လောက်လေးခွဖြင့် ပစ်ခတ်ခံရသဖြင့် သာမန်ဒဏ်ရာရရှိသူအတွက် ရဲစခန်းမှ ရဲအရေးပိုင်မှု (Cognizable Offence) ဖြင့် အရေးယူနိုင်သည့် အခွင့်အလမ်းမရှိတော့ဘဲ တရားရုံးသို့ သွားရောက်၍ ဦးတိုက် (Direct Complaint) လျှောက်ထားမှုဖြစ်တော့မည့် အခြေအနေမျိုးအထိ ဆိုက်ရောက်သွားမည့်အကြောင်း လေ့လာသုံးသပ် ဖော်ပြအပ်ပါသည်။ ။

**ကျမ်းကိုးစာရင်း**

၁။ **နိုင်ငံတော်နှင့် စိုးမြင့်နိုင်ပါ (၄၀) ၁၉၉၁ ခုနှစ် စီရင်ထုံး စာ- ၅၃။**

၂။ **အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများစာအုပ် စာ- ၃၆၂။**

၃။ **မခင်မြင့်နှင့် နိုင်ငံတော် အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၊ ၁၉၇၀ ခုနှစ်၊ စာ- ၁၀၂။**

၄။ **ဦးထွန်းအောင်သာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၉ (ရုံးချုပ်) စာ- ၅၈။**

၅။ **ဦးထွန်းအောင်သာနှင့် နိုင်ငံတော်၊ ၁၉၆၈ (ရုံးချုပ်) စာ- ၁၀။**

၆။ **ဗိုလ်ကြီးအောင်ဝင်းနှင့် နိုင်ငံတော်၊ ၁၉၆၉ (အထူး) စာ- ၂၉၂။**

၇။ **၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (က)။**

## ကိုရံတောင်ကျေးရွာ၌ ရတနာတိုးစပါးမျိုး ဧက ၁၀၀ မျိုးသန့်ထုတ် စိုက်ပျိုး



**မြို့သစ် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သမဝါယမ၊ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ လယ်စီစာရင်းအင်း ကျေးလက်ဦးစီးဌာနတို့ ပေါင်းစပ်၍ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နဘဲကုန်းအုပ်စုကိုရံတောင်ကျေးရွာ အဆင့်မြင့်လယ်မြေ ဧက ၁၀၀ ဖော်ထုတ်စိုက်ကွင်းတွင် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးရတနာတိုးမျိုးသန့်ထုတ် ဧက ၁၀၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စိုက်ခင်းကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းသုံးမြေသြဇာနှင့် မြေဆွေးအချိုးကျရောစပ်၍ သမဝါယမအသင်းသားများ စုပေါင်းကြဲပက်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာန မကွေးခရိုင်ဦးစီးမှူးနှင့်အတူ မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအဖွဲ့မှ လုပ်ငန်းမှတ်တမ်းတင်အဖွဲ့များ၊ စပါးစိုက်တောင်သူများက ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ်)**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့်အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၆-၄-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၇-၅-၂၀၁၈ ရက်နေ့ ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့်ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆ နှင့် website ဖြစ်သော www.tvetmyanmar.Org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ စက်ဆီ/ချောဆီ(၁၃)မျိုးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၁-၅-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၅း၀၀ နာရီ
ပစ္စည်းဖြည့်တင်းရေးဌာန၊
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး
လုပ်ငန်း၊ ရုံးအမှတ်(၂၇)၊
နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန www.moee.gov.mm တွင် Download ဆွဲယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်တျာသင်တန်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၇-၄-၂၀၁၈ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာများ**

၁။ အနုပညာဦးစီးဌာနစီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၃၅)၊ နေပြည်တော် — ဖုန်း-၀၆၇-၄၀၈၀၃၇
၂။ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ၊ ရုံးအမှတ် (၃၅)၊ နေပြည်တော် — ဖုန်း-၀၆၇-၄၀၈၄၄၃
၃။ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့ — ဖုန်း-၀၁-၅၅၅၆၄၂၊ ဖုန်း-၀၁-၅၅၄၆၉၅
၄။ အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀×၂၂လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့ — ဖုန်း-၀၂-၆၁၁၆၉

## ပြည်နယ်ပညာရေးမှူးရုံး
## ရှမ်းပြည်နယ်
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ရှမ်းပြည်နယ်အတွင်းရှိ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ထောက်ပံ့ပေးရန်အတွက် လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်) စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လေ့ကျင့်ခန်းစာအုပ်အရည်အသွေး
(က) စာအုပ်အရွယ်အစား - ၆.၂၅ × ၈.၂၅ လက်မ
(ခ) လိုင်းအရေအတွက် - ၂၂ လိုင်း
(ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex board (colour)
(ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1k woodfree
(င) - ရှေ့ဖုံးအပြင်ဘက်တွင် **နိုင်ငံတော်မှအခမဲ့ထောက်ပံ့ပေးသည်** စာသားထည့်ရန်။
- ရှေ့ဖုံးအတွင်းဘက်တွင် သဘာဝဘေးအန္တရာယ် အသိပညာပေးလမ်းညွှန် (၆)မျိုး၊
- စာအုပ်နောက်ကျောဖုံးပြင်ဘက်တွင် မြန်မာ့ရိုးရာလူမှုရေးကျင့်ဝတ် (သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ်)နှင့် TIME TABLE ဇယားကွက်
- စာအုပ်နောက်ကျောဖုံးအတွင်းဘက်တွင် အမြှောက်အလီပေါင်း ၁မှ ၁၂ အထိ

၃။ အိတ်ဖွင့်တင်ဒါများအား ၁၀-၄-၂၀၁၈ရက်မှ ၂၄-၄-၂၀၁၈ရက် ၁၆း၀၀နာရီအထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့လူမှုရေးဝန်ကြီးရုံးခန်းသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

၄။ တင်ဒါလျှောက်ထားရာတွင် ဗလာစာအုပ်နမူနာ(၂)ဒါဇင် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးအရောက် ပေးပို့နိုင်မည့်ရက်နှင့် ဈေးနှုန်းတို့ကိုဖော်ပြရမည်။

၅။ တင်ဒါလျှောက်လွှာပုံစံများကို ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့တွင် ၁၀-၄-၂၀၁၈ရက်မှစ၍အခမဲ့ထုတ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဤရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၈၁-၂၁၂၁၀၂၁၊ ၀၈၁-၂၀၆၈၅၁ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/7791, Toyota Probox NCP 51, S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၂/ရကန(နိုင်)၀၄၆၃၇၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော ၂၀၁၈ခုနှစ် ဧပြီ ၁၃ ရက်မှ ၂၀၁၈ခုနှစ် ဧပြီ ၁၇ ရက်အထိ ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## Royal One Entertainment
## လုပ်ငန်းခွဲ့ထွင်ရန် အလုပ်ခေါ်စာ

(1) Finance Manager [ LCCI Level (3), Computer ကျွမ်းကျင် လုပ်သက် (၂-နှစ်) အထက် ]
(တရုတ်စကား ရေး/ပြော ကျွမ်းကျင်သူ ဖြစ်ရမည်။)
(2) Senior Accountant [ LCCI Level (3), Computer ကျွမ်းကျင် လုပ်သက် (၂-နှစ်) အထက်]
(3) In Checked [ LCCI Level(2),Computer Excel ကျွမ်းကျင်ရမည်။]
(4) HR-Admi Staff (Computer Excel, Word ကျွမ်းကျင်ရမည်။)
(တရုတ်စကား ရေး/ပြော ကျွမ်းကျင်သူဖြစ်ရမည်။)
(5) Reception Phone-Call (တရုတ်စကားပြောကျွမ်းကျင်သူဖြစ်ရမည်။) အသက် (၂၀-၂၅)
(6) Driver (တရုတ်စကားပြောကျွမ်းကျင်၊ ယာဉ်မောင်းလိုင်စင်ရှိရမည်၊ မန္တလေးမြို့တွင်း ကျွမ်းကျင်သူဖြစ်ရမည်။)
ရာထူးနှင့်လုပ်သက်အလိုက် (လစာ သုံးသိန်းမှ ခြောက်သိန်းအထိရှိပြီး လစဉ် Bonus ခံစားခွင့်ရှိမည်။) (စရိတ်ငြိမ်း)
CV Form ဖြင့် ညနေ ၃း၀၀ နာရီမှ ၅း၀၀ နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

**Royal One Entertainment 37 x 38 ကြား၊ ပြင်ဦးလွင်ပတ်လမ်း**
**ဖုန်း-၀၉-၂၀၃၀၅၇၃၊ ၀၉-၉၇၇၇၁၁၁၄၊ ၀၉-၂၅၉၆၂၅၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြရွှေဝါလမ်း၊ မြေကွက်အမှတ်(ဒ-၆၂၂၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက နှင့် (ဒ-၆၂၂၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ပု (ဘ)ဦးချမ်းသာ အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်အား ဒေါ်စန်းစန်းညွန့် (ဘ) ဦးညွန့်မောင် ၅/ကလတ(နိုင်)၀၀၇၁၁၆ မှ မြေပေးမိန့်(ပါမစ်)မူရင်း မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ငူခရိုင်တရားရုံး
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၅

ဒေါ်အောင်သန်းတင် **နှင့်** ၁။ ဦးဉာဏ်ဝင်းထွန်း
၂။ ဦးထွန်းကြွယ်
၃။ ဒေါ်တင်မေရီ

**တရားလို** **တရားပြိုင်များ**

တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ မင်းကြီးညို၊ လမ်းမတော်လမ်းနေ ဦးဉာဏ်ဝင်းထွန်း(ဘ)ဦးထွန်းကြွယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်အောင်သန်းတင်က ငွေကျပ်သိန်း ၃၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဧပြီ ၂၃ ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ငူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေငှားဂရန်အသစ်ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားသော မြေကွက်များသည် မြို့မြေအတွင်းကျရောက်ပြီး မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၌ စာချုပ်အမှတ်များဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသော စာချုပ် (မိတ္တူ/မူရင်း) များတင်ပြကာလျှောက်ထားမှုအပေါ် မည်သည့်အတွက်ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား အထက်မြန်မာပြည်နှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

| စဉ် | အမည် | ကွင်း/အကွက် အမှတ် | ဦးပိုင် | ဧရိယာ | ဂရန် အမျိုးအစား | ရပ်ကွက် | စာချုပ် အမှတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးရွာလ်လျန်း-ဒေါ်ကိပ်ကြွ | ၄/ဈေးလယ်ရပ် | ၁၃၅-က | ၀.၁၀၇ | အသစ် | တာဟန်း | ၀၁၀/၂၀၁၈ |
| ၂ | ဒေါ်မိုင်ပါရ်ကြွယ် | ၇/တာဟန်းအရှေ့ | ၁၀၆ | ၀.၁၄၃ | အသစ် | စမ်းမြို့ | ၀၀၉/၂၀၁၈ |
| ၃ | ဦးရွှေလွယ် | ၂၀/စမ်းမြို့ | ၁၆၆/၁၉၂ | ၀.၁၄၃ | အသစ် | စမ်းမြို့ | ၀၁၅/၂၀၁၈ |

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ ခုနှစ် ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အထိ မဟာသင်္ကြန်ရက်များသည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(၇)ဖွဲ့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | တန် |
|---|---|---|
| (က) | ၈၀/၁၀၀ ကတ္တရာ | ၃၀၅.၄၇၉ |
| (ခ) | Country of Origin | Iran |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၃-၄-၂၀၁၈ ရက် တနင်္လာနေ့
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၃၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၉-၄-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၀၀၀၇၆၊ ၀၅၂-၂၂၀၀၀၉၃**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## တနင်္သာရီတိုင်းဒေသကြီး
## ကော့သောင်းခရိုင်တရားရုံးတော်၌
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆ နှင့်ဆက်သွယ်သည့် ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၃

ဦးအောင်မော် **နှင့်** ဒေါ်အေးအေးလင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ရွှေပြည်သာရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်း၊ အမှတ်(၁၇၃)နေ (ဘ) ဦးဆန်းရွှေ၏သမီး ဒေါ်အေးအေးလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ကော့သောင်းခရိုင်တရားရုံး၏ ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးအောင်မော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက် (၁၃၈၀ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြသီဂီ)**
**ခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## အများသိစေရန် အသိပေးအကြောင်းကြားခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၄၂၇)၊ ဦးပိုင်အမှတ်(၇၇)၊ ကွင်းအမှတ်(၂)၊ အိမ်မြေကွက်၏ ထက်ဝက်အနောက်ဘက်ခြမ်းအား နေအိမ်ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်လဂရာလု SPM ၀၄၄၆၆၈ မှ ၂၇-၈-၂၀၁၄ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ Earth Mother အမျိုးသမီးလုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်ဘန်ထွယ် (ခ) ပုလဲထွန်း ၁/မကတ(နိုင်)၀၀၄၄၂၇ မှ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်း လက်ရှိထား ဝယ်ယူပိုင်ဆိုင်ခဲ့သော အိမ်ခြံမြေကွက်ဖြစ်ပါသည်။

အမည်ပေါက်ပိုင်ရှင် ဒေါ်လဂရာလုမှ ၎င်းနေအိမ်နှင့် သက်ဆိုင်သည့် နေအိမ်ဂရန်အပါ အထောက်အထား စာရွက်စာတမ်းများအား ဒေါ်ဘန်ထွယ်(ခ)ပုလဲထွန်း ထံသို့ ပေးအပ်ခဲ့ပါသည်။

သို့ရာတွင် ၁-၃-၂၀၁၅ရက်တွင် ဒေါ်ဘန်ထွယ်(ခ)ပုလဲထွန်း ဝယ်ယူပိုင်ဆိုင်ထားသော ၎င်းနေအိမ်မြေကွက်နှင့်သက်ဆိုင်သည့် ဂရန်အပါအထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဘန်ထွယ် (ခ) ပုလဲထွန်း မသိစေဘဲ ရောင်းချထားခြင်းပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်း၊ မေတ္တာဖြင့်ပေးကမ်းထားခြင်း ပြုလုပ်ဆောင်ရွက်ထားပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဒေါ်ဘန်ထွယ်(ခ)ပုလဲထွန်း အမှတ်(၁၀၃)၊ ယုဇနရပ်ကွက်၊ လက်ဝယ်သို့ ၎င်းနေအိမ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ အမြန်ဆုံးလာရောက်ပေးအပ်ပါရန်နှင့် အကယ်၍ ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဘောမ်မျှော် (LL.B)**
**အထက်တန်းရှေ့နေ (၄၂၈၄၅)**
**(၂၈၈) ဒူကထောင်၊ မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/7701 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7311 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၅၆၀)မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးနောင်နောင်(ကိုယ်စား) ဦးအောင်မင်း (ဘ) ဦးသာကြွယ် ၉/ပမန(နိုင်)၁၀၉၆၇၇ မှ မြေချစလစ်မူရင်း၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၄၇၆/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်းအသိသက်သေ(၃)ဦးနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် တောင်သူများကို လယ်ယာမြေနစ်နာမှု ထောက်ပံ့ကြေး ပေးအပ်**

စာ » ၁၁

**ဂျပန်နိုင်ငံတွင် အင်အားပြင်း ငလျင် ကြောင့် အဆောက် အအုံများ ပြိုကျ**

စာ» ၁၄

# ရန်ကုန်လမ်းလျှောက်သင်္ကြန် နေရာသုံးခု၌ကျင်းပရန် ပြင်ဆင်



**ရန်ကုန် ဧပြီ ၉**

ယခုနှစ်သင်္ကြန်ကို ထူးထူးခြားခြား အစီအစဉ်တစ်ရပ်အနေဖြင့် ရန်ကုန်မြို့၌ လမ်းလျှောက်သင်္ကြန်ကို နေရာသုံးခုတွင် စည်စည်ကားကား ကျင်းပသွားရန် ပြင်ဆင်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာနှင့် လမ်းတံတားဌာနမှ သိရသည်။

၁၃၇၉ ခုနှစ်မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုနှင့် အညီ ကျင်းပသွားရန်အတွက် အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ် ရန်ကုန်သင်္ကြန်ရဲ့ ထူးခြားမှုကတော့ လမ်းလျှောက်သင်္ကြန်ပဲ ဖြစ်ပါတယ်၊ လမ်းလျှောက်သင်္ကြန်ရဲ့ သဘောကတော့ ရေကစားတဲ့သူတွေအနေနဲ့ လမ်းလျှောက်ပြီးရေပက်ခံကစားကြခြင်းဖြစ်ပါတယ်၊ လမ်းလျှောက်သင်္ကြန်

*စာမျက်နှာ ၅ ကော်လံ ၃* ✱



# မကျင်းပမီကပင် စည်ကားနေသည့် ချင်းတွင်းသင်္ကြန်

**မုံရွာ ဧပြီ ၉**

မကြာမီကျင်းပတော့မည့် ချင်းတွင်းသင်္ကြန်အတွက် ကြိုတင်ပြင်ဆင်နေသည်များကို ဒေသခံများမှ စိတ်ဝင်စားစွာ လာရောက်ကာ လေ့လာနေကြ၍ ချင်းတွင်းသင်္ကြန်ကျင်းပမည့် သဲသောင်ပြင်အနီးနားတစ်ဝိုက်တွင် မကျင်းပမီကပင် အခုရက်ပိုင်းများက စည်ကားနေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ချင်းတွင်းသင်္ကြန်အတွက် ကြိုတင်ပြင်ဆင်မှုများအနေနှင့် သဲပန်းပုများထုလုပ်ခြင်း၊လာရောက်သူများအရိပ်ရစေရန်ဝါးနည်းပညာကိုအသုံးပြုပြီးအမိုးအကာများ တည်ဆောက်ခြင်း၊ ပြခန်းများတည်ဆောက်ခြင်း၊ *စာမျက်နှာ ၅ ကော်လံ ၁* ❐

# မြန်မာကလပ်အသင်းများ၏ AFC Cup ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲများ ဧပြီ ၁၁ ရက် ကျင်းပမည်

**ရန်ကုန် ဧပြီ ၉**

မြန်မာကလပ်အသင်းများ ဝင်ရောက် ယှဉ်ပြိုင်နေသည့် ၂၀၁၈ AFC Cup ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲများကို ဧပြီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းအတွက် အရေးပါလျက်ရှိသည်။ အုပ်စုပွဲစဉ် (၅) အဖြစ် ဧပြီ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် စင်ကာပူနိုင်ငံ၌ ဟုမ်းယူနိုက်တက် (စင်ကာပူ) နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုလက်ကျန်နှစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း ယခုပွဲပြီးပါက နောက်တစ်ဆင့်တက်ရောက်နိုင်မည့်အသင်းနှင့် အုပ်စုအဆင့်မှ စောစီးစွာ ထွက်ရမည့်အသင်းများ ထွက်ပေါ်လာနိုင်ပြီး ရန်ကုန်အသင်းက အုပ်စုပထမဖြင့် အာဆီယံဇုန်ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက်လည်းကောင်း၊ ရှမ်းယူနိုက်တက်အသင်းက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် အုပ်စု (G) တွင် ပါဝင်နေပြီး လေးပွဲစီကစားအပြီးတွင် ကိုးမှတ်ဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိသည်။ ယင်းအုပ်စုတွင် ဘာလီယူနိုက်တက် (အင်ဒိုနီးရှား) အသင်းက ငါးမှတ်၊ထန်ဟွာ (ဗီယက်နမ်)နှင့် ဂလိုဘယ် (ဖိလစ်ပိုင်) အသင်းတို့က လေးမှတ်စီရထားသည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယရ တစ်သင်းမှာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်အသင်းအနေဖြင့် ယခုပွဲအနိုင်ရပါက လက်ကျန်တစ်ပွဲအလိုတွင် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့စောစီးစွာ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး သရေကျလျှင်မူ ထန်ဟွာနှင့် ဂလိုဘယ်အသင်း အသင်းသရေကျပါက ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၃* ✪


## ကျောက်ကပ်သွေးသန့်စင်ဌာန (HAEMODIALYSIS CENTER)

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA
INTERNATIONAL HOSPITAL

ဂရန်း(ဒ်)ဟံသာ ကျောက်ကပ်သွေးသန့်စင်ဌာနတွင်





နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော ကျောက်ကပ်သွေးသန့်စင်စက်များ၊ *Double RO (Reverse Osmosis) System* နှင့် အာရှပစိဖိတ်ဒေသတွင် *CDS (Concentrate Delivery System)* ကို ပထမဆုံး တပ်ဆင်ထားသော *Grand Hantha Haemodialysis Center* ကို စတင် ဖွင့်လှစ်နေပါပြီ။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ ဧပြီ ၁၀၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## မူလတန်းပညာရေးဟာ ပညာရေးစနစ်တစ်ခုလုံးရဲ့ အရေးကြီးဆုံး အခြေခံအုတ်မြစ် . . . .



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး

### ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အင်တာဗျူး

■ တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး

**ပညာရေးဝန်ကြီးဌာန** သည် ပြည်သူ့အတွက် အဓိကတာဝန်ဖြစ်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ပေးနေသည့် ဝန်ကြီးဌာန ဖြစ်ပါသည်။ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ကာ အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးကိုပြင်ဆင်သည့် ဥပဒေနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁တွင် ပါရှိသည့်လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ကဏ္ဍကိုးရပ် သတ်မှတ်ဖော်ထုတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဦးစားပေးလုပ်ငန်းများအနေဖြင့် ၁၂ ရပ် ချမှတ်ကာ ကြိုးပမ်းပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိရာ ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ ၁ နှစ်တာအတွင်း ဆောင်ရွက်ချက်များအား သိရှိနိုင်စေရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ။ ပညာရေးဝန်ကြီးဌာနရဲ့ရည်ရွယ်ချက်တွေနဲ့ မူဝါဒအပိုင်းကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေး ဥပဒေနဲ့အညီ ပြည်ထောင်စု လွှတ်တော်ရဲ့ အတည်ပြုချက်အရ အဖွဲ့ဝင် ၂၀ ဦးပါဝင်တဲ့ အမျိုးသားပညာရေး မူဝါဒကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ လည်းကောင်း၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီကို နိုဝင်ဘာလ ၉ ရက်နေ့မှာ လည်းကောင်း၊ အမျိုးသားအဆင့် အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်းဖွဲ့စည်းပြီး အမျိုးသားပညာရေး ကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းနေအရွယ်အားလုံး ပညာရေး အဆင့်တိုင်းမှာ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေး မူဝါဒတွေနဲ့ လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်သူများ၊ တီထွင်ဆန်းသစ် ဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်လာစေရေး အတွက် ပြုစုပျိုးထောင် သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိပါတယ်။

**မေး။ ။ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေအရ မူလတန်းပညာရေးမှာ ဘယ်လိုပုံစံတွေနဲ့ ပြုပြင်ပြောင်းလဲခဲ့ပြီး အခြေခံပညာကဏ္ဍမှာရော ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးခဲ့ပါသလဲရှင့်။**

ဖြေ။ ။ ပညာရေးပြုပြင်ပြောင်းလဲမှုများအရ KG+12 ပညာရေးစနစ်ကို မူလတန်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆-၁၇ ပညာသင်နှစ်မှစတင်လို့ အသက် ငါးနှစ်ပြည့်ပြီး ကလေးများကို KG သူငယ်တန်းသို့ တက်ရောက်စေခဲ့ပြီး အသက်ခြောက်နှစ်ပြည့်ပြီးသော ကလေးများကို Grade-1 တက်ရောက်စေခဲ့ပါတယ်။ သင်ရိုးညွှန်းတမ်းအသစ်၊ ပြဋ္ဌာန်းစာအုပ်အသစ်၊ ဆရာလမ်းညွှန်စာအုပ်အသစ်တွေနဲ့ စတင်သင်ကြားပေးခဲ့ခြင်းဖြစ်ပါတယ်။

အခြေခံပညာကဏ္ဍမှာ ကျောင်းနေအရွယ်ကလေးများ သင်ယူမှုအခွင့်အလမ်းတွေ ပိုမိုရရှိစေနိုင်ရန်ရည်ရွယ်ပြီး ကျောင်းအဆင့်တိုးမြှင့်သတ်မှတ်ရာမှာလည်း ယခင်က ကျောင်းသားဦးရေ တစ်ခုတည်းအပေါ်မှာသာ သတ်မှတ်ခဲ့ပေမယ့် ယခုအခါ ခရီးအကွာအဝေး အခြေအနေကိုပါ ထည့်သွင်းသတ်မှတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆-၁၇ ပညာသင်နှစ်အတွက် ကျောင်းပေါင်း ၃၃၂၀ နဲ့ ၂၀၁၇-၁၈ ပညာသင်နှစ်အတွက် ကျောင်းပေါင်း ၅၁၀၀၊ နှစ်နှစ်တာအတွင်း ကျောင်းပေါင်း ၈၄၂၀ ကို ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံးကို အခမဲ့မသင်မနေရ မူလတန်းပညာရေးဖြင့် ကျောင်းသုံးဖတ်စာအုပ် တစ်စုံစီခန့်ကို အခမဲ့ထောက်ပံ့ပေးခြင်း၊ ငွေကြေးကောက်ခံခြင်း လုံးဝမပြုဘဲ ဗလာစာအုပ်ခြောက်အုပ်စီနဲ့ ကျောင်းဝတ်စုံ တစ်စုံစီကို အခမဲ့ပံ့ပိုးပေးခြင်းတွေကိုလည်း ပြုလုပ်ပေးခဲ့ပါတယ်။ မူလတန်းပညာရေး သင်ယူတတ်မြောက်ပြီး အလယ်တန်းနဲ့ အထက်တန်းအထိ သင်ယူပြီးမြောက်စေဖို့အတွက် ကျောင်းသုံးဖတ်စာအုပ်တစ်စုံစီ အခမဲ့ထောက်ပံ့ခြင်း၊ ငွေကြေးကောက်ခံခြင်း လုံးဝမပြုဘဲ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံလာရေးအတွက် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

"ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်းမှာ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူ မရှိစေရေးမူဝါဒတွေနဲ့ လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သူများ၊ တီထွင်ဆန်းသစ် ဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင် သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိပါတယ်"

*အချပ်ပို(ခ)သို့*






ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် National ICT Awards 2017 (Educational Project & Skills Competition)ဆုချီးမြှင့်ပွဲနှင့် အမျိုးသားအဆင့် ပြိုင်ပွဲဝင်ပရောဂျက်များ ခင်းကျင်းပြသပွဲတွင် အမှာစကားပြောကြားစဉ်။

*အချပ်ပို(က) မှ*

**မေး ။ ။ လူတိုင်းအကျုံးဝင် ပညာရေးအနေနဲ့ရော ပညာရေးဝန်ကြီးဌာနကနေ ဘယ်လို ဆောင်ရွက်မှုတွေနဲ့ လူတိုင်းပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသလဲ။**

ဖြေ ။ ။ လူတိုင်းအကျုံးဝင်ပညာရေးအနေနဲ့ အမြင်အာရုံချို့ယွင်း၊ အကြားအာရုံချို့ယွင်းသော ကျောင်းသား ကျောင်းသူတွေကို ယူနီဆက်ဖ်၊ ကူဘိုတာကုမ္ပဏီနဲ့ ပူးပေါင်းပြီး ဗလာစာအုပ်၊ ကျောပိုးအိတ်စတဲ့ အခြားလိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပညာသင်ယူဖို့ အခက်အခဲရှိတဲ့သူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့တဲ့ လုပ်ငန်းအပြင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဝေးလံဒေသမှာရှိတဲ့ ကျောင်းသား ကျောင်းသူများ၊ အမြင်အာရုံချို့ယွင်း၊ အကြားအာရုံချို့ယွင်းသော ကျောင်းသား ကျောင်းသူများကို ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် ကလေးငယ်များအနေနဲ့ စာသင်ကျောင်းများသို့ ပိုမိုတက်ရောက်လာခဲ့ပါတယ်။

အခြေခံပညာ ကျောင်းတွေကိုလည်း ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ထောက်ပံ့ပေးခြင်း၊ သဘာဝဘေးသင့် စာသင်ကျောင်းဆောင်များ၊ အန္တရာယ်ရှိနိုင်တဲ့ ကျောင်းဆောင်များ၊ ဥပဓိရုပ်မကောင်းတဲ့ ကျောင်းဆောင်များနဲ့ စာသင်ခန်းဆံ့အား မမျှတတဲ့ စာသင်ကျောင်းဆောင်များကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စာကြည့်တိုက်များ ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ အခြေခံပညာသင်ရိုးညွှန်းတမ်းတွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မှုတွေကို သိချင်ပါတယ်။**

ဖြေ ။ ။ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းဖြစ်တဲ့ အခြေခံပညာ သင်ရိုးညွှန်းတမ်းများ မြှင့်တင်ပေးနိုင်ရေးအတွက် မူလတန်း သင်ရိုးညွှန်းတမ်းများကို JICA နဲ့ ပူးပေါင်းပြီး ပြုပြင်ရေးဆွဲ ပြင်ဆင်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ KG သင်ရိုးသစ်နဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ Grade 1 သင်ရိုးသစ်တွေကို စတင်သင်ကြားနိုင်ဖို့ သင်ရိုးမွမ်းမံသင်တန်းများ ဖွင့်လှစ်ထားခဲ့ပြီး ဆရာ၊ ဆရာမတွေကို ပို့ချပေးခဲ့တဲ့အပြင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလမ်းညွှန် စာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။




(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ၂၀၁၈ နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ်ခေါင်းဆောင်များအစည်းအဝေးကို ၂၀-၃-၂၀၁၈ ရက်က နေပြည်တော်၌ ကျင်းပစဉ်။

## ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းဖြစ်တဲ့ အခြေခံပညာ သင်ရိုးညွှန်းတမ်းများ မြှင့်တင်ပေးနိုင်ရေးအတွက် မူလတန်း သင်ရိုးညွှန်းတမ်းများကို JICA နဲ့ ပူးပေါင်းပြီး ပြုပြင်ရေးဆွဲ ပြင်ဆင်လျက်ရှိ

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ Grade 2 သင်ရိုးအသစ်နဲ့ သင်ကြားပေးနိုင်ရေးအတွက် ၂၀၁၈ နွေရာသီကျောင်းပိတ်ရက်တွေမှာ မွမ်းမံသင်တန်းတွေကို ဆရာ ဆရာမတွေအတွက် ဖွင့်လှစ်သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်းမှာ Grade 3 နဲ့ Grade 6 အတန်းတွေကို သင်ရိုးသစ်ဖြင့် သင်ကြား ပေးနိုင်ဖို့အတွက်လည်း သင်ရိုးသစ်ပြုစုရိုက်နှိပ်ဖြန့်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနကနေ လုပ်ဆောင်ပေးခဲ့တဲ့ ကဏ္ဍတွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ ကျောင်းသား ဆရာအချိုး မျှတရေးအတွက် လိုအပ်လျက်ရှိတဲ့ ဆရာ၊ ဆရာမတွေ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းဆင်း ဆရာများစွာနဲ့ ပညာရေးတက္ကသိုလ်ဆင်း ဆရာ ဆရာမတွေ ခန့်အပ်ပေးထားပါတယ်။

စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းများ ထိရောက်မှုရှိစေဖို့အတွက် မူလတန်း Grade 5 နဲ့ အလယ်တန်း Grade 9 အဆင့် စာမေးပွဲများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနဲ့ စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း နှစ်စဉ် ကျင်းပပေးနိုင်ခဲ့ပါတယ်။


အကြောင်းအမျိုးမျိုးကြောင့် စာဖြေရန်အတွက် အခက်အခဲရှိနေသူတွေ၊ အမြင်အာရုံချို့ယွင်း၊ အကြားအာရုံချို့ယွင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူတွေကို အဆင်ပြေစွာ ဖြေဆိုနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ စာစစ်ဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့လို့ စာမေးပွဲဖြေဆိုနိုင်ရေး အခွင့်အလမ်းတွေ ပိုမိုများပြားလာတဲ့အတွက် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူ ၇ ဒသမ ၁၄ သိန်းဖြေဆိုခဲ့ရာကနေ ၂၀၁၈ ခုနှစ်မှာ ၈ ဒသမ ၄ သိန်းဝင်ရောက်ဖြေဆိုခဲ့တဲ့အတွက် ယမန်နှစ်ကနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ၁ ဒသမ ၂၆ သိန်းကျော် ပိုမိုတိုးတက်ဖြေဆိုလာတယ်လို့ ပြောနိုင်ပါတယ်။ စစ်ဆေးအကဲဖြတ်မှု အားကောင်းလာစေရေးအတွက် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကျင်းပရာမှာ သင်ရိုးပြောင်းလဲမှုမရှိဘဲ အလွတ်ကျက်မှတ်မှုကို အားပေးတဲ့ မေးခွန်းပုံစံများအစား စဉ်းစားတွေးခေါ်မှုကို အားပေးတဲ့ မေးခွန်းပုံစံသို့ ပြောင်းလဲ စစ်ဆေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ တိုင်းရင်းသားဘာသာစကား သင်ကြားပို့ချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားတဲ့အပိုင်းကိုလည်း ပြောကြားပေးပါဦးရှင့်။**

ဖြေ ။ ။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရဲ့ အချက်တစ်ချက်ဖြစ်တဲ့ တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူပို့ချနိုင်ရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ စီစဉ်ကြီးကြပ်မှုနဲ့ တိုင်းရင်းသားဘာသာစကား၊ စာပေနဲ့ ယဉ်ကျေးမှုအဖွဲ့များက ပြုစုထားတဲ့ တိုင်းရင်းသားဘာသာ စာအုပ် ၄၉ မျိုးကို အခြေခံပညာ ဦးစီးဌာနကနေ အခမဲ့ပုံနှိပ်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခြေခံကျောင်းများမှာလည်း သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အခြေခံကျောင်းတွေမှာ တိုင်းရင်းသားဘာသာစကားကို အခြေခံပညာ မူလတန်းအောက်ဆင့်အတွင်း သင်ကြား သင်ယူမှုလုပ်ငန်းများ အထောက်အကူပြုနိုင်ဖို့အတွက် အနည်းဆုံး Grade 10 တက်ရောက်ခဲ့ပြီးသော ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူ ၅၁၆၀ ကို Teaching Assistant အဖြစ် ၂၀၁၇ ဒီဇင်ဘာလအတွင်းမှာ ခန့်အပ်ပေးထားနိုင်ခဲ့ပါတယ်။

*အချပ်ပို(ဂ) သို့*






# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ) မှ*

**မေး။ ။ပညာရေးအရည်အသွေး မြင့်မားရေးအတွက် ဆရာ ဆရာမတွေရဲ့အခန်းကဏ္ဍကိုရော ဘယ်လိုပုံစံနဲ့မြှင့်တင်ပေးနေပါသလဲရှင့်။**

ဖြေ။ ။အခြေခံပညာ အရည်အသွေး မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ် နေပြည်တော်၌ ကျင်းပပေးခဲ့ပါတယ်။

ပညာရေးအရည်အသွေး မြင့်မားလာစေဖို့မှာ ဆရာ ဆရာမတွေရဲ့ အရည်အသွေးအပေါ်မှာ အများကြီး မူတည်ပါတယ်။ ဒါပေမယ့် ပညာရေးအရည်အသွေး ပိုမိုကောင်းမွန်လာဖို့ ကြုံတွေ့ရတဲ့ အဓိကစိန်ခေါ်မှုကတော့ မူလတန်းပညာရေးဟာ ပညာရေးစနစ်တစ်ခုလုံးရဲ့ အရေးကြီးဆုံး အခြေခံအုတ်မြစ်ဖြစ်ပေမယ့် ရာထူးတိုးမြှင့်တဲ့စနစ်အားနည်းမှုတွေကြောင့် မူလတန်းပြ ဆရာ ဆရာမအများစုဟာ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမတွေအဖြစ် ရာထူးတိုးတိုးသွားကြတဲ့အတွက် မူလတန်းအဆင့်မှာ အရည်အသွေး၊ အတွေ့အကြုံနဲ့ အရည်အချင်းရှိတဲ့ ဆရာ ဆရာမတွေ လျော့နည်းမသွားစေရေးအတွက် မူလတန်းအဆင့်အတွင်းမှာပင် ရာထူးတိုးမြှင့်ပေးရေး၊ အလယ်တန်းပြနဲ့ အထက်တန်းပြ ဆရာ ဆရာမတွေရဲ့သင်ယူခဲ့တဲ့ ဘာသာရပ်နဲ့ သင်ကြားသင်ယူပေးရတဲ့ ဘာသာရပ်ကိုက်ညီစေရေး၊ နှစ်နှစ်သင်ပညာရေးကောလိပ်အားလုံးကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်တွေအဖြစ် အဆင့်တိုးမြှင့်ပေးရေးတွေကို ဦးစားပေးဆောင်ရွက်သွားဖို့ ရည်ရွယ်ဆောင်ရွက်နေပြီး ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ပညာရေးအဆင့်အသီးသီးမှ အရည်အသွေးမြင့်မားပြီး ကျွမ်းကျင်တဲ့ ဆရာ ဆရာမများ ပိုမိုထွက်ပေါ်လာမယ်၊ ကလေးတွေရဲ့ ပညာရေးအရည်အသွေး ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်။

**မေး။ ။ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေးဦးစီးဌာနကနေရော ကျောင်းဆက်မတက်ရောက်နိုင်တဲ့သူတွေအတွက် ဆောင်ရွက်မှုတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်နိုင်ခြင်း မရှိသူများ၊ ပညာမပြီးဆုံးမီ ကျောင်းထွက်သွားရသူများကို ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းတို့အတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအသစ်ကို ၂၀၁၆ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထားခဲ့ပြီး ကျောင်းပြင်ပ မူလတန်းပညာရေးကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မြို့နယ် ၈၁ မြို့နယ်မှာလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးကို စမ်းသပ်မြို့နယ် တစ်မြို့နယ်မှာလည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့တဲ့အတွက် ကျောင်းသားကျောင်းသူပေါင်း ၆၈၄၅ ဦး ပညာသင်ယူခွင့် ရရှိခဲ့ပါတယ်။




**ညောင်ဦးမြို့နယ် သဲပြင်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ၁၁-၃-၂၀၁၈ ရက်က ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ Shwe Taung Group မှ ဦးအိုက်ထွန်းနှင့် နိုင်ငံခြားသံတမန်များက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

သက်ကြီးစာတတ်မြောက်နှုန်း မြင့်မားလာစေရန် ရည်ရွယ်ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်လည်း စုစုပေါင်း ၃၇၃၈၆ ဦး စာတတ်မြောက်ခဲ့ပြီဖြစ်ပါတယ်။

**မေး။ ။ပညာရေးဝန်ကြီးဌာနအနေနဲ့ နည်းပညာနဲ့ သက်မွေးပညာရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်နေတဲ့အပိုင်းကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။နည်းပညာနဲ့ သက်မွေးပညာရေးဆိုတာ နိုင်ငံသားများရဲ့လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် ပထမတန်းစား နည်းပညာနဲ့ သက်မွေးပညာရေးစနစ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်ချက်အရ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှု သိပ္ပံများ၊ အစိုးရ နည်းပညာ အထက်တန်းကျောင်းများမှာ ဒေသလိုအပ်ချက်များနဲ့အညီ ကာလတိုသင်တန်းများ၊ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များ ဆည်းပူးလေ့ကျင့်ခွင့်ရရှိစေရန်၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်များနဲ့ ညောင်ရွှေသက်မွေးပညာ သင်တန်းကျောင်း (NVTI)၊ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်း (SMVTI) တို့ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျွမ်းကျင်မှု အခြေပြုကာလတို သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပြီး စုစုပေါင်း သင်တန်း ၁၄ မျိုး ပို့ချပေးနိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဇွန် ၁၃ ရက်နဲ့ ၁၄ ရက်တို့မှာလည်း ပညာရေးဝန်ကြီးဌာနကနေ အိမ်ရှင်အဖြစ် စတုတ္ထအကြိမ် ဒေသတွင်းနိုင်ငံတကာညီလာခံ ၂၀၁၇ ကို (Regional TVET Conference 2017) "အာဆီယံနိုင်ငံများအကြား နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရေး" ခေါင်းစဉ်နဲ့ ဦးဆောင်ကျင်းပခဲ့ပါတယ်။

ထို့ပြင် အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနဲ့ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးများကို ကျင်းပခဲ့ပြီး နှီးနှောဖလှယ်ပွဲတွေကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မကွေးနဲ့ လားရှိုးမြို့များမှာ ငါးကြိမ်အထိ ဆောင်ရွက်ခဲ့ပြီဖြစ်ပါတယ်။

**မေး။ ။အဆင့်မြင့်ပညာကဏ္ဍမှာရော ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုးမြှင့်ဆောင်ရွက်ချက်တွေကိုလည်း ပြောကြားပေးပါဦး။**

ဖြေ။ ။အဆင့်မြင့်ပညာကဏ္ဍမှာဆိုရင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်း ၁၇၆ ကျောင်းရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုလက်အောက်မှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်း ၁၃၄ ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူ ၈ ဒသမ ၃၅ သိန်းနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ၈ ဒသမ ၇၉ သိန်းအထိ တိုးတက်လာခဲ့ပါတယ်။

အစိုးရလက်ထက် နှစ်နှစ်တာကာလအတွင်းမှာ တောင်ကုတ်ဒီဂရီကောလိပ် အဆင့်တိုးမြှင့်ခြင်း၊ ဟားခါးကောလိပ်နဲ့ ဟားခါးပညာရေးကောလိပ် အသစ်ဖွင့်လှစ်ခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ဆရာ ဆရာမတွေရဲ့ ဆရာအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ဖို့အတွက် သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

အဆင့်မြင့်ပညာတိုးတက်ရေးအတွက် နေ့သင်တန်းကျောင်းသား ကျောင်းသူများအပြင် အဝေးသင်ပညာရေး သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိရာမှာ အဝေးသင်ပညာရေး အရည်အသွေးများ တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းနေပါတယ်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေရဲ့ အရည်အသွေးတိုးတက်မှုသည် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းတွေမှာ အဓိကဖြစ်ပါတယ်။ ဆရာ ဆရာမတွေက ပြည်တွင်း ပြည်ပမှာ သုတေသနစာတမ်းတွေ ရေးသားပြုစုဖတ်ကြားတာ၊ ဆရာ ဆရာမများရဲ့ ပညာရည်မြင့်မားလာရေးအတွက် အရည်အသွေးမြှင့်တင်ရေး ဆိုင်ရာလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွေ၊ သင်တန်းများ ဖွင့်လှစ်ပို့ချတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။


*အချပ်ပို(ဃ)သို့*

**"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်ချက်အရ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှု လက်မှု သိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှာ ဒေသလိုအပ်ချက်များနဲ့ အညီ ကာလတို သင်တန်းများ၊ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့"**

### အခြေခံပညာသင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်း (NESP) (နှစ်အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများ)

| ပညာသင်နှစ် | KG | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|---|
| ၂၀၁၅/၂၀၁၆ | X | X | X | X |
| ၂၀၁၆/၂၀၁၇ | X | X | X | X |
| ၂၀၁၇/၂၀၁၈ | | G1 X | X | X |
| ၂၀၁၈/၂၀၁၉ | | G2 X | X | X |
| ၂၀၁၉/၂၀၂၀ | | G3 X | G6 X | X |
| ၂၀၂၀/၂၀၂၁ | | G4 X | G7 X | G10 X |
| ၂၀၂၁/၂၀၂၂ | | G5 X | G8 X | G11 X |
| ၂၀၂၂/၂၀၂၃ | | | G9 X | G12 X |

### လက်ရှိဆောင်ရွက်နေသည့် သင်ရိုးများ ချိတ်ဆက် ဆောင်ရွက်မည့် အခြေအနေများ



*အချပ်ပို(ဂ) မှ*

**မေး။ ။ နှစ်နှစ်တာအတွင်းမှာ အဆင့်မြင့်ပညာလက်အောက် ကျောင်းတွေအနက်က ဆရာနဲ့ဆိုင်တဲ့ အသင်းအဖွဲ့တွေနဲ့ ကျောင်းသားနဲ့ဆိုင်တဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းပြီးစီးမှု အခြေအနေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၃၃ ကျောင်းအနက် ဆရာများအသင်းနဲ့ အဖွဲ့ချုပ်တို့ကို ကျောင်းပေါင်း ၅၃ ကျောင်းမှာ ဖွဲ့စည်းနိုင်ခဲ့ပြီး ကျောင်းသား သမဂ္ဂအနေနဲ့ ကျောင်းပေါင်း ၉၀ မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**မေး။ ။ ဆရာ၊ ဆရာမများနဲ့ ကျောင်းသားကျောင်းသူများအတွက် စာဖတ်မှုနဲ့ သင်ယူမှု အားကောင်းစေရေးအတွက် အစီအမံတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဆရာ၊ ဆရာမများနဲ့ ကျောင်းသားကျောင်းသူများ အားလုံးစာဖတ်မှု၊ သင်ယူမှုတို့ အားကောင်းစေရေးအတွက် စာကြည့်တိုက်များ ဖြည့်ဆည်းပေးရန်လိုအပ်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများ ပိုမိုဖွင့်လှစ် ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေမှာ စီမံခန့်ခွဲမှု သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ခြင်းများကြောင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး သင်ရိုးညွှန်းတမ်း မြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနဲ့ မွမ်းမံသင်တန်းများ၊ အင်္ဂလိပ်စာအရည်အသွေးမြင့်မားရေး သင်တန်းများ၊ အိုင်စီတီသင်တန်းများကို ဖွင့်လှစ်ပို့ချရန် လိုအပ်ခြင်းတွေအတွက် ဖြည့်ဆည်းဖွင့်လှစ်ပေးခဲ့ပါတယ်။

**မေး။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးအရည်အသွေး မြင့်မားတိုးတက်စေရေးအတွက် ရှေ့ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေအကြောင်းကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေး အရည်အသွေးမြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့အခါမှာ အဓိကစိန်ခေါ်မှုတွေကတော့ ပညာသင်ယူရန် အခက်အခဲရှိသောသူများ၊ လိုအပ်ချက်ရှိသောဒေသများကို ပိုမိုဖြည့်ဆည်းပံ့ပိုးပေးရေး၊ ကျောင်းနေမြဲရေးနဲ့ ကျောင်းထွက်နှုန်းမြင့်မားနေတာကို လျှော့ချရေး၊ ကျောင်းသားဦးရေ တိုးတက်လာတဲ့အတွက် စာသင်ခန်းလိုအပ်ချက်နဲ့ အခြေခံအဆောက်အအုံတွေကိုလည်း ဖြည့်ဆည်းပေးရေး၊ ကျောင်းသားနဲ့ ဆရာအချိုးမျှတရေး၊ ဆရာ၊ ဆရာမများရဲ့အရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်း မြှင့်တင်ရေး၊ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းဖြစ်စေရေး၊ အကဲဖြတ်စစ်ဆေးမှုနဲ့ စာမေးပွဲစနစ် ပြုပြင်ပြောင်းလဲရေး၊ အလွတ်ကျက်မှတ်မှုကို အားပေးတဲ့ ပညာရေးစနစ်မှသည် စဉ်းစားတွေးခေါ်မှုကို အားပေးတဲ့ ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲရေး၊ တိုင်းရင်းသားလူမျိုးများရဲ့စာပေ၊ သမိုင်းနဲ့ ယဉ်ကျေးမှုတွေကို မြှင့်တင်အားပေးရေး၊ Grade -1၊ Grade-2၊ Grade - 3 စတဲ့ အတန်းတွေကို ပြီးဆုံး သွားတဲ့အခါ ကျောင်းသား ကျောင်းသူအားလုံး စာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်ရေး၊ အသက်မှန်၊ အတန်းမှန်နဲ့ ပညာသင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ မူလတန်းပညာ သင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းပညာ၊ အထက်တန်းပညာ ဆက်လက်သင်ယူပြီးမြောက်ရေး၊ သက်မွေးဝမ်းကျောင်းသင်တန်းတက်ရောက်ပြီး ကျွမ်းကျင်သူများဖြစ်လာရေး ဒါမှမဟုတ် ဝါသနာ၊ ဆန္ဒနဲ့ အရည်အချင်းအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေဆီကို တက်ရောက်ပြီး သင်ကြားသင်ယူလေ့ကျင့်ပြီးတဲ့အခါ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေး၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ပြီး သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်းတွေကို အားပေးမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေကို ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ကြီးများအပါအဝင် တာဝန်ရှိသူများအားလုံးသည် မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရာမှာ ကျွမ်းကျင်မှု၊ မပြည့်စုံမှု၊ ပူးပေါင်းဆောင်ရွက်မှု အကန့်အသတ်ဘောင်များအတွင်းကနေ ဆောင်ရွက်ကြရသူများဖြစ်ခြင်းကြောင့် တန်ဖိုးထား လေးစားစေလိုပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာနဲ့သက်မွေးပညာရေးစတဲ့ ကဏ္ဍအသီးသီးခွဲကာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ စဉ်ဆက်မပြတ်ပညာရေးကို အားပေးသည့် ပညာရေးဖြစ်လာစေရန်အတွက် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူလူထု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ပူးပေါင်းဖြည့်ဆည်းကြပြီး ပညာရေးအရည်အသွေးမြင့်မားလာစေရန် အလေးထားကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပါတယ်ဆိုတာကို ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။ ။



ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။

**"အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ စဉ်ဆက်မပြတ်ပညာရေးကို အားပေးသည့် ပညာရေး ဖြစ်လာစေရန်အတွက် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူလူထု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ပူးပေါင်းဖြည့်ဆည်းကြပြီး ပညာရေးအရည်အသွေး မြင့်မားလာစေရန် အလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်"**



တောင်ကြီးခရိုင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ကြားနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစဉ်။



လူတိုင်းအကျုံးဝင်ပညာရေးအနေဖြင့် အကြားအာရုံချို့ယွင်းသော ကျောင်းသားကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးစဉ်။